


ရှာလုမ်

ဖ ဋ ဓ ဋ : ၂၀၀၇ / ၂၀၀၉

# SHALOM

Where there is no vision, the people break loose.
Proverbs 29:18

# ကျေးဇူးတင်ပါသည်။

မဂ္ဂဇင်းတစ်အုပ်ဖြစ်လာရန် မလွယ်ကူပေ။
အချိန်အားဖြင့်၊ ငွေအားဖြင့်၊ လူအားဖြင့် များစွာရင်းနှီးရပါသည်။
လက်ဆင့်ကမ်း၍ တာဝန်ယူခဲ့သော
ရှာလုပ်မဂ္ဂဇင်းကို ပေါ်ထွက်လာရအောင် ဘုရားသခင်ထံမှ ရူပါရုံရယူခဲ့ရပါသည်။
မဂ္ဂဇင်းအတွက် ပါဝင်ဆက်ကပ်ကြသော စာပေအမှုတော်ဆောင်များ၊
ဝိုင်းဝန်းအကြံပေးကြသူများ၊ ကောင်းသည်ထက်ကောင်းအောင်
ဆန်းသစ်သည်ထက်ဆန်းသစ်အောင် ဘုရားသခင်ထံမှ ရူပါရုံရယူလျက်
အကြံပေးထောက်ပံ့သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ဘုရားသခင်၏မျက်နှာထောက်ထား၍
ရှာလုပ်မဂ္ဂဇင်းကိုတည်ထောင်သူများရှိသလိုပင် ဝိညာဉ်ခွန်အားရရှိရန်၊
စာပေအသိပညာကျယ်ပြန့်ရန်အတွက်
ရှာလုပ်မဂ္ဂဇင်းကော်မတီမှ ရှာလုပ်မဂ္ဂဇင်းကိုဖော်ထုတ်ခဲ့ပါပြီ။

ကျေးဇူးတင်ထိုက်သူများကို ဂါရဝပြုလျက်
အထူးကျေးဇူးတင်ရှိပါသည်။

သဘာပတိ

**နန့်စနိုးနှင်းနှင်းအေး**

# SHALOM MAGAZINE

ရှာလုမ်မဂ္ဂဇင်း

# မာတိကာ

အကြံပေး

ဘုန်းတော်ကြီးစတီဗင်သန်းမြင့်ဦး

ရှာလုမ်သဘာပတိ

နန့်စနိုးနှင်းနှင်းအေး

တာဝန်ခံအယ်ဒီတာ

စောရစ်ချက်ဂရယ်ဂရိဝေမူး

တွဲဖက်အယ်ဒီတာ

နော်မြတ်ဆုမွန်

စာတည်းအဖွဲ့

နန့်မော်လီအောင်

စီ ဂျာဆန်

မာဂရက်မိုင်းရာ

Andrew ရွှေလှစိုး

စောစိုးပိုင်အေး

ဖြန့်ချိရေး

ဖရန့်စစ်လောရင့်(စ်)

(ရန်ကုန်)

David ဝင်းမြင့်စိုး

(မန္တလေး)

နန့်မြတ်ဆုလင်း

(တောင်ငူ)

Paul ဆင်ဝါးနော်

(မြစ်ကြီးနား)

စောဆိုဂေမူး

(ဘားအံ)

ဆလိုင်းအိုက်အောင်ရှိန်

(စစ်တွေ)

အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်။


၁ ကျေးဇူးတင်ပါသည်

၄ မျက်နှာဖုံးဖွင့်ဆိုချက်

၆ ကျမ်းချက်အနက်ဖွင့်

၇ ဓါတ်ပုံကဏ္ဍ

ကဗျာ

၁၅ ပစ်တိုင်းထောင် ...... ပိုင် -(သံတောင်သား)

၁၆ ပိုင်ဆိုင်မှု ........... မောင်ပေါက်စည်

၁၇ အမေ ............... နေဝါထွန်း

၁၈ အဖြေ ............... နော်ဖား

၁၉ ကျေးဇူးတော်ကြောင့် .......... နော်ဖား

၂၀ သစ္စာဉာဏ် .......... J နငယ်တူ

၂၁ စွန့်မသွားနဲ့ .......... ကဘော်မေ(လှိုင်)

၂၂ ဆင်စို့အလှ .......... KR စာပန်းချီ

........... ဖူးငုံကျော်

၂၃ ကာတွန်း

ညီညီငယ်၊ ထီးစောမူး၊ ကိုကျား၊

တို့နို့၊ ဂျိုနသန်

သက်သေခံချက်

၃၀ မိုင်သန္တာမြင့်

၅၈ မမေ့နိုင်သောအဖြစ်အပျက်

..... B.Th III မှကျောင်းသူတစ်ဦး

သတင်း

၃၂ ဆလိုင်းအိုက်ဇက်

## Interview

ဘုန်းတော်ကြီးစတိုင်လိုနှင့် ... ငါးကန်စီမံကိန်းအကြောင်း .. စာတည်းအဖွဲ့ .... ၄၂

Grace Home မှဆရာမဒေါ်အဲမရေးလာမြတ်နှင့်တွေ့ဆုံခြင်း .. ရှာလုမ်စာတည်းအဖွဲ့ .... ၅၄

AYPA Computer Training Center နှင့်တွေ့ဆုံခြင်း .. ရှာလုမ်ညီအစ်ကိုများ .... ၆၄

ရန်ကုန်သာသနာပိုင်နယ် ... စီမံကိန်းအကြောင်း စာတည်းအဖွဲ့ .... ၆၇

မြစ်ကြီးနားသာသနာပိုင်ကြီးဒေးဗစ်သန်းလွင်နှင့်တွေ့ဆုံမေးမြန်းခြင်း .. ရှာလုမ်စာတည်းအဖွဲ့ .... ၇၈

ဆောင်းပါး

အသင်းတော်တွင်အမျိုးသမီးများ၏အခန်းကဏ္ဍ .. ဒေါ်ယဉ်ယဉ်မော် .... ၃၆

ဆယ်စုနှစ်အတွေး ... မောင်ဆုရှင် .... ၄၀

စစ်မှန်သောဝတ်ပြုကိုးကွယ်ခြင်း ... ဒေါ်ခင်ဆွေဦး .... ၇၀

နာကျင်နေပြီလား ... စောရမွေလညာဏ်လင်း(ဘားအံ) .... ၇၃

ပဋိပက္ခကိုအသွင်ပြောင်းလဲစေခြင်း ... Simsa နန်ရော် .... ၇၅

ဆန္ဒ၊ နာခံ၊ မြတ်သီးနှံ ... သာသနာပိုင်ဒေးဗစ်သန်းလွင် .... ၈၁

ဒုစရိုက်တရား၊ အမှားကင်းဆာ ဦးယုမင်း (မြစ်ကြီးနား) ၈၃

သမ္မာတရား ... Rev. ရယ်ဂျိုနယ်ဘုက်နက် ... ၈၇

ဘဏ္ဍာစိုးကောင်းဖြစ်ပါစေ ... ဘုန်းတော်ကြီးအက်စ်ထန်အုပ် .... ၈၉

ဝမ်းမြောက်ဘွယ်သတင်းကောင်းကိုရယူ၍ထိန်းသိမ်းခြင်း ... ဦးအောင်လှထွန်း .... ၁၀၆

စဉ်း

ဘယ်သူပြောရဲမလဲ ... ဆလိုင်းအိုက်ဇက် ... ၄၆

မှတ်တိုင်ပါတယ် ... ဆဲဗင်းမွန်း .... ၅၀

ကျွန်တော်နှင့်ကျွန်တော်၏ဗလာနေ့ရက်များ ... မခိုင် ... ၉၃

ဂတိပေးပါတယ် ... မစီဆန့်ထွယ်အောင်(မိုးညှင်း) ... ၉၆

ဩော် .. ဟုတ်သားပဲ ... အမ်စစ်စောမ်(ဟိုပင်) .... ၁၀၂

ဆန္ဒ ... ကိန္နရာ .... ၁၀၀

အချစ်တို့ဖြင့်သီကုံးဖွဲ့ဆိုအပ်သော ... ရိုးရာထူး .... ၁၁၁

H.C.T.C ဆရာ/မ၊ ကျောင်းသူ/သားစာရင်း .... ၁၀၃


ကွန်ပျူတာ

အလင်းအိမ်

Cover Design

စောဂျိုနသန် (Era)

Layout Design

Era


အတွင်းသရုပ်ဖော်

S အောင်သိန်း၊ စောဂျိုနသန်

အတွင်းဗလင်

J.P တူးဂျာ (Era)

SHALOM MAGAZINE



# မျက်နှာဖုံးပုံဆိုချက်

ယခုအခါ ကမ္ဘာကြီးသည် အရှိန်အဟုန်မြင့်မားစွာ တိုးတက်မှုဖြင့် ခရီးနှင်လျက်ရှိသည်။ ဤတိုးတက်မှုနောက်ကွယ်မှာ ငြိမ်းချမ်းခြင်း၊ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းတို့ ဆိတ်သုဉ်းပျောက်ကွယ်ခဲ့ရသည်။
ထို့ကြောင့် လူတို့ကြံစည်၍မမီနိုင်သော ငြိမ်းချမ်းခြင်း၊ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းသည် မည်သူ့ထံမှလာသနည်းဟူသောမေးခွန်းလေးကို မျက်နှာဖုံးပေါ်တွင် ခံစားနိုင်ရန် ရည်ရွယ်ဖော်ကျူးခဲ့ပါသည်။

# ဗျာဒိတ်တော်မရှိလျှင် လူတို့သည် အကျိုးနည်းဖြစ်ကြ၏။

(သုတ္တံ ၂၉း၁၈)

ဗျာဒိတ်တော်မရှိလျှင် လူတို့သည် အကျိုးနည်းစေကြ၏။ ဗျာဒိတ်တော်ဆိုသည်မှာ အင်္ဂလိပ်လို Vision ရူပါရုံဟုလည်း အနက်ဖွင့်နိုင်ပါသည်။ ဘုရားသခင်ဖြစ်စေလိုသော၊ ဘုရားသခင်ဆောင်ရွက်စေလိုသော အကြံအစည်တော်ကို ကျွန်ုပ်တို့အားဖော်ပြခြင်းဖြစ်ပါသည်။ ၎င်းအပြင် လူတို့၏စိတ်ထဲကပေါ်လာသော အကြံအစည်၊ စိတ်ကူးစိတ်သန်း၊ အနာဂတ်အတွက် တွေးတောကြံဆမှုများလည်း ဖြစ်ပါသည်။

ဗျာဒိတ်ရူပါရုံမရှိရင် လူတွေအကျိုးနည်းကြမည်ဟု သမ္မာကျမ်းကဖော်ပြထားခြင်းမှာ ဘုရားသခင်ထံတော်မှပြောသောအရာများကို မကြားရတော့လျှင်၊ မသိနိုင်တော့လျှင် လူများတွင် တီထွင်ကြံဆမှုများမရှိတော့ဘူးဆိုလျှင် လူ့ဘောင်လောကကြီးသည် ဖရိုဖရဲဖြစ်လာမည်ဟုဆိုလိုခြင်းဖြစ်ပါသည်။ ထိုနည်းတူပင် ကျွန်ုပ်တို့အသက်တာတွင် အနာဂတ်အသင်းတော်အတွက် ရူပါရုံများမရှိတော့လျှင် အနာဂတ်အသင်းတော်သည် ဖရိုဖရဲဖြစ်ပေမည်။

မြန်မာပြည်တွင် အင်္ဂလီကန်အသင်းတော်တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်းတစ်ရာကျော်ခဲ့ပါပြီ။ ဘုရားသခင်ရှေ့မှာ ကျွန်တော်တို့အသင်းတော် တာဝန်ကျေပွန်ခဲ့လား၊ သာသနာပြုဆရာကြီးများ ချွေး၊ သွေး၊ အသက်စတေးခံ အရင်းပြုပြီး သာသနာမျိုးစေ့ကို ကြဲဖြန့်ခဲ့သည်။ ကျွန်တော်တို့က ဆက်လက်ရှင်သန်အောင် ပြုစုဖို့တာဝန်ရှိပါသည်။

ကျွန်ုပ်တို့ တွေဝေငေးမောနေကြသည်။ ခေတ်နောက်ပြန်ဆွဲနေကြသည်။ အတွေးအခေါ်များမထုတ်ကြပေ။ ဘုရားသခင်၏အမှုတော်၊ အသင်းတော်အလုပ်အတွက်ဆက်ကပ်ရန် စိတ်အားထက်သန်မှုသိပ်မရှိကြပေ။ ဤသို့ တွေဝေငေးမောပြီး ရူပါရုံကင်းမဲ့စွာဖြင့် ခရစ်တော်ဘုရားသခင်နှင့် သာသနာပြုဆရာကြီးများ၏ အသင်းတော်အပေါ်ထားခဲ့သော မျိုးစေ့ကျေးဇူးတရားကိုဆပ်နေကြခြင်းလား၊ စဉ်းစားမိပါသည်။

ကျွန်ုပ်တို့မှာ ဉာဏ်ပညာ၊ အသိပညာ၊ အတတ်ပညာ၊ စဉ်းစားတွေးခေါ်မှု၊ တီထွင်ကြံဆမှုများစွာရှိသည်။ ထိုအရည်အချင်း အစွမ်းသတ္တိများနှင့် လူသားများအတွက်၊ အသင်းတော်အတွက်၊ ကမ္ဘာလောကကြီးအတွက်အကျိုးပြုရမည်ဖြစ်သည်။ ဤတာဝန်များကိုထမ်းဆောင်ဖို့ ကျွန်ုပ်တို့ဘဝကို လွယ်လွယ်နှင့်ကျော်ဖြတ်၍မရ။ အတွေးအခေါ်များရပ်ဆိုင်းနေ၍မရ၊ တွေဝေငေးမောနေလို့မရ။ တီထွင်ကြံဆမှုများပျောက်ကွယ်၍မရပေ။ ဆိုလိုသည်မှာ အနာဂတ်အသင်းတော်အတွက် ဗျာဒိတ်ရူပါရုံမရှိ၍မဖြစ်ပေ။

ယခုကဲ့သို့ ခက်ခဲလှသောအချိန်တွင် ကျွန်ုပ်တို့၏အတွေးအခေါ်၊ အကြံအစည်များကိုရပ်တန့်စေမည့်အရာ၊ ဟန့်တားနေသောအရာများစွာရှိသည်။ ဤအရာများကို သတိကြီးစွာထားရပါမည်။ လူသားတိုင်းမှာ ဘုရားသခင်ပေးထားသော အရည်အချင်းကိုယ်စီရှိကြသည်။ မှန်ကန်သောနေရာ၊ မှန်ကန်သောအချိန်မှာ ဤအစွမ်းသတ္တိများကို အသုံးချရမည်။ တန်ဖိုးရှိလှသော လူ့ဘဝကို တန်ဖိုးရှိစွာ၊ အဓိပ္ပာယ်ရှိစွာ၊ အသင်းတော်အတွက်၊ ကမ္ဘာလောကကြီးအတွက်၊ လူသားများအတွက် အသက်ရှင်ကြပါစို့။

ယနေ့အသင်းတော်နှင့်လူများ ဘာတွေဖြစ်နေလဲ၊ ဘာတွေလိုအပ်နေသလဲ၊ သတိထားကြည့်လျှင်သိနိုင်ပါသည်။ ဤအရာများအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကို စကားပြောနေပါသည်။ ရူပါရုံများပေးနေပါသည်။ လူသားများအတွက် အသင်းတော်ကြီးကို ယနေ့ ခိုင်မာအောင်တည်ဆောက်ကြပါစို့။ ဘုရားသခင်ထံမှရူပါရုံကိုစောင့်မျှော်သကဲ့သို့ ကျွန်ုပ်တို့၏ရူပါရုံများကိုလည်း ဖော်ထုတ်ကြပါစို့။ ကမ္ဘာလောကကြီးအတွက် အကျိုးပြုဖို့ ဦးစွာ အသင်းတော်မှာစုစည်းကြပါစို့။

ဘုန်းတော်ကြီးအင်ဒရူးမန်းဇော်လွင်
ကျောင်းသားရေးရာတာဝန်ခံ

# ကျမ်းချက်အနက်ဖွင့်

ဆရာကြီးဂဲရတ်ပါဝင်သော မြန်မာပြည်ကျမ်းစာအသင်း၏ ဘာသာပြန်ချက်တွင် (နယပုံပြင်ကျမ်း ၂၉း၁၈) ကို "ဗျာဒိတ်တော်မရှိလျှင် ပြည်သူပြည်သားတို့ ဖရိုဖရဲဖြစ်တတ်ကြ၏။" ဟုပြန်ဆိုထားကာ၊ ဆရာကြီးယုဒသန်ပြန်ဆိုသော သမ္မာကျမ်းတွင်မူ "ဗျာဒိတ်တော်မရှိလျှင် လူတို့သည် အကျိုးနည်းဖြစ်ကြ၏။" (သုတ္တံ ၂၉း၁၈) ဟုပြန်ဆိုထားပါသည်။

ဗျာဒိတ်တော်ဟူသောစကား၌ ဘုရားသခင်၏ဖွင့်ပြခြင်း (Revelation)၊ ပရောဖက်ပြုခြင်း (Prophecy)၊ ရူပါရုံရှိခြင်း (Vision) သဘောတို့ ပါဝင်နေပါသည်။ လူတို့အနေဖြင့် အမြော်အမြင်ရှိခြင်း၊ ရှေ့ရေးကိုမျှော်တွေးချင့်ချိန်ကာ ကြိုတင်စီမံတတ်ခြင်း ဟူသော စွမ်းရည်များရှိကြသည်။ ဤကဲ့သို့ ဉာဏ်အစွမ်း၊ စိတ်အစွမ်း၊ ကိုယ်အစွမ်းတို့ဖြင့် ကြိုးစားစီမံလုပ်ဆောင်ကြသဖြင့် အောင်မြင်ခြင်း၊ တိုးတက်ကြီးပွားခြင်းများမှာ အံ့မခန်းပင်ဖြစ်ပါသည်။ ထို့အတူ လူတို့၌ မုန်းတီးခြင်း၊ မေတ္တာမဲ့ခြင်း၊ တရားမမျှတခြင်း၊ ငြိမ်းချမ်းမှုမရှိခြင်း၊ ဝမ်းမြောက်မှုမရှိခြင်း၊ စာရိတ္တကျဆင်းခြင်းတို့လည်း ဤ (၂၁)ရာစု၌ အံ့မခန်းတိုးတက်လာလျက်ရှိပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမှအစ ဘာသာရေးအဆုံး ဤအရာတို့အကျုံးဝင်လျက်ရှိရာ ထာဝရဘုရားကို ယုံကြည်သောလူစုတွင်လည်း ဤသက်ရောက်မှုတို့ ရှိနေပါသည်။ လူသားတို့၏ ဖရိုဖရဲဖြစ်မှုပင်ဖြစ်သည်။

သုတ္တံဆရာက ဘုရားသခင်ထံမှလာသော ပရောဖက်ပြုခြင်းဆိုင်ရာ ရူပါရုံအမြင်မရှိပါက လူတို့သည် ဖရိုဖရဲဖြစ်တတ်သည်ဟု ဆိုထားသည်။ ဖရိုဖရဲဖြစ်လျှင် အကျိုးနည်းကြမည်ပင်။ ထို့ကြောင့် လူ၏ကြိုးစားအားထုတ်မှုနှင့် စွမ်းရည်သက်သက်ပေါ် အခြေခံသော အမြော်အမြင်များ၊ အစီအမံများထက် ဘုရားသခင်ထံ၌ လုံးဝအညွှံခံပုံအပ်ခြင်းဖြင့်သာ ရရှိအပ်သော ဘုရား၏ဖွင့်ပြခြင်း၊ ပရောဖက်ပြုခြင်းဆိုင်ရာ အမြင်ရူပါရုံများဖြင့် စီမံကြိုးစားအားထုတ်ကြရန်ဖြစ်သည်။ သို့မှသာ ဘုရားသခင်၏လူစုပါဝင်နေသော ဤ (၂၁)ရာစု လူသားထုတစ်ရပ်လုံး၏ဖရိုဖရဲဖြစ်မှု၊ အကျိုးနည်းဖြစ်ရမှုများကို အောင်မြင်ကျော်လွှား ကုစားနိုင်ကြပေမည်။

အို . . . ဘုရားသခင်၏လူစုတို့၊ သတိရှိကြပါကုန်။

ဘုရားသခင်၏မေတ္တာဖြင့်

ဘုန်းတော်ကြီးစတီဖင်သန်းမြင့်ဦး




# H.C.T.C IN 2003-04 ACADEMIC YEAR



Revd. Mark Saw Maung Doe
(Principal)



Revd. Simon Be Bin Htu
(Vice-Principal)



Revd. Andrew Zaw Lwin
(Dean of Students)



Revd. Stephen Than Myint Oo
(Dean of Studies)



Revd. Reginald Bennett
(Lecturer)



Thra Saw Po Sein
(Lecturer)



Sayama Khin Swe Oo
(Lecturer)



Sayama Saga Hkawn Tawng
(Lecturer)



Sayar Salai Isaac
(Lecturer)




Revd. Samuel Htang Oak
(Adjunct Lecturer)



Revd. Daniel Mahn Naung
(Adjunct Lecturer)



Revd. U Kyaw Nyunt
(Adjunct Lecturer)



Sayargyi Saw Aung Hla Htun
(Adjunct Lecturer)



Sayar K.Naw Aung
(Adjunct Lecturer)



Sayama Kareng Tawng
(Adjunct Lecturer)



Thramu Sheba Muvin
(Adjunct Lecturer)



Thramu Amarylla Myatt
(Adjunct Lecturer)



Sayama Grace Mee
(Adjunct Lecturer)



Sayama May Mya Tun
(Adjunct Lecturer)



Sayar Wanna Soe
(Adjunct Lecturer)



Saya Soe Moe Aung
(Adjunct Lecturer)



Thra John Thet Lwin
(Librarian)




Sayama Wai Wai Myint
(Assistant Librarian)



Tharamu Naw Martha
(Office)


## Students year by year



ပထမနှစ်ကျောင်းသား/သူများ



ဒုတိယနှစ်ကျောင်းသား/သူများ



တတိယနှစ်ကျောင်းသား/သူများ



နောက်ဆုံးနှစ်ကျောင်းသား၊သူမျ



ားသစ်လောင်းဆင်တန်းသားများ





န်းခေါင်းကြီးနဲ့ ပျော်ပျော်ပါးပါး



ဘောလုံးပွဲမှာလည်း အားတက်သရော



မြကျွန်းသာရွှေအမှတ်တရ



စက်လှေစီးပြီး ညောင်ငူမှာအစေခံဖို့



ညောင်လံတိုးမှာလည်း တစ်တပ်တစ်အား



ကျုံပေါက်ရွာ ကလေးများနဲ့
ဆိုကြမယ် ပျော်ကြမယ်

# ပစ်တိုင်းထောင်ပိုင်

(သံတောင်သား)

ပစ်ချင်ရာပစ်
လဲမသွားတဲ့
ပစ်တိုင်းထောင်လို
ကျွန်ုပ်ဆိုတဲ့လူသား
ဘုရားရှင်တွက်
အမှုဆောင်ရင်း
ပစ်ချင်ရာပစ်
လဲမသွားတဲ့
ပစ်တိုင်းထောင်လိုဖြစ်ရမယ်။

ကျွန်ုပ် - အမှုတော်ဆောင်အားလုံး ရည်ညွှန်းပါသည်။

ပိုင်ဆိုင်မှု

## မောင်ပေါက်စည်

လေကိုပိုင်သည်၊
ရေကိုပိုင်သည်၊
မြေကိုပိုင်သည်။

လေမှာမင်းဘုရား၊
နေမှာမင်းဘုရား၊
မြေမှာမင်းဘုရား။

ဘုရားလိုပိုင်သလို
ဘုရားကသွားဆိုရင်သွား
ဘုရားကနားဆိုရင်နား
ပိုင်ဆိုင်မှုသည်ကား . . . ဘုရား . . ။

(ဂျပန်ဆေးရုံကြီးပေါ်မှာ . . . )
၂၈-၀၆-၀၃
ရန်ကုန်



အမော


## နေဝါတွန်း

အပျက်ပျက်တွေနဲ့ . . .
နှာခေါင်းသွေးထွက် . . .
ထွက်တော့မယ် . . ထင်တယ်
မိုးခင်ခင် . . . . ။

လူ့ရှေ့ . . ဘုရားရှေ့ . . .
ပြုထားတဲ့သစ္စာတွေလည်း . . .
တစ်ခါတစ်လေ . . . .
ယိုင်နဲ့နဲ့ပေါ့ . . . ။

"မင်း" . . မရှိရင် . . "ငါ" . .
"ငါ" . . မရှိရင် . . . မင်းနဲ့
တစ်ယောက်တစ်လှည့် . . . ရှန်းကြရင်း
လောကတွင်း . . .
နှစ်ယောက်တည်း ကမ္ဘာကနေ . . .
သုံးယောက်ကမ္ဘာ . . . ။


ဟော . . နောက်တစ်ယောက် . .
လေးယောက်ကမ္ဘာမှာ . .
တို့ကို . . ဘုရားက . . ဘယ်လို
ကောင်းချီးပေးဦးမလဲ . . ဆိုတာ
ယုံကြည်ရင်း . . ၊ မျှော်လင့်ရင်းနဲ့
ရှေ့ဆက် . . ချစ်ကြပေါ့ . . ။




## အပြေ
## နော်ဇား

မျက်ရည်ရယ် . . သွင် . . သွင်
စီးလေပေါ့ ချောင်းအလား
နှလုံးသားကိုဖိနှိပ်
အံကိုကြိတ်၍ နင်လားဟဲ့ လောကဓံ
ရင်ထဲတောက်လောင်
အောင်နိုင်လု အပူမီး
ညည်းညူလို့ မအေး
ပေးပါ ကျွေးပါ ငြိမ်းအေးရာ
ဆာလောင်ကာအော်ဟစ်
ချစ်သူခင်သူအဘယ်သူ
ကူသူ ဘယ်ကလာလိမ့်နိုး
စံနမူနာယောဘမှာတွေ့
လာစမ်းပါလေ့
စိတ်ကိုတဲ့ခိုင်ခိုင်
မယိုင်အောင်ငါထိန်းမည်ပ
အဖဘုရားရှင်ရယ် ကူညီလှည့်
ဒူးထောက်ကာအကျွန်ုပ်မိ
ကိုးစားကာမျှော်
ဩော် . . အဆုံးအမ(မှာ)တော့
ရှာတွေ့ပေါ့ ကိုယ်တော်လေး
ဝန်လေး၍ပင်ပန်းသူတို့
ငါ့ထံသို့လာလော့
လျှော့လိုက်ပေါ့စိတ်နှလုံး
ပေါ့လိုက်ပေါ့ ဝမ်းမြောက်မဆုံး . . . ။

**အခြေပြုကျမ်းချက် - မဿဲ ၁၁း ၂၈**




## ကျေးဇူးတော်ကြောင့်
## ၂ နှင့်ငယ်တူ

ရထားကြီးတစ်စင်းပေါ်
သဲမှုန့်လေးတစ်စ
ဒဏ်ရာတွေကိုထွေးပိုက်
ယုံကြည်ချက်လွယ်အိတ်ထဲမှာ
အတ္တတွေပြည့်
အဝေးကြီးကိုမျှော်ကြည့်လိုက်တော့
မသဲမကွဲနဲ့ မှုန်တီမှုန်ဝါး . . . ။

အကွေ့ရောက်တော့
အိုအေစစ်တစ်ခု
"ကျေးဇူးတင်ပါသည်အဘ"
ဖြတ်သန်းသွားခဲ့
ဒဏ်ရာတွေပျောက်
အိတ်ထဲမှာ အဖိုးအနဂ္ဃထိုက်တဲ့ပတ္တမြား
သောက်ကြည့်လိုက်တော့
ရေဆာချိန်တွေကျန်ခဲ့ပြီ . . . ။

ဟောဟိုမှာ . . .
အာရုံဦးရဲ့နေခြည်
သံသယကင်းစွာ
ရောက်ရှိလာခဲ့ပြီကော . . . ။

## သန္တိဗျာန်

### ကဘောက်မေ(လှိုင်)

မခိုင့်တခိုင်
ငါ့ခြေတစ်လှမ်း
လျှောက်လှမ်းခဲ့တိုင်း
နောက်ကပုံရိပ်
ပိုးဝါးဆန်းပြား
မရေရာခဲ့ . . . ။

အတွေးကမ္ဘာ
ဖြစ်ချင်တာတွေ
မျှော်မှန်းခဲ့တာ
အများကြီးပေါ့
ဖြစ်မလာခင်တော့
စိတ်ပျက်ပျက်နဲ့ . . . ။

အဖြေရှာခဲ့
ဩော် . . .
ခုတော့သိပြီ
သုတ္တံဆရာက
မြွက်ဆိုခဲ့တာ
ဗျာဒိတ်ရူပါမရှိလျှင်
အကျိုးနည်းဖြစ်ကြ၏။

အနာဂတ်မှာ
ခရစ်ယာန်သာသနာ
ကျယ်ပြန့်စေဖို့
ရူပါရုံချ
လျှောက်လှမ်းနေတော့
အောင်မြင်မည်ဟု
ယုံကြည်တော့သည်။

## စွန့်မသွားနဲ့

### KR စာပန်းချီ

တွဲထားတဲ့လက်ကလေးတွေ
ပြုတ်ကျမတတ် နာကျင်လှပြီ
အဆိပ်သီးတွေ ခူးဆွတ်မိလို့
သွေးမျက်ရည်စီးရတော့မယ်
မှားနေပါတယ်၊ အမှန်ကိုရှာတော့လည်း
အမှန်တရားလမ်းလျှောက်ထွက်ခဲ့ပြီတဲ့
စိတ်ပျက်လို့ အသံကုန်ဟစ်အော်မိတယ်။
နံဘေးမှာ ဘယ်သူမှမရှိ
" Me and my shadow"
ရင်တွင်းစကားကွဲထွက်လို့
နှလုံးသားထဲ အဖုအထစ်တွေ
အနက်ဆုံးသဘာဝမှာ
မုန်းတယ် . . . မုန်းတယ် . . . သွား . . . သွား . . .
သဘာဝတောင် မကြင်တဲ့ဘဝ
ရင်နှစ်လို့မျှော်ကြည့်ပါရစေ
စွန့်မသွားနဲ့အရှင်။



## ဆင်စို့အလှ

# ပွဲငုံကျော်

ခရစ်ကကြွေမွှ
ပညာရှင်ဆိုက လှံ့လ
လူသားလိုအပ် အတ္တ
အသင်းတော်အလှအနာဂတ်
ရှေ့ရေးကိုမျှော်တွေး
ယုံကြည်သူတွေဖြည့်ဆည်းပေး
ခဝါချကြ သူကိုယ်အတ္တ
အစာကိုကြေလွယ်စွာစားကြ
သို့မှ အသင်းတော်အနာဂတ်
လှတပတ။ ။











အစည်းအဝေးခန်းမဆောင်
ဟုတ်ဖူး မေမေ ဘုရားကျောင်းသွား မလို့ပါ...










SHALOM cartoon



## ပိုင်သန္တာမြင့်
### သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်
တတိယနှစ်

ဦးစွာ ဘုရားရှင်ရဲ့ကျေးဇူးတော်ကိုချီးမွမ်းပါတယ်။ ကျွန်မကတော့ သန့်/ကားတိုင် ဓမ္မတက္ကသိုလ်မှာ ပညာသင်ယူနေတဲ့ တတိယနှစ်ကျောင်းသူ ဖြစ်ပါတယ်။ ဒီ သန့်/ကားတိုင် ဓမ္မတက္ကသိုလ် တက်ရောက်ခြင်းအားဖြင့် ကျွန်မအသက်တာအတွက်ရရှိတဲ့ အတွေ့အကြုံ၊ ဆုကျေးဇူးတွေကို ပြန်လည် ဝေမျှချင်ပါတယ်။

ငယ်စဉ်ကတည်းက ခရစ်ယာန်အသိုင်းအဝိုင်းမှာ အသက်ရှင်ရပေမယ့် ခရစ်ယာန်အဖြစ် အသက်မရှင်ခဲ့ပါဘူး။ ဒီလိုနဲ့ အရွယ်ရောက်လာတော့ အသင်းတော်မှာ ပါဝင်လာခဲ့တယ်။ ဒါပေမယ့် လက်ရှိမှာသိရှိထားတဲ့ အသိပညာ အတွေ့အကြုံလေးနဲ့တော့ အသင်းတော်မှာ ဦးဆောင်နိုင်တဲ့သူမဟုတ်ဘူး။ အသင်းတော်မှာ ဦးဆောင်နိုင်သူ သိပ်ဖြစ်ချင်တယ်။ ပြီးတော့ ကျမ်းစာအကြောင်းလည်း ပိုသိချင်တယ်။ အဲဒီအကြောင်းအချက်တွေကြောင့် ကျမ်းစာကျောင်း ရောက်လာခဲ့တယ်။ အေးမြသာယာတဲ့ ဘုရားအရိပ်အောက်မှာ အသက်ရှင်ရင်း ကျမ်းစာတွေကိုလည်း သင်ယူမယ်ပေါ့။

**ကျွန်မအတွက်ဒါတွေဟာ ဒုက္ခအိုးတွေပါပဲ။ အရမ်းကိုပူလောင်စေတယ်။ ပျော်ရွှင်တဲ့အချိန်ဆိုတာ သိပ်နည်းခဲ့တယ်။**

ကျွန်မထင်ထားတာတွေနဲ့ လက်တွေ့ကြုံလာရတာတွေဟာ တကယ်ကိုကွာခြား၊ အလှမ်းဝေးလွန်းပါတယ်။ အမှုတော်ဆောင်မယ့်သူတွေထဲမှာ စိတ်ထားကောင်းမွန်သူတွေရှိသလို စိတ်ထားမမှန်သူတွေ၊ သူများကိုအကောင်းမမြင်သူ၊ အို . . . အစုံပါပဲ။ ကျွန်မအတွက် ဒါတွေဟာ ဒုက္ခအိုးတွေပါပဲ။ အရမ်းကိုပူလောင်စေတယ်။ ပျော်ရွှင်တဲ့အချိန်ဆိုတာ သိပ်နည်းခဲ့တယ်။ First Year မှာ ကျွန်မဟာ အလာတုန်းကအထင်နဲ့ အခုလက်တွေ့ဟာ အရမ်းကိုကွာခြားလွန်းလို့ စိတ်ဒုက္ခရောက်ခဲ့ရတယ်။ ဒါပေမယ့် ကျွန်မသိပ်တတ်ချင်တဲ့ သမ္မာကျမ်းစာတွေကိုတော့ **သင်ယူခဲ့ရတယ်။ ဒီလိုမျိုး** ပူလောင်ပြင်းပြတဲ့အရာတွေကို ကြည့်ပြီး သင်ခန်းစာ၊ **အတွေ့အကြုံမယူတတ်ခဲ့ပါဘူး။**

ဒီလိုနဲ့ **Second Year ရောက်လာခဲ့တယ်။** အဲဒီနှစ်မှာလည်း ဒီလိုမျိုးအဖြစ်အပျက်ထက်ဆိုးရွားတဲ့ **စုံစမ်းမှုတွေကိုခံခဲ့ရတယ်။** ဒါပေမယ့် ဒီလိုအခက်အခဲ၊ စုံစမ်းမှုတွေကြားမှာ **အသက်ရှင်ရခဲ့ပေမယ့်** ဘုရားသခင်ရဲ့ ကွယ်ကာစောင်မမှုကိုခံခဲ့ရပါတယ်။ တစ်ခုခုလိုအပ်လို့ ဆုတောင်းခဲ့ရင်လည်း ဘုရားသခင်ဟာ ကျွန်မရဲ့လိုအပ်ချက်ကို အမြဲဖြည့်ဆည်းပေးခဲ့တယ်။ ပြည့်စုံစေခဲ့တယ်လေ။


ဒါပေမယ့် Third Year ရောက်လာတော့ အရမ်းကိုအံ့ဩစရာ ကောင်းခဲ့တယ်။ အရင်ကလို စိတ်ဆင်းရဲတာတွေ၊ ပူလောင်မှုတွေလည်း မရှိ တော့ပါဘူး။ စိတ်တည်ငြိမ်မှုကို ရရှိခဲ့ရတယ်။ အခုဆိုရင် ကျွန်မမှာဒေါသတွေ၊ ပူပန်စိုးရိမ်မှုတွေ မရှိတော့ပဲ ရွှင်လန်းမှုတွေကို ခံစားရလာတယ်။ အခက်အခဲ၊ ပြဿနာရှိရင်လည်း တည်တည်ငြိမ်ငြိမ်နဲ့ လုပ်ဆောင်နိုင်ခဲ့တယ်။ ပြီးတော့ အခက်အခဲရှိပြီဆိုရင် လွယ်လွယ်နဲ့ လက်လျှော့အရှုံးပေးလိုက်တာမျိုးလည်း မရှိတော့ဘူး။ ကျွန်မကိုယ့်ကိုယ်ကို သိပ်အံ့ဩတယ်။

တစ်ချို့က ကျမ်းစာကျောင်းဆိုတာ အခက်အခဲတွေ၊ စုံစမ်းမှုတွေအများဆုံးတွေ့မယ့် နေရာတဲ့။ အချို့ကလည်း ကျမ်းစာကျောင်းဆိုတာ ငရဲဘုံတဲ့။ ဘယ်လိုပဲပြောပြော ကျွန်မ အတွက်ကတော့ ကျမ်းစာကျောင်းဟာ ကောင်းကင်ဘုံပါပဲ။

တကယ်တော့ ကျမ်းစာကျောင်းဟာ ကျွန်မဘဝကိုပြောင်းလဲစေတဲ့ နေရာကောင်းလေးတစ်ခုပါပဲ။ ကျမ်းစာကျောင်းဟာ ကျွန်မကိုလမ်းမှားမရောက်အောင်၊ အမြင်ကျယ်လာအောင်၊ သွက်လက်ထက်မြက်လာအောင် အကောင်းဆုံးလမ်းညွှန်ပေးနေတဲ့နေရာလေးပါ။ ဘုရားတရားဆိုင်ရာတွေကိုသာမက လူမှုဆက်ဆံရေးတွေကိုလည်း သိတတ်လာအောင် သင်ကြားပေးနေတဲ့ ကျောင်းတော်ကြီးတစ်ခုပါ။ အမှုတော်ဆောင်တဲ့အခါ တွေ့ကြုံရမယ့် အခက်အခဲတွေကို ခံနိုင်ရည်ရှိအောင် လေ့ကျင့်သင်ကြားပေးတဲ့ ကျောင်းတော်ကြီးပါ။ ကျမ်းစာကျောင်းတက်ခြင်းအားဖြင့် မိမိနဲ့စိတ်ဓာတ်ချင်းမတူသူနဲ့လည်း ပေါင်းသင်းဆက်ဆံတတ်လာတယ်။ စုံစမ်းခြင်းတွေအားဖြင့်လည်း သည်းခံခြင်း၊ ပြင်ပလောက ဗဟုသုတ၊ ပညာတွေလည်းလိုအပ်ကြောင်းသိလာရတယ်။ ဘာပဲဖြစ်နေပါစေ၊ ဘုရားရှင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းတတ်လာတယ်။ ဘယ်လိုအခက်အခဲနဲ့ပဲတွေ့တွေ့ ရဲရဲဝံ့ဝံ့နဲ့ ရင်ဆိုင်နိုင်စွမ်းရှိလာတယ်။

တကယ်တမ်းကျတော့ သန့်/ကားတိုင် ဓမ္မတက္ကသိုလ်ကျောင်းတော်ကြီးဟာ ဘုရားနဲ့နီးကပ်စွာအသက်ရှင်တတ်ဖို့ ဘုရားနဲ့မှန်ကန်စွာဆက်ဆံဖို့ အရေးကြီးကြောင်းသိလာခဲ့ရတယ်။ ကျွန်မရဲ့ဟောင်းနွမ်းနေတဲ့ အမြင်တွေ၊ နုနယ်တဲ့အသက်တာ၊ တစ်ကိုယ်ကောင်းဆန်မှုတွေကနေ အသိအမြင်ကောင်းတွေ၊ ရင့်ကျက်တည်ငြိမ်တဲ့အသက်တာ၊ သူတစ်ပါးကို ကိုယ်ချင်းစာနားလည်တတ်ဖို့အဖြစ်သို့ ပြောင်းလဲစေခဲ့တယ်။ H.C.T.C ဟာ ကျွန်မအသက်တာအတွက် တန်ဖိုးရှိတဲ့အတွေ့အကြုံတွေ၊ ပညာတွေ၊ အမှုတော်ဆောင်ရင် တွေ့ကြုံမယ့် အခက်အခဲတွေကို ခံနိုင်ရည်ရှိအောင်၊ ဘဝရဲ့စစ်မှန်တဲ့ရည်မှန်းချက်ကို သိရှိစေရုံသာမက အဲဒီရည်မှန်းချက် ရောက်အောင် ဘယ်လိုလျှောက်လှမ်းသင့်ကြောင်း အများဆုံးတည်ဆောက်ပြုပြင်ပေးခဲ့တဲ့ နေရာလေးဖြစ်ပါတယ်။ ကျမ်းစာကျောင်းဟာ ကျွန်မအတွက်တော့ ကောင်းကင်ရွှေပြည်တော်ပါပဲလို့ ပြောရင်းနဲ့ (၃)နှစ်တာကာလရဲ့ ကျေးဇူးတော်တွေကို ဝေမျှပေးလိုက်ပါတယ်။ ကြားနာသူအယောက်စီတိုင်းကို ဘုရားရှင်ကောင်းချီးပေးပါစေ။❑

# news သတင်း



## (၁၀၄)ကြိမ်မြောက် ကင်တာဘာရီသာသနာပိုင်ချုပ်ကြီး၏ ပလ္လင်အပ်ပွဲကျင်းပပြီးစီးခြင်း

၂၀၀၃ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်၊ ကြာသပတေးနေ့တွင် ဝေလနယ်သာသနာပိုင်ချုပ် ဒေါက်တာရိုဝန်ဝီလီယမ်စ်သည် (၁၀၄) ဆက်မြောက် ကင်တာဘာရီသာသနာပိုင်ချုပ်ကြီး အဖြစ် ကင်တာဘာရီကသီဒြယ် ကျောင်းတော်ကြီး၌ ပလ္လင်အပ်နှင်းခြင်းခံရပါသည်။

၂၀၀၂ခုနှစ်ကုန်ပိုင်းတွင် သက်တမ်းပြည့်၍ အနားယူခဲ့သော (၁၀၃) ဆက်မြောက် ကင်တာဘာရီသာသနာပိုင်ချုပ်ကြီးဖြစ်သူ ဒေါက်တာဂျော့ချ်လီယိုနတ်ကယ်ရီကို ဆက်ခံရန် ၂၀၀၂ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့တွင် ဒေါက်တာရိုဝန်ဝီလီယမ်စ်သည် (၁၀၄) ကြိမ်မြောက် ကင်တာဘာရီသာသနာပိုင်ချုပ်ကြီး အဖြစ် ရွေးချယ်ခံရခြင်းဖြစ်ပါသည်။

ဖေဖော်ဝါရီလ (၂၇) ရက်နေ့တွင် ကင်တာဘာရီကသီဒြယ်ကျောင်းတော်ကြီး၌ ကမ္ဘာအရပ်ရပ်နှင့် ဗြိတိန်နိုင်ငံတလွှားမှစုဝေးရောက်ရှိနေသော နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဂိုဏ်းဂဏအသင်းတော် အသီးသီးမှခေါင်းဆောင်များ၊ အင်္ဂလီကန်သဟာယ အတွင်းရှိ သာသနာပိုင်ချုပ်ကြီးနယ်ပယ်မှ သာသနာပိုင်ချုပ်ကြီးများ၊ ဗြိတိန်နိုင်ငံအတွင်းရှိ အင်္ဂလီကန်သာသနာ ပိုင်ချုပ်နယ်များမှသာသနာပိုင်များ၊ ကင်တာဘာရီသာသနာပိုင်နယ်မှ ဘုန်းတော်ကြီးများ၊ ဗြိတိန်နိုင်ငံအိမ်ရှေ့စံ ဝေလမင်းသား ချားလ်စ် အမှူးပြုသော ဗြိတိန်နိုင်ငံ၏ ထိပ်တန်းပုဂ္ဂိုလ်များ၊ အထူး ဧည့်သည်တော်များ၊ အသင်းသူ/သား များစသည့် ထောင်နှင့်ချီသောပရိသတ်ကြီး၏ရှေ့မှောက်တွင် ပထမဦးဆုံးသော ကင်တာဘာရီသာသနာပိုင်ချုပ်ကြီးဖြစ် သည့် စိန့်ဩဂတ်စတင်း၏ပလ္လင်တော်ရှိရာသို့ ဒေါက်တာရိုဝန်ဝီလီယမ်စ်အား ကသီဒြယ်ဘုန်းတော်ကြီး (Dean) ရောဘတ်ဝီးလီးစ်က ခေါ်ဆောင်အပ်နှံမှုဖြင့် သမိုင်းဝင်အခမ်းအနားအောင်မြင်စွာ ပြီးစီးခဲ့ပါသည်။

ကင်တာဘာရီ သာသနာပိုင်ချုပ်ကြီးဖြစ်လာသော ဒေါက်တာဝီလီယမ်စ်သည် ကင်တာဘာရီသာသနာပိုင် နယ်၏သာသနာပိုင်၊ ကင်တာဘာရီသာသနာပိုင်ချုပ်နယ်၏သာသနာပိုင်ချုပ်နှင့် အင်္ဂလန်ပြည်တစ်ခုလုံး၏ သာသနာ ပိုင်ချုပ်ကြီးတာဝန်များကိုလည်းကောင်း၊ ဗြိတိသျှပါလီမန်အထက်လွှတ်တော်တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အခြား သောဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများစွာတွင် ဂုဏ်ထူးဆောင်အကြီးအကဲအဖြစ်လည်းကောင်း ထမ်းဆောင် ရမည်ဖြစ်သည်။ အထူးသဖြင့် ကမ္ဘာ့အင်္ဂလီကန်သဟာယတစ်ခုလုံး၏ အဆောင်အယောင်အကြီးအကဲနှင့် ဝိညာဉ် ရေးရာဖခင်အဖြစ်လည်း တည်ရှိမည်ဖြစ်ပါသည်။

## သာသနာပိုင်ချုပ်ကြီးရိုဝန်ဒေါက်ကလပ်စ်ဝီလီယမ်စ်

ကင်တာဘာရီသာသနာပိုင်ချုပ်ကြီး ရိုဝန်ဒေါက်ကလပ်စ်ဝီလီယမ်စ်ကို ၁၉၅၀ပြည့်နှစ်၊ ဇွန်လ (၁၄) ရက်နေ့တွင် ဝေလနယ်၊ ဆွန်ဆီး (Swan Sea) (ဘဲငန်းကန်) ၌ မွေးဖွားခဲ့ပါသည်။ ကင်းဘရစ်၊ ခရစ်တော်ဘွဲ့နာမခံကောလိပ်မှ ၁၉၇၁ခုနှစ်တွင် ဘီအေဘွဲ့၊ ၁၉၇၅ခုနှစ်တွင် **အမ်အေဘွဲ့ရရှိခဲ့သည်။** အောက်စဖို့၊ ဝါဒမ်ကောလိပ်မှ ၁၉၇၅ တွင် D.Phil ဘွဲ့ရရှိခဲ့ပါသည်။ ထိုနှစ်တွင်ပင် မာဖီးလ်ရှိ ရှင်ပြန်ထမြောက်ခြင်းကောလိပ်တွင်တက်ရောက်ကာ ၁၉၇၇ တွင် သင်းထောက်သိက္ခာ၊ ၁၉၇၈တွင် သင်းအုပ်သိက္ခာရရှိခဲ့သည်။ ၁၉၈၀-၈၃ထိ အဲလီရှိ ချက်စတာတန်ရှင်ဂျော့ဂျ်အသင်းတော်၌ လက်ထောက်ဘုန်းတော်ကြီးအဖြစ်လည်းကောင်း၊ ၁၉၈၀-၈၆ ထိ ကင်းဘရစ်တက္ကသိုလ်၌ ဓမ္မပညာရေးဆိုင်ရာ (Divinity) ကထိကအဖြစ်လည်းကောင်း၊ ၁၉၈၄-၈၆ထိ ကင်းဘရစ်၊ ကလဲ(ရ်) ကောလိပ်တာဝန်ခံနှင့် ချက်ပလိန် အဖြစ်လည်းကောင်း၊ ၁၉၈၁-၈၂ထိ လေဇက်စတာ ကသီဒြယ်၏ ဓမ္မအတွေးအခေါ်ဆိုင်ရာ ကင်နွန် (Canon Theologian)အဖြစ် လည်းကောင်း၊ ၁၉၈၆-၉၂ထိ အောက်စဖို့ရှိ ခရစ်တော်ဘွဲ့နာမခံအသင်းတော်၏ဌာနေ ကင်နွန်(Canon Residential) အဖြစ် လည်းကောင်း၊ ၁၉၈၆-၉၂ထိ အောက်စဖို့တက္ကသိုလ်တွင် ဓမ္မပညာဆိုင်ရာ (Divinity) လေဒီမာဂရက်ပါမောက္ခအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁၉၈၉တွင် ဓမ္မပါရဂူဘွဲ့(D.D) ရရှိခဲ့ပါသည်။ ၁၉၉၁၊ ဒီဇင်ဘာ(၅)ရက်တွင် ဝေလနယ်အသင်းတော်၏ မွန်မောက်သာသနာပိုင်အဖြစ် ရွေးချယ်ခံရပြီး ၁၉၉၂၊ မေလ (၁၄) ရက်နေ့တွင် စိန့်ဝူးလို့စ်ကသီဒြယ်ကျောင်းတော်၌ ဘိသိက်ပေးခြင်းခံရပါသည်။ ၂၀၀၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်နေ့တွင် စိန့်ဝူးလို့စ်ကသီဒြယ်၌ပင် ဝေလနယ် အသင်းတော်၏ သာသနာပိုင်ချုပ်အဖြစ် ပလ္လင်အပ်နှင်းခြင်းခံရပါသည်။

၂၀၀၂ခုနှစ်၊ ဇူလိုင်လ(၂၃)ရက်နေ့တွင် ဘုရင်မ၏ရွေးချယ်ရေးကော်မရှင် (Crown's Appointment Commission) က ကင်တာဘာရီသာသနာပိုင်ချုပ်ကြီးအဖြစ် **အမည်စာရင်း တင်သွင်းထုတ်ပြန်ခဲ့ပြီး** ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်နေ့တွင် (၁၀၄) ဆက်မြောက် **ကင်တာဘာရီသာသနာပိုင်ချုပ်ကြီးအဖြစ်** ပလ္လင်အပ်နှင်းခြင်းခံရပါသည်။

ဒေါက်တာဝီလီယမ်စ်သည် ၁၉၈၁တွင် **ကင်းဘရစ်တက္ကသိုလ်မှ ဓမ္မပညာကထိကဖြစ်သူ** ဂျိန်းပေါလ်နှင့် လက်ထပ်ခဲ့ပြီး သမီးတစ်ဦးနှင့် **သားတစ်ဦးရှိပါသည်။**

ဒေါက်တာဝီလီယမ်စ်သည် ဓမ္မ**အတွေးအခေါ်သမိုင်းနှင့်** ဝိညာဉ်ရေးဆိုင်ရာစာအုပ် (၁၀) အုပ်ကျော်ရေးသား ပြုစုခဲ့ပြီး ကဗျာစာအုပ် (၂) အုပ်ကိုလည်း **ပြုစု ထုတ်ဝေခဲ့ပါသည်။** သူသည် ဗြိတိသျှပညာရှင်အဖွဲ့၌ အဖွဲ့ဝင် (Fellow of the British Academy) တစ်ဦးဖြစ်ပြီး တေးဂီတ၊ ဝတ္ထုနှင့် ဘာသာစကားတို့ကို စိတ်ဝင်စားသည်။

(Reference:Anglican World: Easter2003)

## အင်္ဂလီကန်သာသနာပြုအဖွဲ့အစည်းများညီလာခံကျင်းပပြီးစီးခြင်း

ကမ္ဘာ့သာသနာပြုလုပ်ငန်း၌ အသွင်ကူးပြောင်း ရေးနှင့် အစဉ်အလာ (Transformation and Tradition in Global Mission) ဟူသောခေါင်းစဉ် ဖြင့် အင်္ဂလီကန်သဟာယအတွင်းရှိ သာသနာပြုအဖွဲ့ အစည်းများ၏ညီလာခံ (Mission Organizations Conference) ကို ၂၀၀၃ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂-၁၈) ရက်များအတွင်း ကုပရုမြို့ (Cyprus) ၌ကျင်းပပြုလုပ်ခဲ့ရာ **အင်္ဂလီကန်သဟာယအတွင်းရှိ နိုင်ငံပေါင်း (၄၀) မှ သာသနာပြုလုပ်ငန်းဆောင်ရွက်** နေသူများ၊ **အတိုင်အပင်ခံပုဂ္ဂိုလ်များ (၁၁၀)** ဦး တက်ရောက်ခဲ့ပါသည်။

ကုပရုကျွန်းသည် **တမန်တော်ရှင်ပေါလုနှင့်** ရှင်ဗာနဗတို့ တစ်ပါးအမျိုးသားတို့အား **သာသနာပြုခဲ့ရာ** နေရာဖြစ်ပြီး ရှင်ဗာနဗ၏**အုတ်ဂူသည် ယခုအခါ တူရကီတို့သိမ်းပိုက်ထားသော ကုပရုကျွန်းမြောက်ဖက်တွင်** ယနေ့ထိတိုင် **တည်ရှိနေဆဲဖြစ်ပါသည်။** ဤသို့ သမိုင်းဝင်အရပ်ဒေသ၌ ယနေ့အင်္ဂလီကန်သဟာယအတွင်းရှိ သာသနာပြုအဖွဲ့ အစည်းများနှင့် သာသနာပြုလုပ်ငန်းများ၏ညီလာခံကိုကျင်းပခဲ့ခြင်းသည် အတိတ်ကိုသတိရအောက်မေ့လျက် ပစ္စုပ္ပန်၏

# THE ROLE OF Women in the CHURCH

# အသင်းတော်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ

ဒေါ်ယဉ်ယဉ်မော်

ကမ္ဘာဦးကျမ်း **၁း၂၇ တွင် ဘုရားသခင်သည်** လူကို မိမိပုံသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းသည်။ **ဘုရားသခင်၏ ဖန်ဆင်းခြင်းအမှု**တွင် အမျိုးသမီးသည် ယောက်ျားအတွက် အထောက်အမပြုရန် ဖန်ဆင်းခြင်းခံရသည်ကို ယေဘုယျအားဖြင့် လက်ခံကြပါသည်။ ထို့ကြောင့် အမျိုးသမီးများ၏ သမ္မာကျမ်းစာတွင် ပါဝင်ရသော အခန်းကဏ္ဍများကို လေ့လာခြင်းအားဖြင့် အမျိုးသမီးများသည် ကနဦးအသင်းတော်တွင် မည်သည့်ကဏ္ဍများမှပါဝင်၍ အထောက်အကူပြုခဲ့သည်ကို ကျွန်ုပ်တို့ တွေ့ရှိရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ဓမ္မဟောင်းခေတ်တွင် ဘုရားသခင်အသုံးပြုသော အမျိုးသမီးများအကြောင်းကို အနည်းငယ်တင်ပြလိုပါသည်။

ထွက်မြောက်ရာကျမ်း (၁း၁၅-၂၂) ၏ အဖြစ်အပျက်ကိုကြည့်ပါက ဟေဗြဲဝမ်းဆွဲသည်နှစ်ဦးဖြစ်သော ရှိဖရနှင့်ပုအာတို့သည် ဘုရားရှင်အပေါ် ယုံကြည်ကြောက်ရွံ့ခြင်းဖြင့် အဲဂုတ္တုရှင်ဘုရင်၏ အမိန့်ကိုဆန့်ကျင်၍ ဟေဗြဲကလေးယောက်ျားလေးများအား အသက်ချမ်းသာရရန် ကြံဆောင်ခဲ့ကြောင်းတွေ့ရပါသည်။ ဤနေရာတွင် အမျိုးသမီးနှစ်ဦး၏ ရဲရင့်ခြင်းနှင့် ဘုရားသခင်အပေါ် **လုံးဝယုံကြည်အားကိုးခြင်းဖြင့်** ဤအမှု ကို လုပ်ဆောင်ခဲ့ကြောင်းတွေ့ရပါသည်။

ထွက်မြောက်ရာကျမ်း (၁၅း၁၉-၂၁) တွင် မောရှေ၊ အာရုန်တို့နှင့်အတူ မိရိအံသည်လည်း ဣသရေလလူမျိုးများကို အဲဂုတ္တုဘုရင်၏ နှိပ်စက်မှုအောက်မှ လွတ်မြောက်အောင်ကြံဆောင်ရာတွင် **တစ်ဦးတည်းသောအမျိုးသမီးခေါင်းဆောင်** အဖြစ် ပါဝင်ခဲ့ကြောင်း တွေ့ရပါသည်။ ပင်လယ်နီကိုဖြတ်၍ **တစ်ဖက်**ကမ်းသို့ရောက်သောအခါ မိရိအံသည် ပတ်သာကိုကိုင်၍ မိန်းမအပေါင်း**တို့သည်** ပတ်သာကိုတီးလျက်၊ ကခုန်လျက်၊ ဘုရားသခင်အား ကျေးဇူးတော်ကို ချီးမွမ်းခဲ့ကြပါသည်။ ဤအဖြစ်အပျက်ကို ကြည့်ခြင်းအားဖြင့် ဘုရားသခင် သည် မောရှေ၊ အာရုန်တို့နှင့်အတူ မိရိအံကို ခေါင်းဆောင်နေရာတွင်ထား၍ အသုံးပြုခဲ့ကြောင်း နားလည်ရပါသည်။

ဆက်လက်၍ တရားမင်းတို့ အတ္ထုပ္ပတ္တိကျမ်း (တရားသူကြီးမှတ်စာ) အခန်းကြီး ၄ နှင့် ၅ တွင် ပရောဖက်မ ဒေဗောရသည် **ဣသရေလလူမျိုးများကို အုပ်စိုးခဲ့ကြောင်း**နှင့် ဟေဗာ၏မယား ယေလသည် ပရိယာယ်ကြွယ်စွာဖြင့် သိသရအား အနိုင်ယူခဲ့ကြောင်း တွေ့ရပါသည်။ ဤအဖြစ်အပျက်များတွင် ဣသရေလလူမျိုးစုတို့သည် ကျား/မ ခွဲခြားခြင်းမရှိဘဲ တော်သော၊ ထက်မြက်သော ခေါင်းဆောင်များ၏ ဦးဆောင်မှုအောက်တွင် အတူတကွလက်တွဲနေထိုင်ခဲ့သည်ကိုတွေ့ရပါသည်။ အထက်ဖော်ပြပါ ကျမ်းအကိုးအကားများဖြင့် တင်ပြချက်များကို ကြည့်ခြင်းဖြင့် ဘုရားရှင်သည် ဓမ္မဟောင်းခေတ်ကာလတွင် အမျိုးသမီးများအား အသုံးပြုခဲ့ကြောင်းနှင့် သူတို့၏ပါဝင်မှုများကို အသိအမှတ်ပြုကြောင်း နားလည်ရပါသည်။

ဆက်လက်၍ ဓမ္မသစ်ထဲ၌ ရှင်ပေါလုနှင့်အတူ လက်တွဲ၍ အသင်းတော်အားဦးဆောင်ခဲ့သော ပြစ်ကိလ နှင့် အာကုလတို့၏ **အတူတကွလက်တွဲ၍ အသင်းတော်ကိုဦးဆောင်ခဲ့ကြောင်းကို** ရောမဩဝါဒစာ ၁၆း၃-၅၊ တိမောသေဩဝါဒစာ ဒုတိယစောင် ၄း၁၉၊ ကောရိန္သု ဩဝါဒစာပထမစောင် ၁၆း၁၉ တို့တွင် **Partnership in Leadership** ဖြစ်ကြောင်းကို တွေ့ရပါသည်။ ထိုနည်းတူ **သခင်ခရစ်တော်သည်လည်း အမျိုးသမီးများအား အထူးဂရုပြု၍ အလေးပေးခဲ့ကြောင်းကိုလည်း** ရှင်လုကာခရစ်ဝင်ကျမ်း ၁၀း၃၈-၄၂ တွင် မာရိ၊ မာသတို့နှင့်ဆက်ဆံရေးကို ဖတ်ရှုခြင်းအားဖြင့် နားလည်ရပါသည်။ အထူးသဖြင့် အင်္ဂလန်တွင်ရှိသော အင်္ဂလီကန်အသင်းတော်များတွင် ထိုအမျိုးသမီး(၂)ဦး၏ ပါဝင်ကြသော အခန်းကဏ္ဍကို အစဉ်အမြဲပြောဆိုနေမြဲဖြစ်ကြောင်းကို Christine Amjad Ali မှ ဆိုပါသည်။ အထူးသဖြင့် မေရီအား အသင်းတော်၏လုပ်ငန်းတွင် စိတ်ဝင်စားသူအဖြစ်ဖော်ပြပြီး၊ မာသအား ရိုးရိုးသာမန် အမျိုးသမီးတစ်ဦးအဖြစ်သာ အသင်းတော်တွင်ပါဝင်ကြောင်း ဖော်ပြကြပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည်လည်း ငါမိကိုယ်ကို မည်သည့်အမျိုးအစားတွင်ပါဝင်ကြောင်း ဆန်းစစ်နိုင်ပါသည်။

ဆက်လက်၍ ကနဦးအသင်းတော်များ လက်ထက်တွင် အမျိုးသမီးများအား မည်ကဲ့သို့ အမြင်ရှိခဲ့ကြောင်းကို တင်ပြလိုပါသည်။ ၄ ရာစုတွင် အသင်းတော်များ၌ အမျိုးသမီးများနှင့်ပတ်သက်၍ သင်ကြားမှုပေးရာတွင် စူးစမ်းလေ့လာမှု ပညာရှင် **စိန်ဩဂတ်စတင်း၏** အာဘော်များလွှမ်းမိုးခဲ့ပါသည်။ သူ၏အဆိုအရ မိန်းမသည် ယောက်ျား၏အရိုးမှ ဖန်ဆင်းခဲ့ခြင်းဖြစ်သည့်အတွက် ယောက်ျားကို **ကူညီမစသောသူဖြစ်သည်။** (ကမ္ဘာဦးကျမ်း ၂း၂၀-၂၅) ဧဝသည် အာဒံ၏အရိုးဖြင့် ဖန်ဆင်းခြင်းဖြစ်သည်ဟု အခြေခံအကြောင်းရင်းသည် **ဘုရားသခင်၏** ပြုလုပ်ချက်ဖြစ်သည်။ စိန်ဩဂတ်စတင်း၏ အတွေးအခေါ်အရ လူ့အသိုင်းအဝန်းတွင် အမျိုးသားနှင့်အမျိုးသမီး၏ဆက်ဆံရေးသည် အမြင့်နှင့်အနိမ့် **ဆက်ဆံရေးအဖြစ်** တည်ရှိခဲ့ကြောင်းတွေ့ရသည်။ သဘောတရားမှာ အမျိုးသားသည် ပထမဖန်ဆင်းခြင်းခံရပြီး အမျိုးသမီးမှာ လူယောက်ျား၏အရိုးမှထုတ်ယူ၍ ဖန်ဆင်းခြင်းခံရသောကြောင့် ဒုတိယဖြစ်သည်။ ဤအယူအဆသည် ရာစုနှစ်ပေါင်းများစွာကို ဖြတ်သန်းလက်ခံသင်ကြားခဲ့ပြီး ရောမကာသိုလစ်ဓမ္မအတွေးအခေါ်ပညာရှင်ဖြစ်သော

> **သူ၏အဆိုအရ မိန်းမသည် ယောက်ျား၏အရိုးမှ ဖန်ဆင်းခဲ့ခြင်းဖြစ်သည့် အတွက်ယောက်ျားကို ကူညီမစသောသူဖြစ်သည်**

# ကမ္ဘာ့အတိုင်းအတာတစ်ခုဖြစ်စေ၊ မိမိနိုင်ငံ၌ဖြစ်စေ၊ မိမိအသင်းတော်၌ဖြစ်စေ၊ အမျိုးသမီးများအား ဖိနှိပ်ချုပ်ချယ်သောစနစ်များ လုံးဝပျောက်သွားသည်အထိ တွန်းအားပေးရန်

သောမတ်အကွီနပ်(စ်) (Thomas Aquinas) ၏ အသင်းတော်တွင်းသင် ကြားမှုကို ပိုမို အားဖြစ်စေခဲ့သည်။

St. Augustine နှင့် Thomas Aquinas တို့၏ သွန်သင်မှုများသည် ဆက်လက်၍ ၁၃ ရာစု အသင်းတော်များအတွင်း လက်ခံကျင့်သုံးခဲ့ကြသည်။ ၁၆ ရာစုနှစ် ပြုပြင်ပြောင်းလဲရေး နောက်ပိုင်းတွင် Protestant Church များ၏ အမျိုးသမီးများအပေါ် ခံယူချက်သည် အထူးသဖြင့် Martin Luther ၏ အဆိုအရ ဘုရားသခင်သည် ယောကျ်ားကိုကျယ်ပြန့်သော ရင်အုပ်နှင့် ပုခုံးရှိစေသည်။ ထို့ကြောင့် ယောကျ်ားသည် နားလည်နိုင်သော ဉာဏ်ပညာရှိသည်။ ယောကျ်ား၏ အညစ်အကြေးစွန့်လမ်းကြောင်းသည်လည်းသေး၏။ မိန်းမသည် ယောကျ်ားနှင့်အားလုံး ဆန့်ကျင်ဖက်ဖြစ်သည်။ ၎င်းအပြင် မိန်းမတွင် အညစ်အကြေးစွန့်လမ်းကြောင်း များစွာပါရှိသည်။ ထို့ကြောင့် မိန်းမသည် နားလည်နိုင်သောဉာဏ်ပညာအနည်းအကျဉ်းသာရှိသည်။ ၎င်းအပြင် မိန်းမကိုဖန်ဆင်းခြင်း၏ အဓိကအချက်မှာ ယောကျ်ားအားပြုစုရန်၊ ကူညီမစရန်၊ သားဖွားခြင်းအမှုကို ပြုရန်ဖြစ်သည်။ အထောက်အမဟု မဆိုပါ။ အမျိုးသမီးများသည် ဇနီးသည်နှင့် မိခင်နေရာတွင်သာ ဖြစ်ကြောင်း Luther မှ ရေးသားပြောဆိုသင်ကြားခဲ့သည်။

၂၀ ရာစုအသင်းတော်များသည် အမျိုးသမီးများအပေါ် ကနဦးအသင်းတော်သဘောထားများကို ပြန်လည်စဉ်းစားဆန်းစစ်၍ အမျိုးသမီးများကို အနာဂတ်အသင်းတော်များတွင် မည်ကဲ့သို့နေရာပေး အသုံးပြုသင့်ကြောင်း စဉ်းစားလာကြသည်။ ထို့ကြောင့် WCC (World Council of Churches ) မှ Decade of the Churches in Solidarity With Women (1988-1998) အသင်းတော်အမျိုးသမီးများနှင့် တစ်လုံးတစ်ဝတည်းဖြစ်ခြင်းဆယ်စုနှစ်ကို ဦးတည်သော၊ အကောင်အထည်ဖော်သော အစီအစဉ်လှုပ်ရှားမှုများကို မီးမောင်းထိုးလာခဲ့ကြသည်။ ၎င်းဆယ်စုနှစ်၏ ရည်ရွယ်ချက်မှာ . . .

၁။ ကမ္ဘာ့အတိုင်းအတာတစ်ခုဖြစ်စေ၊ မိမိနိုင်ငံ၌ဖြစ်စေ၊ မိမိအသင်းတော်၌ဖြစ်စေ၊ အမျိုးသမီးများအား ဖိနှိပ်ချုပ်ချယ်သောစနစ်များ လုံးဝပျောက်သွားသည်အထိ တွန်းအားပေးရန်၊

၂။ အသင်းတော်များနှင့် လူမှုအဖွဲ့အစည်းများ၌ ခေါင်းဆောင်မှုနှင့် မျှတစွာဆုံးဖြတ်နိုင်မှု ဓမ္မရေးရာနှင့်ဝိညာဉ်ရေးရာ စသည်တို့တွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်ခြင်းကို အသိအမှတ်ပြုရန်၊

၃။ တရားမျှတရေး၊ ငြိမ်းချမ်းရေးနှင့် ဖန်ဆင်းခြင်း၏ ညီညွတ်မျှတပြည့်စုံရေးအတွက် အမျိုးသမီးများ၏ အမြော်အမြင်နှင့် ဆောင်ရွက်မှုများအပေါ်တွင် ထင်ရှားလာစေရန်၊

၄။ လူမျိုးရေးခွဲခြားခြင်း၊ လိင်ခွဲခြားခြင်း၊ အဆင့်အတန်းခွဲခြားခြင်းမှ လွတ်မြောက်နိုင်ရေးအတွက် အမျိုးသမီးများအပေါ် ခွဲခြားဖိနှိပ်မှုဖြစ်စေသည့် သွန်သင်ဆောင်ရွက်ရေးအတွက် အသင်းတော်များအား အသိပေးလမ်းညွှန်မှုနှင့် ကျင့်သုံးမှုများပပျောက်ရေးနှင့် အရေးယူရန်၊

၅။ လုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများနှင့် တစ်လုံးတစ်စည်းတည်းရှိရေးအတွက် အသင်းတော်များကို တိုက်ရိုက်တွန်းအားပေးရန် ဟူ၍ဖြစ်ပါသည်။

ဤကဲ့သို့ ဆယ်စုနှစ်အကောင်အထည်ဖော်ခဲ့မှုများကို ပြန်လည်သုံးသပ်ကြည့်ပါက အသင်းတော်များမှ အမျိုးသမီးများအား ဦးဆောင်စေမှု၊ နေရာပေးမှုများသည် ကန့်သတ်ထားသည့်ဘောင်တစ်ခုအတွင်း၌ပင် ရှိနေပါသေးသည်။ ဤကဲ့သို့ ကန့်သတ်မှုများသည် လူမျိုးစုတစ်ခု၏ ယဉ်ကျေးမှုနှင့်ဓလေ့ထုံးစံများကို ယခုထိတိုင်အောင် ကျော်လွှားနိုင်ခြင်းမရှိသေး၍ဖြစ်ပါသည်။ ဥပမာအားဖြင့် အမျိုးသမီးသည် မသန့်ရှင်း၊ မစင်ကြယ်ဟုသတ်မှတ်ခြင်း၊ လုပ်ကိုင်နိုင်စွမ်းမရှိ၊ စိတ်မချရ စသည်အားဖြင့် ယူဆနေဆဲဖြစ်ပါသည်။

ယနေ့အသင်းတော်များတွင် အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍသည် နောက်တန်းမှ အင့်နှင့်အားနှင့် အထူးပံ့ပိုးနေကြသူများဖြစ်ကြောင်း တွေ့ရပါသည်။ အမှန်တကယ် အမျိုးသမီးများအား အသင်းတော်တွင် ဦးဆောင်နေရာပေးမှုဆိုသည်မှာ သူတို့၏အစွမ်းအစကို အသုံးပြုကြည့်ခြင်းဖြင့် အမျိုးသမီးများ၏ စွမ်းရည်ကိုမြှင့်တင်ပေးနိုင်ပါသည်။ ယခု မျက်မှောက်ခေတ်သည် ဆက်သွယ်ရေးစနစ်အလွန်မြန်သော၊ တိုးတက်သောအချိန်အခါဖြစ်လာခြင်းနှင့်အတူ အမျိုးသမီးများ၏ လူ့အသိုင်းအဝိုင်းတွင်ပါဝင်လာမှု၊ ခေါင်းဆောင်လာမှုတို့ကို အသိအမှတ်ပြုရမည်ဖြစ်ပါသည်။ အသင်းတော်တွင် အမျိုးသမီးများအပေါ် ထားရှိသောအမြင်သည်လည်း ခေတ်နှင့်အညီ လိုက်လျောညီထွေစွာ ရှုမြင်တတ်ရန် လိုအပ်ပါသည်။ အသင်းတော်များတွင်လည်း ကျမ်းစာကျောင်းဆင်း အမျိုးသမီးဓမ္မအမှုဆောင်များကို သာမန်နေရာတွင် သာမဟုတ်ဘဲ အသင်းတော်၏ သင်းထောက်အဖြစ်နေရာပေးခြင်းဖြင့် ၎င်းတို့၏စွမ်းရည်ကို မြှင့်တင်ပေးနိုင်ပါသည်။ ယခုမျက်မှောက်ခေတ်တွင် အမျိုးသမီးသည် ဇနီးကောင်း၊ မိခင်ကောင်းဖြစ်ရုံမျှမက လူ့အသိုင်းအဝန်းတွင်လည်းကောင်း၊ အသင်းတော်တွင်လည်းကောင်း၊ ခေါင်းဆောင်တစ်ဦး ဖြစ်လာနိုင်ပါသည်။ သမ္မာကျမ်းစာထဲတွင် အမျိုးသားနှင့်အမျိုးသမီးအား အဆင့်အတန်းမခွဲထားပါ။ တန်းတူတာဝန်ပေး၍ နေရာပေးထားကြောင်းတွေ့ရပါသည်။

ထို့ကြောင့် အမျိုးသမီးများသည် အသင်းတော်တွင် ကျရာကဏ္ဍမှ စွမ်းစွမ်းတမံ ပံ့ပိုးနေခြင်းများကို အသိအမှတ်ပြုလျက် ဦးဆောင်သူနေရာတွင်လည်း စွမ်းရည်ရှိပြီး ထက်မြက်သောသူများ ဖြစ်လာစေရန် ပံ့ပိုးမြှင့်တင်ပေးဖို့ လိုအပ်ပါသည်။ အမျိုးသမီးများအနေဖြင့်လည်း မိမိကိုယ်ကို သိမ်ငယ်အားငယ်စရာမလိုပဲ ယုံကြည်မှုအပြည့်ဖြင့် ပေးထားသောတာဝန်ကို ရဲရင့်စွာ ယူတတ်ရန် အရေးကြီးပါသည်။ အထူးသဖြင့် ဘုရားရှင်သည် ကျွန်မတို့ကို အသုံးပြုနေကြောင်း သဘောပေါက်နားလည် လက်ခံတတ်ရပါမည်။ ကျွန်မတို့၏ ရေခံမြေခံ သဘောတရားအရ ပြစ်ကီလ၊ အာကုလကဲ့သို့ Leadership in Partnership အသွင်ဖြင့် အသင်းတော်၏လုပ်ငန်းများတွင် အတူတကွလက်တွဲလုပ်ဆောင်ရန်လိုအပ်ပါသည်။ ထို့ကြောင့် အသင်းတော်တွင် အမျိုးသားများကဲ့သို့ပင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးသောနေရာမှ ပါဝင်နေခြင်းဖြစ်ကြောင်းကို သိရှိနားလည်ရန်အတွက် လိုအပ်သော စွမ်းရည်မြှင့်တင်ရေးသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများကို အလျဉ်းသင့်သလို ပြုလုပ်ပေးဖို့ရန်လည်း အချိန်ပေးရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အမျိုးသမီးများကိုယ်တိုင် မိမိကိုယ်ကိုဆက်ကပ်ခြင်းဖြင့် အသင်းတော်ကြီး၏တိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကြိုးစားပါဝင်ကြပါစို့။

ဒေါ်ယဉ်ယဉ်မော်
ဌာနမှူး
မိခင်များအသင်း
မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်

ကိုးကားသောစာအုပ်

- Celebrating wholeness
(A partnership of equal, CCA women's concern 1995, Hong kong)

– တစ်လုံးတစ်ဝတည်းဆယ်စုနှစ်
(၁၉၈၈–၁၉၉၈) အထူးထုတ်၊
မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ။

# ဆယ်စုနှစ် အတွေး မြောက်ဆိုရှင်

လူတို့အမှတ်သညာ၌ ဖြတ်သန်းကြုံတွေ့ရသည့် အချိန်များကို တစ်နေ့၊ တစ်ရက်၊ တစ်သီတင်းပတ်၊ တစ်လနှင့် တစ်နှစ် စသည်ဖြင့်အမှတ်ထားကြသည်။ သို့သော် တစ်နေ့မှာ နေ့စဉ်ကြုံတွေ့နေရခြင်းဖြစ်၍ လူတစ်ယောက်အဖို့ နေ့ပေါင်းများစွာကို ကြုံရမလွဲဖြစ်သည်။ တစ်နေ့နှင့်တစ်ညပေါင်း၍ တစ်မိုးသောက်သော တစ်ရက်မှာလည်း သူကျင်လည်ရမည့် နေ့တာအချိန်ကဲ့သို့ များလှသေး၏။ ထိုမှတဆင့်တက်သော် ခုနှစ်ရက်ကြာသည့် သီတင်းပတ်၊ ရက် ၃၀ ပျမ်းမျှကြာသည့် တစ်လနှင့် ၁၂ လကြာသည့် တစ်နှစ်တို့မှာလည်း အများစု လွယ်လွယ်ကျော်ဖြတ်နိုင်သည့်အချိန်တာဖြစ်သည်။

လူ့သက်တမ်း၊ လူ့အတွေ့အကြုံတွင် နှစ်နှင့်ချီ၍ ကျင်လည်ဖြစ်သန်းရမည်ဆိုသောအခါ ရှေ့နောက်ပြန်၍ တွေးရန်၊ မှတ်ရန်မှာ အကွက်စေ့ဖို့ရန် ခက်ခဲလာသည်။ နှစ်ပေါင်းအတော်ကြာ ဖြတ်ကျော်ရှင်သန်ရမည်ဆိုသောအခါ ရှင်သန်ခွင့်နှင့် မှတ်မှတ်သားသားရှိဖို့မှာ ပို၍ပင် ခက်ခဲလာသည်။ ထိုအကြား မှာပင် လူသည် ပြန်ပြောစရာ၊ အာရုံရောက်စရာ၊ ဆင်ခြင်စရာ၊ သင်ခန်းစာရှိလျှင် ယူစရာတို့ကို ကိုယ်ကြုံရသော ထူးထူးခြားခြား မှတ်လောက်သားလောက် အဖြစ်အပျက်နှင့် မှတ်သည်။ ၁၂ လ၊ ၁၂ ရာသီ ခွဲ၍လည်းမှတ်သည်။ နွေ၊ မိုး၊ ဆောင်း ကဲ့သို့သောဥတုသုံးလီနှင့်လည်းအဆင်ပြေသလိုမှတ်သည်။

လူတစ်ဦးအဖို့ ထိုမျှနှင့် ခရီးမဆုံးသေးပါက ကိုယ့်အရွယ်နှင့်မှတ်သည်။ "တို့ငယ်ငယ်တုန်းက"၊ "တို့လူပျိုအပျိုဘဝတုန်းက"၊ "ဒီသား ဒီသမီးမွေးတုန်းက" စသည်ဖြင့် ကိုယ့်ရေးနှင့်ယှဉ်၍ ပြောသလို "ရေကြီးတဲ့အချိန်တုန်းက"၊ မီးလောင်တဲ့အခါတုန်းက"၊ "လငပုပ်ဖမ်းတုန်းက"၊ "ကြယ်တံခွန်ကြီးပေါ်လာတုန်းက" စသည်ဖြင့်လည်းမှတ်သား၍ ပြောလိုရာနှင့်ချိတ်ဆက်၍ ပြောဆိုကြသည်။ ဤသည်မှာ လူတို့စုဖွဲ့နေထိုင်မှုစနစ်များ ရှင်းရှင်းလင်းလင်းရှိစဉ်ကဖြစ်သည်။ ကျေးရွာအဆင့်၊ ကျေးလက်အဆင့် လူ့အဖွဲ့အစည်းကဖြစ်သည်။

မြို့ပြတို့ ထွန်းကားစည်ပင်၍ ကူးယှက်ကူးသန်းမှု ရှုပ်ထွေးတွင်ကျယ်လာသောအခါ တစ်နှစ်တို့ကိုအသာထား၊ တစ်နေ့အကြောင်းကို အစီအရီတန်း၍ မှတ်ဖို့ပင် ခက်ခဲလာတော့သည်။ ထို့ကြောင့် ပြက္ခဒိန်စနစ် ခိုင်မာလာသည်။ နေ့စဉ် သတင်းအချက်အလက်တို့ကို ဖော်ပြမှတ်တမ်းတင်သော သတင်းစာ၊ ဂျာနယ်ကဲ့သို့ ထုတ်ဝေမှုမျိုးလည်းရှိလာသည်။ ဤသို့ ထောက်ကူရန် အင်္ဂါစုံလင်လာပါလျက် တစ်ဦးချင်းအတွက်ဆိုလျှင် သိစရာ၊ မှတ်စရာ များလွန်းလာခဲ့သည်။ များပြားတိုင်း လိုက်လံ၍ မှတ်စရာ လိုကောင်းမှလိုပေမည်။ သို့သော် လိုရမယ်ရ မှတ်စရာ၊ သိစရာ၊ လေ့လာစရာများလည်း လူ့ကိစ္စတို့၌ ရှိရမြဲဖြစ်သည်။ ထို့ကြောင့် အမှတ်ရလွယ်ပြီး အရှာရ အဆင်ပြေစေရန် ကာလပိုင်းခြား၍ သိုမှီးကြရသည်။

အချက်အလက် စုဆောင်းသိုမှီးရသောအလုပ်သည် သမိုင်းဆရာတို့၏အလုပ်၊ စာနယ်ဇင်းသမားတို့၏ အလုပ်၊ စာရေးဆရာ၊ ပညာရေးသမားမှသည် စာသင်သားတို့၏အလုပ်ဖြစ်သည်။ သူတို့၏ လေ့လာစုဆောင်းမှုတွင် မတိုမရှည်ဖြစ်သော ကာလသတ်မှတ်ချက်သည် အဆင်ပြေဆုံးဖြစ်ဖွယ်ရှိသည်။ ထို့ကြောင့် "ဆယ်စုနှစ်" ဟူသောကာလအတိုင်းအတာတစ်ခုကို တီထွင်သုံးစွဲကြသည်။ လူတို့အသုံး၌ အရေအတွက်ကိစ္စဆိုလျှင် ဆယ်လီစိတ်ရသည်မှာ အလွယ်ဆုံးဖြစ်သည်။ ဒဿမ အရေ အတွက်ဖြစ်သည်။ အင်္ဂလိပ်ဘာသာအားဖြင့် ဒက်စီမယ်လ် (Decimal) ကိစ္စဖြစ်သည်။ ဆယ်စုကာလကို နှစ်ဖြင့်ဖွဲ့သောအခါ ဆယ်စုနှစ်ကို ဒက်ကိတ် (Decade) ဟုသုံးလေသည်။

ဆယ်စုနှစ်ပေါင်း ဆယ်ခါပြန်လျှင် နှစ်ကာလဆိုပါက နှစ်ပေါင်း ၁၀၀ ရသည်။ နှစ်ပေါင်း ၁၀၀ ကို ရာစုနှစ်ဟူ၍ မြန်မာဘာသာဖြင့် သုံးနှုန်းခဲ့သည်မှာ နှစ်ပေါင်း ၅၀ မျှရှိပြီဟု ခန့်မှန်းရသည်။ ထို့ထက် စောသောကာလ အသုံးအနှုန်းမျိုး အထောက်အထား ရှာမရသောကြောင့်ဖြစ်သည်။ ရာနှင့်ချီသော အတိုင်းအတာ၊ ဝန်ချိန်၊ ကာလတို့မှာ မြန်မာတို့တွင် ရာဝင်အိုး၊ ရာဇူ (ချိန်ခွင်)၊ ရာကျော် သက်အရွယ် စသည်ဖြင့် သုံးစွဲမှုများရှိထားသည်။ အင်္ဂလိပ်ဘာသာ၌ စင့်ကျူရီ (Century) ဟူသော အသုံးအနှုန်းရှိသည်။ ခုနှစ်သက္ကရာဇ်တို့ကို တစ်ရာစုစီ၌ ကန့်လိုက်သောအခါ ပြီးခဲ့သော ၁၉၀၀ပြည့်မှ ၁၉၉၉ ခုနှစ်သည် ၂၀ရာစု ဖြစ်သည်။ Twentieth Century ဟုသုံးနှုန်းသည်။ ရောက်ဆဲ ၂၀၀၀ ပြည့်နှစ်မှစသော ပြက္ခဒိန်နှစ်တစ်ရာစုမှာ ၂၁ ရာစု (Twenti-first Century) ဖြစ်သည်။

လူ့စိတ်ကူးဖြင့် အချိန်ကာလခရီးကို အသွား အပြန် တွေးဆရသောအခါ ဆယ်စု၊ ရာစုတို့ထက် ရှည် လျားသောအချိန်သည် ကိုယ်တိုင်လက်လှမ်းမမှီစရာ အကြောင်းဖြစ်သည်။ ရာစုနှစ်တစ်စုသည်ပင် လူ့သက်တမ်း တွင် မလွှမ်းခြုံမိနိုင်ပေ။ သမ္မာကျမ်းစာထဲ၌ မျှော်မှန်းဖော်ပြသော ပြည့်ပြည့်ဝဝ အသက်တာအချိန်သည် "နှစ်ဆယ်သုံးလီနှင့်ဆယ်နှစ်" (Three score years and ten) ဟု ဆိုသဖြင့် နှစ်ပေါင်း ၇၀မျှ ဖြစ်သည်။ ထိုသမ္မာကျမ်းစာနှင့်တကွ မြန်မာမွေးဇာတာရက်ချုပ်တို့ "အသက် ၁၂၀ ရှည်စေသတည်း" ဟူသောအသုံးအနှုန်းမှာ မျှော်မှန်းချက်ပင်ဖြစ်သည်။ ဤမျှော်မှန်းချက်ကို ၂၁ ရာစု သိပ္ပံပညာရှင်တို့၏ စိတ်ကူးယဉ်ယဉ်ဖြင့် ကြိုးစားပြီး အောင်မြင်ရန် လမ်းရှာနေကြသည်။

ထို့ကြောင့် လူတစ်ဦးအဖို့ အချိန်ကာလ လက် နိုင်ခြေနိုင် အပိုင်းအခြားပြုရာ၌ ဆယ်စုနှစ်များသည် လုပ်သာကိုင်သာအရှိဆုံးဟု ယူဆစရာရှိသည်။ ထိုနည်းလမ်းကို "မြန်မာနိုင်ငံသတင်းစာအညွန်း" စာအုပ်ကို ရေးသား၍ ၁၉၉၂ခုနှစ် အမျိုးသားစာပေဆု ဆွတ်ခူးခဲ့သော ဆရာတက္ကသိုလ်ထင်ကြီးက ၁၉၀၀ပြည့် မတိုင်မီမှစ၍ မြန်မာနိုင်ငံတွင်ထုတ်ဝေခဲ့သော သတင်းစာများကို ရုပ်ပုံ၊ အကြောင်းအရာ၊ ရာဇဝင်နှင့် ဖော်ပြရာ၌ ဆယ်စုနှစ်အလိုက် အပိုင်းအကန့်ခွဲ၍ ဖော်ပြသည်။ သတင်းစာသမိုင်းကို ကြည့်စရာမလိုသော်မှ ဆယ်စုနှစ် တစ်ခေတ်စီက သတင်းစာ၏ကုန်ကြမ်းများဖြစ်သည့် လူမှုရေး၊ စီးပွားရေးတို့ကိုစေ့စုံအောင် ဖော်ပြထားသည်မှာ ဆက်စပ်လိုက်လျှင် မြန်မာ့လူမှုရေးသမိုင်းစာအုပ်ဟုပင် ဆိုရလောက်သည်။

ဤအကြောင်းကိုရေးရင်း ကျွန်တော့်စားပွဲပေါ် ၌ ရာပြည့်စာအုပ်တိုက်မှ ဦးစိုးညွန့်က မြန်မာဘာသာ ပြန်ဆိုရန်ပေးထားသည့် ၂၀ ရာစုနှစ် ၁၀၀ ၏ မှတ်တိုင်နှင့် အဖြစ်အပျက် အတိုချုပ်တို့ကို ရုပ်ပုံနှင့်တကွ ဖော်ပြထားသော ၂၀၀၀ ပြည့်နှစ်ထုတ် စာအုပ်ကြီးရှိနေသည်။ ထိုစာအုပ်၏ စာမျက်နှာများကို လှန်လှောရင်းဖြင့် ကိုယ်ဖတ်ဖူးသော အဖြစ်အပျက်များ၊ တွေ့ဖူးသောမျက်နှာများ၊ ကြုံဖူးသိဖူး၍ ရင်းနှီးနေသလိုရှိသော အချက်အလက် အကြောင်းအရာတို့ကို သတိရသည်။

ထိုအခါ နှစ် ၁၀၀ သည် အလွန်မတန် ရှည်လျားသည် မဟုတ်ပါလားဟု အတွေးဝင်ရသည်။ သို့သော် ဆယ်စုနှစ်များကား ဖတ်မိမှတ်မိလျှင် မှတ်မှတ်ရရ လန်းလန်းဆန်းဆန်း ရှိနေတတ်သေးသဖြင့် ပို၍ရင်းနှီးစွာ ခံစားရသည်။ ဤသို့ဖြင့် ဆယ်စုနှစ်နှင့် ရာစုနှစ် အတွေးများ ဦးခေါင်းတွင်အပြိုင်ဖြစ်နေခိုက် လူ့သက်တမ်း နှစ် ၁၀၀၀န်းကျင်သို့ ပုံမှန်ရောက်ရေးကို ဇီဝသိပ္ပံပညာရှင်တို့ အားထုတ်ကြိုးစားနေကြသည်တို့ အောင်မြင်ပါစေကြောင်း ဆုမွန်တောင်းရသည်။□

### ဘုန်းတော်ကြီးစတိုင်လိုနင့်

# လှိုင်ကော်မြို့ရှင်ပေါလုအသင်းတော် ငါးကန်စီမံကိန်းအကြောင်း

**မေး (၁)** ဆရာရှင့်၊ ဆရာတို့အသင်းတော်မှာပြုလုပ်လျက်ရှိသော ငါးစီမံကိန်း မည်သို့ စတင်လာကြောင်း သိပါရစေရှင်။

**ဖြေ** - လှိုင်ကော်မြို့၊ ရှင်ပေါလုအသင်းတော်မှပြုလုပ်လျက်ရှိသော ငါးမွေးမြူရေးလုပ်ငန်းကို ဒံယေလမွေးမြူရေးလုပ်ငန်းလို့ နာမည်ခေါ်တွင်ပါတယ်။ စတင်မွေးမြူသောခုနှစ်ကတော့ ၁၉၉၃ခုနှစ်၊ အောက်တိုဘာလ ဖြစ်ပါတယ်။ မွေးမြူတာကတော့ မွေးမြူရေးငါးမဟုတ်ပါဘူး။ ငွေရေးကြေးရေးလည်း များများ မစိုက်ထုတ်နိုင်တဲ့အတွက် ငါးရိုင်းမွေးမြူခြင်းနဲ့စတင်ခဲ့ပါတယ်။ ဒံယေလငါးမွေးမြူရေးကို မွေးမြူရခြင်းရဲ့ရည်ရွယ်ချက်ကတော့ မိဘမဲ့များ၊ ဆင်းရဲသားများ၊ ခိုကိုးရာမဲ့များ၊ အခြေအနေအမျိုးမျိုးကြောင့် ကျောင်းနေခွင့်မရရှိတဲ့ ကလေးသူငယ်များ၏ ပညာရေးဝန်ဆောင်မှုအတွက် ရည်ရွယ်ထားတဲ့လုပ်ငန်းဖြစ်ပါတယ်။

**မေး (၂)** လက်ရှိငါးကန်အရေအတွက်၊ အကျယ်အဝန်း၊ မွေးမြူသည့် ငါးကောင်ရေ၊ ငါးအမျိုးအစားနှင့် မွေးမြူပုံနည်းစနစ်တို့ကို သိပါရစေရှင့်။

**ဖြေ** - လက်ရှိ ငါးကန်အကျယ်အဝန်းကတော့ ဧက(၄၀) ရှိပါတယ်။ မွေးမြူသည့် ငါးကောင်ရေကတော့ မြက်စားငါးကြင်း (၅၀၀၀) နဲ့ နိုင်းတီလားဗီးယား (၅၀၀၀) ဖြစ်ပါတယ်။ မွေးမြူရေးစနစ်ကတော့ (၂)မျိုး ရှိပါတယ်။ တစ်မျိုးကတော့ ငါးကန်တူး အစာကျွေးစနစ်မွေးမြူခြင်းနဲ့ သဘာဝမွေးမြူနည်းဖြစ်ပါတယ်။ သဘာဝမွေးမြူနည်းကတော့ စရိတ်သက်သာပါတယ်။

**မေး (၃)** လက်ရှိငါးအထွက်နှုန်း မည်မျှရှိပါသလဲ။ ၎င်း ငါးများ တင်ပို့ရောင်းချခြင်း ဈေးကွက်အခြေအနေကို သိပါရစေ။

**ဖြေ** - အထွက်နှုန်းနဲ့ပတ်သက်လို့ ကျွေးမွေးပြုစုသူတွေရဲ့ ဂရုစိုက်မှုအပေါ်မှာပဲ တည်ပါတယ်။ အကယ်၍ မကျွေးဘူးဆိုရင်လည်း တစ်နှစ်အတွင်း တစ်ဆယ်သားရဖို့

စာတည်းအဖွဲ့





မလွယ်ပါဘူး။ ကျွေးမွေးမှုဆိုသည်မှာလည်း အစာသက်သက်ကျွေးခြင်းမဟုတ်ပါဘူး။ ရေသြဇာလည်း မွေးမြူရပါ တယ်။ ရေသြဇာမွေးမြူရေးမှာ ငါးအတွက် လိုအပ်တဲ့ အာဟာရလည်း အများကြီးရရှိနိုင်ပါတယ်။ ရောင်းချမှုကတော့ ကယားပြည်နယ်မှာ ငါးမွေးမြူရေးအတွက် လုံးဝမရဘူးလို့ ပညာရှင်တွေက လွန်ခဲ့တဲ့နှစ်အတော်များများက သတ်မှတ်ထားသည့်အတွက် ဘယ်သူမှငါးမမွေး ကြပါဘူး။ ကျွန်တော်တို့ စတင်လို့ တကယ်ဖြစ်မြောက်လာတဲ့အခါကျမှ ပြည်နယ်သားတွေ တော်တော်စိတ်ဝင်စားလာကြလို့ စတင်မွေးမြူကြပါပြီ။ ပညာရှင်တွေရဲ့ ဆုံးဖြတ်အတည်ပြုခဲ့တဲ့ ကယားပြည်နယ် ငါးမွေးမအောင်မြင်ဘူးဆိုတဲ့ သဘောတူညီချက်ကို ကျော်လွန်ပြီး အောင်မြင်အောင် မွေးမြူနိုင်တဲ့အတွက် တကယ့်ဘုရားသခင်ရဲ့တန်ခိုးတော်ပါပဲ။ ကျွန်တော်တို့ မွေးမြူရေးအောင်မြင်တာ ကျွန်တော်တို့ တော်လို့မဟုတ်ဘူး။ အသက်ရှင်တဲ့ ဘုရားသခင်ရဲ့ ကျေးဇူးတော်သက်သက်ပါပဲ။ ယခုစတင် မွေးမြူလာသည့် လုပ်ငန်းရှင်တော်တော်များများရှိလာပေမယ့် ငါးများတင်ပို့ရောင်းချမှု အခက်အခဲကတော့ မရှိပါဘူး။ ရပ်ကွက်မှာပဲ ကုန်သွားပါတယ်။ အခြား မြို့နယ်ပို့ရမည့်အဆင့်မရှိပါဘူး။ ဈေးကွက်လည်း ရှိပါတယ်။ အချို့ကတော့ ကန်ပြတ်နဲ့လာပြီး ကမ်းလှမ်းကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က အမှန်စားသုံးသူထံ သင့်တော်သောဈေးနှုန်းနဲ့ရောက်ဖို့ ရည်ရွယ်တဲ့အတွက် ကမ်းလှမ်းတဲ့လူတွေကို ဦးစားမပေးပါဘူး။

မေး (၄) ဆရာတို့စီမံကိန်းအားဖြင့် အသင်းတော်ဖွံ့ဖြိုးမှုကို မည်သို့ အထောက်အကူပြုပါသလဲဆိုတာ သိပါရစေရှင့်။

ဖြေ - ဟုတ်ကဲ့။ အံ့မတန်မေးဘို့ သင့်တော်တဲ့ မေးခွန်းတစ်ရပ်ပါပဲ။ လှိုင်ကော်မြို့၊ ရှင်ပေါလုအသင်းတော်ရဲ့ ရည်ရွယ်ချက်များထဲမှာ တစ်ခုပါဝင်တဲ့အရာကတော့ လူသားအရင်းအမြစ်ပြန်လည်ဖော်ထုတ်ရေး၊ ဘုန်းကြီးတို့ခေတ်မှာ ပတ်ဝန်းကျင်အတွက် ဘာလုပ်ပေးနိုင်မလဲ ရည်ရွယ်ပြီး မွေးမြူရေးမှရရှိလာသော အကျိုးအမြတ်ကို ကလေးသူငယ် (၅၃)ဦး အခမဲ့ နေထိုင်စားသောက်ခွင့်နဲ့ အခမဲ့ပညာသင်ကြားခွင့် ရရှိထားကြပါတယ်။ ဒီကလေးတွေကတော့ အသင်းတော်ဖွံ့ဖြိုးရေးနဲ့ ဧဝံဂေလိလုပ်ငန်းကြီးတစ်ခုပါပဲ။ ဒံယေလပညာပေးရိပ်သာလို့ ခေါ်ပါတယ်။ အချို့ကလေးတွေက (၁၀)တန်း မအောင်ဘူး။ သူတို့ကို ငါးကန်မှာ စိုက်ပျိုးရေးနေရာမှာ ပြန်ပြီးအလုပ်ခန့်ပါတယ်။ စက်မှုကျွမ်းကျင်မယ်ဆိုရင်လည်း ရန်ကုန်မြို့ရှိ အဆင့်မြင့်စက်ပြင် (မိုး) ဒီဇယ်စက်ပြင်ပညာကိုလည်း သင်ပေးပါတယ်။ မိုး/ဒီဇယ် ကျောင်းသားများ တည်းခိုဖို့ လိုလေးသေးမရှိအောင်စီမံပေးသော ရှင်ဘာနဗအသင်းတော်ကော်မတီနှင့် ဘုန်းတော်ကြီး နိုဝယ် နေလင်းအား ကျေးဇူးတင်ရှိပါသည်။ ပညာပေးရိပ်သာမှ မွေးမြူပြုစုပျိုးထောင်ပေးသောသူများကတော့ . . .

| | |
|---|---|
| ၁၀ တန်းအောင် | - ၂၂ ဦး |
| အဆင့်မြင့် စက်ပြင် မိုးဒီဇယ် | - ၃ ဦး |
| သူနာပြု | - ၂ ဦး |
| ဌာနဝန်ထမ်း | - ၄ ဦး |
| သားဖွား | - ၂ ဦး |
| အရန်သားဖွား | - ၂ ဦး |
| ကျောင်းဆရာမ | - ၁ ဦး ဖြစ်ပါတယ်။ |

အဲဒီအဖြစ်အားလုံးဟာ ဘုန်းတော်ကြီးတို့ရဲ့ ငါးမွေးမြူရေးစီမံကိန်းမှ ပတ်ဝန်းကျင်ကို အထောက်အကူပြုတဲ့အရာဖြစ်ပါတယ်။ သခင်ခရစ်တော်က အငယ်ဆုံးသူကိုကူညီမစခြင်းဟာ ငါ့ကိုကူညီမစလေပြီလို့ ပြောခဲ့တယ်နော်။



ဒံယေလငါးမွေးမြူရေးကို
မွေးမြူရခြင်းရဲ့ရည်ရွယ်ချက်ကတော့
မိဘမဲ့များ၊ ဆင်းရဲသားများ၊
ခိုကိုးရာမဲ့များ၊
အခြေအနေအမျိုးမျိုးကြောင့်
ကျောင်းနေခွင့်မရရှိတဲ့
ကလေးသူငယ်များ၏
ပညာရေးဝန်ဆောင်မှုအတွက်
ရည်ရွယ်ထားတဲ့လုပ်ငန်းဖြစ်ပါတယ်။

မေး (၅) ဆရာတို့အနေနဲ့ စီမံကိန်းကိုလုပ်ဆောင်တဲ့အခါ မည်သည့်အခက်အခဲပြဿနာကို ရင်ဆိုင်ကြုံတွေ့ရပါသလဲရှင်။


ဖြေ - ဟုတ်ကဲ့။ ဘုန်းတော်ကြီးတို့ လုပ်ငန်းစီမံကိန်းထဲမှာ အခက်အခဲပြဿနာတွေ ရှိကြပါတယ်။ ဒါပေမယ့် များများတော့မဟုတ်ပါဘူး။ အလုပ်သမားတွေမကျွမ်းကျင်လို့ ငါးကြီးထွားမှုမရှိခြင်း၊ လုံခြုံရေးမကောင်းလို့ ခိုးမှုတွေ တစ်ခါတလေ တွေ့ကြုံရပါတယ်။ ငွေရေးကြေးရေးလည်း တစ်ခါတလေ ကြုံရပါတယ်။ ဥပမာ - သားပေါက်ရာသီမှာ ဆေးထိုးသားဖောက်ဖို့ ငွေရေးကြေးရေး။

မေး (၆) ဆရာတို့ ရှေ့ဆက်လုပ်ဆောင်ရန် မည်သို့သော အစီအစဉ်များရှိပါသလဲဆိုတာ သိပါရစေ။

ဖြေ - ဘုန်းတော်ကြီးတို့ ရှေ့ဆက်လုပ်ဆောင်ဖို့ အစီအစဉ်ကတော့ ဘုန်းတော်ကြီးတို့ရဲ့ Future Plan ပေါ့နော်။ ဒံယေလစိုက်ပျိုးမွေးမြူရေးဆင့်ပွားနည်းပညာသင်ကျောင်းကို ဖွင့်လှစ်ရန် စီမံထားပါတယ်။ ပထမအနေနဲ့ ၂၀၀၃ ခုနှစ်မှာ တစ်လသင်တန်း (၁) ကြိမ်၊ ၂၀၀၄ ခုနှစ်မှာ တစ်လသင်တန်း(၂)ကြိမ်၊ ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ(၅) ရက်နေ့၊ နံနက် (၉)နာရီမှာတော့ ဒံယေလ စိုက်ပျိုးရေး၊ မွေးမြူရေးဆင့်ပွားနည်းပညာသင်ကျောင်း ဖွင့်ပွဲအခမ်းအနားပါပဲ။ (၃) လသင်တန်းဖြစ်ပါမယ်။ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံနယ်စပ်ဒေသမှာ စိုက်သင့်တဲ့နေရာမှာစိုက်နိုင်ရအောင် မွေးမြူသင့်တဲ့အရာကို မွေးမြူနိုင်ရအောင် ကျေးလက်တောရွာ မိသားစုတိုင်း တစ်နိုင်တစ်ပိုင် ဖွံ့ဖြိုးလာအောင်ပါပဲ။ ၂၀၀၃ ခုနှစ်၊ တစ်လသင်တန်းကတော့ ပြီးသွားပါပြီ။ ၂၀၀၃ ခုနှစ်၊ ဇွန်လ(၁၅) ရက်မှဇူလိုင်လ(၁၅)ရက်အထိ သင်တန်းသား(၉)ဦး တက်ပါတယ်။ ဘုန်းတော်ကြီးတို့ ရှေ့လုပ်ငန်းစဉ် အောင်မြင်ပါ့မလားလို့ မေးစရာတော့ရှိမှာပဲ။ Future Plan အောင်မြင်ဖို့အရေးကြီးဆုံးလိုတာကတော့ (၁) ဘုရားပါရမယ်။ (၂) စည်းလုံးညီညွတ်မှုရှိရမယ်။ (၃) ငွေရေးကြေးရေးလုံလောက်ရပါမယ်။ (၄) အလုပ်လုပ်ဖို့ လူလိုအပ်ပါမယ်။ (၅) အရာဝတ္ထု၊ ပစ္စည်းလည်း လိုအပ်ပါမယ်။ (၆) အုပ်ချုပ်သူနှင့်အလုပ်သမား တစ်ဦးနှင့်တစ်ဦးနားလည်ပြီး လုပ်ငန်းတစ်ခုလုံးအပေါ် သစ္စာရှိဖို့ လိုအပ်ပါမယ်လို့ ယူဆပါတယ်။ လုပ်ငန်းအောင်မြင်ဖို့ ဆုတောင်းပေးကြပါလို့လည်း ပြောချင်ပါတယ်။ ရှာလုမ်မဂ္ဂဇင်းကိုလည်း ကျေးဇူးတင်ပါတယ်။

မေး (၇) ဆရာတို့ရဲ့ စီမံကိန်းအားဖြင့် အခြားသော ဘာသာဝင်တို့ကိုလည်း ဘယ်လိုအထောက်အကူဖြစ်စေလဲဆိုတာ သိပါရစေ။

ဖြေ - ဘုန်းတော်ကြီးတို့ ငါးမွေးမြူရေးစီမံကိန်းရဲ့ အလုပ်သမားအားလုံးဟာ မယုံကြည်သူတွေဖြစ်ပါတယ်။ ဘုန်းတော်ကြီးတို့အနေနဲ့ သူတို့သားသမီးတွေကို ကျောင်းထားပေးပါတယ်။ ရည်ရွယ်ချက်ကတော့ ဒီလုပ်ငန်းဟာ ပတ်ဝန်းကျင်မှာရှိတဲ့ ယုံကြည်သူရော၊ မယုံကြည်သူတွေ အားလုံးရဲ့ တိုးတက်မှုအတွက် လုပ်ဆောင်ခြင်းဖြစ်ပါတယ်။ ခရစ်ယာန်တွေအတွက်သာမဟုတ်ဘဲ ဒီပရဟိတအလုပ်အားဖြင့် ပတ်ဝန်းကျင်က မှီခိုအသက်ရှင်နိုင်ဖို့အတွက်ပဲ ဖြစ်ပါတယ်။□



ဘုန်းတော်ကြီးအဖြစ်အမှုတော်ဆောင်လိုသ
အမျိုးသား၊ အမျိုးသမီးများ
ဤဓမ္မတက္ကသိုလ်သို့တက်ရောက်ကြရာတွင်
ရေခံမြေခံနှင့်ကိုက်ညီသော
အဆင့်မြင့်ဓမ္မပညာများကို
ပေးအပ်နိုင်ရန်လိုအပ်ကြောင်း။
ထို့ပြင် . . .

ဘ ယ် သူ ပြော ရဲ မ လဲ

# အလိုအိုက်ခက်

နံနက် (၉)နာရီ (၂)မိနစ် . . ။

ဒေါက်တာဖေမောင်တင်အောက်မေ့ဖွယ် (၄)ထပ်အဆောက်အဦ၏ အစည်းအဝေးခန်းမ။ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၊ ကွပ်ကဲညွှန်ကြားရေးဘုတ်အဖွဲ့ အစည်းအဝေး။ သာသနာပိုင်ကြီးက သဘာပတိအဖြစ် ဆောင်ရွက်သည်။

ကွပ်ကဲညွှန်ကြားရေးအဖွဲ့ဝင် သာသနာပိုင်၊ ဘုန်းတော်ကြီး၊ တပည့်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ သူအပါအဝင် သင်ကြားရေးဌာန မှူးများလည်း မိမိတို့ဌာနနှင့်ပတ်သက်၍ တင်ပြရန်၊ ဖြေကြားရန် အစည်းအဝေးခန်းမတွင် ရောက်ရှိနေကြသည်။

ရှေးဦးစွာ သဘာပတိ သာသနာပိုင်ချုပ်ကြီးက အဖွင့်အမှာစကားပြောသည်။ သာသနာပိုင်ချုပ်ကြီးက "ယခုအခါ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်သည် အဘက်ဘက်က တိုးတက်ဖွံ့ဖြိုးမှုများစွာဖြင့် အောင်မြင်လျက်ရှိကြောင်း၊ လွန်ခဲ့သော (၁၀)နှစ်ကျော်ကဆိုလျှင် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်သည် မြန်မာပြည်အင်္ဂလိကန်အသင်းတော်တွင် တစ်ခုတည်းသော ဓမ္မ ပညာဘွဲ့ပေးကျောင်းဖြစ်ပြီး B.Th ကိုသာ ပေးနိုင်ခဲ့ကြောင်း၊ သို့သော် ယခုအခါ ဂိုဏ်းဂဏပေါင်းစုံ တက်ရောက်နေသော ဓမ္မတက္ကသိုလ်ဖြစ်နေပြီဖြစ်ကြောင်း၊ လွန်ခဲ့သော (၅)နှစ်မှစ၍ မဟာဓမ္မပညာဘွဲ့သင်တန်းကို စတင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ နေရာထိုင်ခင်းနှင့် အဆောက်အဦး တိုးချဲ့ဆောက်လုပ်ရန် အခက်အခဲများကြောင့် လွန်ခဲ့သော (၂)နှစ်မှစ၍ B.Th သင်တန်းကို ဖွင့်လှစ်ခြင်းမပြုတော့ဘဲ မဟာဓမ္မပညာဘွဲ့သင်တန်းတစ်ခုတည်းကိုသာ ဖွင့်လှစ်လာခဲ့ကြောင်း၊ B.Th သင်တန်းများကို မြစ်ကြီးနားသာသနာပိုင်နယ်ရှိ ဧမာနွေလဓမ္မကောလိပ်၊ စစ်တွေသာသနာပိုင်နယ်ရှိ ရှင်ယောဟန်ဓမ္မကောလိပ်၊ တောင်ငူသာသနာနယ်ရှိ ရှင်ပေတရုဓမ္မကောလိပ်နှင့် ရန်ကုန်သာသနာပိုင်ရှိ ဗိုင်အိုစီဖင်ဓမ္မကောလိပ်တို့တွင် လက်ခံသင်ကြားပေးနေကြောင်း၊ ထို့ပြင် မန္တလေးသာသနာပိုင်နယ်ရှိ ပြင်ဦးလွင်သန့်ရှင်းသူအပေါင်း ကျမ်းစာကျောင်းသည် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏ နောက်ခံ (affiliation) ဖြင့် B.Th ဘွဲ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ဘုန်းတော်ကြီးသိက္ခာအတွက် အခြေခံလိုအပ်ချက်အဖြစ် မဟာဓမ္မပညာဘွဲ့ရရှိရန် သတ်မှတ်ထားသဖြင့် B.Th အောင်မြင်ပြီး ဘုန်းတော်ကြီးအဖြစ် အမှုတော်ဆောင်လိုသူ အမျိုးသား၊ အမျိုးသမီးများဤဓမ္မတက္ကသိုလ်သို့တက်ရောက်ကြရာတွင် ရေခံမြေခံနှင့်ကိုက်ညီသော အဆင့်မြင့် ဓမ္မပညာများကိုပေးအပ်နိုင်ရန် လိုအပ်ကြောင်း။

ထို့ပြင် လစ်တာဂျီဌာန (Dept. of Liturgical Studies)နှင့် အင်္ဂလိကန်လေ့လာရေးဌာန (Dept. of Anglican Studies) တို့သည် မြန်မာပြည်ရှိ အခြားတက္ကသိုလ်များတွင်မရရှိနိုင်သော ဤဓမ္မတက္ကသိုလ်၏ ဝိသေသလက္ခဏာထူးများဖြစ်ကြောင်း၊ ဤဌာနများ၏ပို့ချမှုများကို အင်္ဂလိကန်ကျောင်းသူ ကျောင်းသားများသာမက အခြားဂိုဏ်းဂဏများမှ ကျောင်းသူကျောင်းသားများက စိတ်ပါဝင်စားစွာလေ့ လာဆည်းပူးနေကြပြီဖြစ်ကြောင်း။

ထို့ကြောင့် ဤနေ့အစည်းအဝေးတွင် သက်ဆိုင်ရာတာဝန်ရှိသူများက "အတွေးသစ်၊ အမြင်သစ်နှင့် အနာဂတ်ကိုမျှော်ကြည့်လျက် ဆွေးနွေးတိုင်ပင်ကြပါရန် မှာကြားလိုကြောင်း . . . " စသည်ဖြင့်ပြောကြားသည်။

ထို့နောက် မှတ်တမ်းဟောင်းဖတ်ကြားခြင်း၊ အတည်ပြုခြင်း၊ မှတ်တမ်းပေါ်ပေါက်ချက်အချို့ကို ဆွေး

နွေးခြင်း၊ ငွေစာရင်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုခြင်း စသော လုပ်ရိုးလုပ်စဉ်များကို ဆောင်ရွက်သည်။

ထို့နောက် လုပ်ငန်းကဏ္ဍအလိုက် လုပ်ဆောင်ချက်အစီရင်ခံစာများကိုတင်ပြကြရာ ရှေးဦးစွာ ကျောင်းအုပ်ကြီးမှ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ် ကွပ်ကဲညွှန်ကြားရေးဘုတ်အဖွဲ့၏ ကြီးကြပ်မှုအောက်၌ရှိသော ရှင်ဂျော့ဂျက်ရဟန်းဖြစ်သင့်ကျောင်း၊ သန့်ရှင်းသောကားတိုင်သာသနာပြုသင်တန်းကျောင်း (Holy Cross Mission School)နှင့် အမှုတော်ဆောင်များအတွက် စဉ်ဆက်မပြတ်လေ့လာမှုအစီအစဉ်ဌာန (Centre for Continnual Study Programme for Ministers) တို့၏ စီမံခန့်ခွဲမှု၊ သင်ကြားပို့ချမှုနှင့် သင်တန်းသားရေးရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မော်ကွန်းထိန်းက ယခုပညာသင်နှစ် မဟာဓမ္မပညာဘွဲ့သင်တန်းတက်ရောက်သူ (၇၄)ဦး ဖြစ်ပြီး၊ အင်္ဂလီကန် (၄၆)ဦးနှင့် အခြားဂိုဏ်းဂဏများမှ (၂၈)ဦးဖြစ်ကြောင်း၊ ကွပ်ကဲညွှန်ကြားရေးဘုတ်အဖွဲ့စည်းမျဉ်းအရ ဓမ္မတက္ကသိုလ်ဝင်းအတွင်း အဆောင်နေ ကျောင်းသားကျောင်းသူ (၅၀)ဦးဖြစ်ပြီး၊ ပြင်ပတွင်နေထိုင်ပြီး ကျောင်းတက်သူ (၂၄)ဦးဖြစ်ကြောင်း၊ ရှင်ဂျော့ဂျက်ရဟန်းဖြစ်သင်ကျောင်းတွင် ရဟန်းလောင်း (၁၆)ဦး ပြင်ဆင်ခံယူလျက်ရှိကြောင်း စသည်ဖြင့်တင်ပြသည်။

ဆက်လက်၍ သင်ကြားရေးဆရာမွေးထုတ်၊ မြှင့်တင်ရေးအစီအစဉ်တာဝန်ခံ ဒုတိယကျောင်းအုပ်ကြီးမှ ရောမမြို့၌ အင်္ဂလီကန်-ရိုမင်ကက်သလစ်လေ့လာရေးဌာနသို့ မဟာဓမ္မပညာဘွဲ့ရဆရာမတစ်ဦးစေလွှတ်ရေးနှင့် နိုင်ဂျီးရီးယားရှိ အဘူဂျာဓမ္မတက္ကသိုလ် (Abuja Theological Seminary) တွင် သာသနာပြုလုပ်ငန်းနောက်ပိုင်း စီမံခန့်ခွဲမှုပညာသင်တန်းအတွက် ဓမ္မပါရဂူဘွဲ့ရဆရာတစ်ဦးစေလွှတ်ရေးကိစ္စတို့အပါအဝင် ဆရာသစ်များရွေးချယ်ခန့်ထားရေးကိစ္စ၊ ဆရာများ၏ဆက်လက်ပညာဆည်းပူးခြင်း (Further Study) ကိစ္စ၊ လုပ်ငန်းခွင်အားသစ်လောင်းခွင့်ရက်ရှည်ယူခြင်း (Sabbatical Leave) ကိစ္စတို့ကို တင်ပြသည်။

ထို့နောက် စာကြည့်တိုက်မှူးက သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်တွင် ကျောင်းသူကျောင်းသားများ C D Rom အသုံးပြုမှုအခြေအနေ၊ အင်းစိန် အမ်အိုင်တီစာကြည့်တိုက်၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်တို့နှင့် ကွန်ယက်ဆက်သွယ်မှုစနစ် (Network System) တပ်ဆင်ရန် ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေတို့ကို တင်ပြသည်။

တင်ပြချက်တိုင်း၌ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာဖြင့် လိုအပ်သည့် အကြံဉာဏ်ကောင်းများကိုပေးကြသည်။ ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြသည်။ ချစ်ချစ်ခင်ခင်၊ ရယ်ရယ်မောမောဖြင့် ညှိနှိုင်းကြသည်။ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် ဆုံးဖြတ်ကြသည်။

ထိုအချိန်တွင် သဘာပတိ သာသနာပိုင်ချုပ်ကြီးက နေ့လည်စာ သုံးဆောင်ရန်အတွက် အစည်းအဝေးကို ခေတ္တရပ်နားမည်။ မွန်းလွဲပိုင်း အစည်းအဝေးကို မွန်းလွဲ (၁) နာရီတွင် စတင်မည်။ သင်ကြားရေးဌာနများ ဆက်လက်တင်ပြရမည်ဟု ကြေညာသည်။ သူ နာရီကြည့်လိုက်တော့ မွန်းတည့် (၁၂)နာရီထိုးရန် (၃)မိနစ်။

နေ့လည်စာအတွက် ဆရာမတစ်ဦး ဆုတောင်းသည်။

သူတို့ စည်းဝေးခန်းထဲမှ ပြန်ထွက်လာကြသည်။



စားသောက်ခန်းထဲသို့ရောက်သည်။ အားလုံးပင် ပျော်ပျော်ရွှင်ရွှင်၊ ရယ်ရယ်မောမောဖြင့် နေ့လယ်စာသုံးဆောင်ကြသည်။ သူက သူ၏ဆရာရင်း သာသနာပိုင်တစ်ပါးနှင့် စကားလက်ဆုံကျသည်။ ရှေးဖြစ်နှောင်းဟောင်းပြောရင်း စကားမကုန်နိုင်။

Bishop က "ဒီညနေ ဆရာတင်ပြဖို့ပါသေးလား" ဟုမေးသည်။

" ဟုတ်ကဲ့ . . B.Th ကျောင်းတွေမှာ ဂရိနှင့် ဟီးဘရူး ဘာသာတိုးချဲ့သင်ကြားဖို့ Programme ပါ" ဓမ္မဟောင်းဌာနနှင့် ကျွန်တော်တို့ ဓမ္မသစ်ဌာန ပူးတွဲရေးဆွဲထားပြီး ကျွန်တော်က တာဝန်ယူတင်ပြရမှာပါ"

" ဟုတ်လား . . . စိတ်ဝင်စားစရာပဲ။ အခုကြည့်လို့ရလား"

"ဟာ . . . ရပါတယ်။ Bishop ကြည့်ချင်ရင် ကျွန်တော်ကြိုပေးထားမယ်လေ"

ပြောပြောဆိုဆို လက်ဆွဲအိတ်ကိုဖွင့်၍ အထဲသို့ ကြည့်လိုက်သည်။

" ဟိုက် . . . "

အခုမှ သတိရသည်။ တစ်နေ့က ကွန်ပျူတာ ပရင်တာ (printer) ဖောက်သည်။ ဘာဖြစ်သွားမှန်းမသိ။ ရိုက်ထည့်ထားသောစာများ print out လုပ်လို့မရ။ ကွန်ပျူတာပြင်တတ်သော ကျောင်းသားတစ်ယောက်ကို အကူအညီတောင်းပြီး ပြင်ခိုင်းမှ print out လုပ်လို့ရသည်။ ဤသို့ဖြင့် ယမန်နေ့ညကမှ လုပ်ငန်းစီမံချက်စာရွက်ကိုထုတ်လို့ရသည်။ ဒီနေ့ မနက် အစည်းအဝေးမစခင် ရုံးခန်းသို့သွား၍ မိတ္တူကူးရန်ပေးထားမည်ဟု စဉ်းစားပြီး အိမ်မှထွက်လာခဲ့သည်။ သို့သော် မပေးမိ။ မေ့သွားသည်။ ယနေ့ မနက်ပိုင်း အစည်းအဝေး အစီအစဉ်တွင် သင်ကြားရေးဌာနများ၏ တင်ပြချက်အပိုင်း မရောက်၍တော်တော့သည်။

သူ နာရီကြည့်လိုက်တော့ (၁)နာရီထိုးရန် (၁၂)မိနစ်။

Bishop ကို အကျိုးအကြောင်းပြော၍ ကမန်းကတန်းထလိုက်သည်။ အစည်းအဝေးမစခင် မိတ္တူကူးပြီးသားဖြစ်ရမည်။ သူတင်ပြရမည့်အချိန်တွင် အစည်းအဝေးတက်ရောက်လာသူများလက်ထဲ အဆင်သင့်မရောက်လျှင်မကောင်း။ သူ အပြေးတပိုင်းဖြင့် စားသောက်ခန်းမှထွက်သည်။ ရုတ်တရက် ကုလားထိုင် ခြေထောက်စွန်းတစ်ခုကို သူတိုက်မိပြီး အရှိန်ဖြင့်လဲကျပြီ။

" ဝုန်း . . . "

" ဝုန်း . . . "

" အမလေး . . . "

ရုတ်တရက်တော့ ကြယ်တွေ၊ လတွေ ရောင်စုံဖြာသွားသည်။ နှာခေါင်းရိုးကျိုးပြီဟု ထင်လိုက်၏။ တစ်ကိုယ်လုံး နာကျင်လိုက်သည်မှာလည်း မပြောနှင့်တော့။ ဖြေးဖြေးချင်းထလိုက်သည်။ အရင်မြင်ရသည်က အင်္ဂတေသား။ ထို့နောက် ဘေးဘီကိုကြည့်လိုက်တော့ ကုတင်၊ ပြီးတော့ အဝတ်စင်၊ ပြီးတော့ စာရေးစားပွဲ။ အား ပါပါး . . . ပင်မဆောင် အပေါ်ထပ် နံပါတ် (၉) အခန်းပါလား။


"အိုး" . . . သူ အိပ်မက်မက်ပြီး ကုတင်ပေါ်က ပြုတ်ကျတာကိုး။

❑ ❑ ❑ ❑ ❑ ❑

အိပ်မက်အကြောင်း သူငယ်ချင်းကိုပြောပြသည်။ သူငယ်ချင်းက အားရပါးရရယ်ပြီး သူ့ကိုကြည့်ရင်း 'မင်းအိပ်မက်ကလည်းကွာ' ဟုပြောသည်။ သူက သူငယ်ချင်းကိုမကြည့်။ ပတ်ဝန်းကျင်ကိုမကြည့်။ ဘယ်သူ့ကိုမှလည်းမကြည့်။ မိုးကောင်းကင်ကိုသာမော့ကြည့်ရင်း တိုးတိုးလေးရေရွတ်သည်။

"ငါတို့ စည်းစည်းလုံးလုံးနှင့် အခုစလုပ်ရင် နောက်ဆယ်နှစ်အကြာ ငါ့အိပ်မက်ထဲကအတိုင်း ဖြစ်မလာဘူးလို့ ဘယ်သူပြောရဲမလဲ"

သူ့စကားကို သူငယ်ချင်းကြားမကြားတော့မသိ။ သူငယ်ချင်းကတော့ ရယ်မောဆဲ။ ငှက်တစ်ချို့ အင်းလျားရေပြင်ဘက်သို့ ပျံသန်းထွက်သွားကြသည်။❑



မှတ်တိုင်ပါတယ်

# ဆဲဗင်းမွန်း

တစ်ခါက အစည်းအဝေးတစ်ခုမှာ ပုဂ္ဂိုလ်ကြီးတစ်ယောက်ကပြောခဲ့ဖူးတဲ့ ပုံပြင်လေးရှိတယ်။ တောက အောင်ဘု ဆိုတဲ့သူ ရန်ကုန်ကိုလာရော။ ဒီတော့ တောနဲ့မတူတဲ့အလေ့အထကို သူတွေ့ခဲ့ရတယ်။ စိတ်လည်းဝင်စားတယ်။



ဒါကတော့ ဘတ်စ်ကားစီးတဲ့အခါမှာပါ။ အရင်ကန့်ပါတ်ဘယ်လောက်လည်းမသိဘူး။ လမ်းမှာ ကျိုက်ကုလားမှတ်တိုင်ရောက်တယ်။ ကျိုက် ဆိုတာ မွန်ဘာသာနဲ့ ဘုရားမဟုတ်လား။ အဲဒီမှတ်တိုင်မှာ စပယ်ယာက အော်တယ်လေ။ ကျိုက်ကုလား ပါလား . . . အဲဒီအခါမှာ နွားနို့သယ်ကုလားအဖိုးကြီးတစ်ဦးက ပါတယ်လို့ အော်ပြီးဆင်းသွားတယ်။ ဒီလိုနဲ့ သုခလမ်းဆိုတဲ့ မှတ်တိုင်ရောက်တော့ သုခလမ်းပါတယ်ဆိုပြီး မြန်မာဆန်ဆန်တိုက်ပုံအင်္ကျီ၊ သျှောင်ထုံးနဲ့ ဗမာအဖိုးကြီးတစ်ဦးဆင်းသွားရော။ ဒီတော့ အောင်ဘုလည်း အတော်သဘောကျတယ်ပေါ့။ လူတွေဟာ ကိုယ်ဆင်းချင်ရင် ကိုယ့်နာမည်ပြောပြီးဆင်းလို့ရတာ တယ်ဟုတ်ပါလားပေါ့။ ဒါနဲ့သူဆင်းဖို့ မှတ်ထားတဲ့နေရာလည်းရောက်ရော သူလည်းထအော်ပါလေရော။ 'အောင်ဘုပါတယ်။ အောင်ဘုပါတယ်။' ဒါပေမယ့် အောင်ဘုမှတ်တိုင်မှမရှိဘဲ။ ကားမရပ်ဘူးလေ။ ဒီတော့ အောင်ဘုကဒေါသအကြီးအကျယ်ထွက်ပြီး ဟေ့ အောင်ဘုပါတယ်။ ကျိုက်ကုလားလည်းရပ်ပေးတယ်။ ဦးသုခလည်းရပ်ပေးတယ်။ ငါအောင်ဘုတော့ ဘာကြောင့်ရပ်မပေးတာလဲဆိုပြီးပြောတော့တာပေါ့။ ဒီတော့မှ သဘောကောင်းတဲ့ကားသမားတွေလည်း သဘောပေါက်ပြီး ကားရပ်ပေးလို့ ဆင်းရတော့တယ်။

စဉ်းစားမိတယ်။ အခု သက်န်းကျွန်းရောက်တော့ ကျမ်းစာကျောင်းကိုသွားတယ်။ (၄၂)စီးသွားတဲ့အခါ ကားမှတ်တိုင်တွေကို ခေါ်သွားတယ်။ မှတ်တိုင်ပါတယ်ပြောရင်ပြော၊ မပြောရင်တော့ကျော်သွားပြီးပေါ့။ တစ်ခါတစ်လေ သုံးလေးမှတ်တိုင် ကြိုပြီးမေးတယ်။ ကိုယ်လည်း ဟိုငေးဒီငေး၊ ဟိုတွေးဒီတွေးနဲ့ မကြားလိုက်မိ၊ ဆင်းရမယ့်နေရာဝေးသေးတာကိုး၊ ကားတွေကလည်းကြပ်တော့ ကြိုတင်ပြီးပြင်ထားရတာဟုတ်မှာပေါ့။

အဲ . . ခေါ်ပါပြီ၊အဆင့်မြင့်ပါလားတဲ့၊ အဆင့်မြင့်ပါတယ် တဲ့။ အဆင့်မြင့်ဦစီးဌာနမှတ်တိုင်ပါ။ တစ်ခါတစ်လေ မဆီမဆိုင် အဆင့်မြင့်ရင်လိုင်းကားဘာလို့စီးလဲ၊ တက္ကစီကားစီးပေါ့လို့။ ဒါပေမယ့် သူတို့လည်းအတော်အဆင့်မြင့်ကြမှာပဲ။ ပုံပန်းကြည့်ရတာ စာတတ်ပေတတ်ရာထူးရာခံရှိကြပုံပဲ။ ဒါကြောင့်လည်း အဆင့်မြင့်တဲ့လူကအဆင့်မြင့်ပါတယ်လို့ ပြောတာပေါ့နော်။

ငါတော့ အဆင့်မြင့်တဲ့နေရာဘယ်တော့ရောက်မှာလဲ စဉ်းစားတယ်။ သက်န်းကျွန်းကနေ အဆင့်ဒီထက်မြင့်ချင်ရင်တော့ ဘီးရှော့ကုတ်၊ ဘီးရှောဟုမ်းသုံးထပ်ကိုပြောင်းပေါ့။ အခုလက်ရှိဆဲဗင်းမွန်းကိုက နှစ်ထပ်အိမ်လေးကိုး။ ဒါ ထားပါတော့၊ မဖြစ်နိုင်တာကြီး။

ကားစီးရင်လည်း မှတ်တိုင်အကြောင်း စဉ်းစားမိလိုက်တယ်။ ငါတော့ ငါ့နာမည်နဲ့ ငါဆင်းရမယ့် မှတ်တိုင်ရောက်တော့မလား။ တစ်ခါတစ်ခါလည်း မှတ်တိုင်တွေက ဆင်တူယိုးမှားတွေ ရှိသလားဗျာ။ ဥပမာ-သံလမ်းဆိုပါတော့။ သက်န်းကျွန်းဆရာအတတ်သင်အထိလာရင် သံလမ်းဆိုတာ မှတ်တိုင်နှစ်ခုရှိတယ်။ တစ်ခုကတော့တာမွေဘူတာသံလမ်းကိုကျော်တဲ့ခုံးကျော်တံတားမရောက်ခင် မှတ်တိုင်သံလမ်း၊ သံလမ်းပါလားဆိုပြီး ကိုယ်ဆင်းရမယ့်မှတ်တိုင်မဟုတ်ရင် မဆင်းလိုက်နဲ့၊ အဝေးကြီးလိုသေးတယ်။ ဒါနှင့်ဆက်လိုက်လာမှ ဆရာအတတ်သင်ရှေ့နားကျရင် သံလမ်းပါတယ်ဆိုပြီးဆင်းပါ။ ခင်ဗျားလိုချင်တာဘယ်သံလမ်းလဲ၊ နာမည်တော့တူတယ်၊ ဒါပေမယ့် နေရာမတူဘူး။



ဟိုးအရင် ဆဲဗင်းမွန်း ခုနှစ်တန်းတုန်းက ညောင်ငူအလုပ်စခန်းသွားခဲ့တယ်။ ၁၉၆၈ပေါ့လေ။ အဲဒီကနေ ပန်းတနော်သွားဖို့ မော်တော်စီးကြတယ်။ ဒေါင့်ကြီးကိုသွားဖို့ပေါ့။ မော်တော်သမားကလည်းပို့ပေးတာပဲ။ ဒေါင့်ကြီးရောက်ပြီ။ ဒါပေမယ့် ကိုယ်သွားချင်တဲ့ဒေါင့်ကြီးမှမဟုတ်ဘဲ။ ဆရာကြီးဦးအောင်လှထွန်းနဲ့ ကျွန်ုပ်တို့လူငယ်တစ်စုပေါ့လေ။ ဒါနဲ့သွားချင်ရင်တဲ့ ယင်းတိုက်ကုန်းဒေါင့်ကြီး (အထက်ဒေါင့်ကြီး) ကို ပို့ပေးရတယ်။ ခုနကဆိုတဲ့ဒေါင့်ကြီးကတော့ လမ်းတစ်ဝက်လောက်ပဲရှိသေးတယ်။ ကိုယ်သွားမယ့်မှတ်တိုင်ကိုယ်သိရမှာပေါ့။

ပြီးတော့ ဘီအိုစီတို့၊ ကျောင်းရှေ့တို့၊ ကျောင်းလမ်းတို့၊ ဂိတ်ဟောင်းတို့ဆိုတာလည်း ကားလိုင်းအတော်များများမှာရှိကြပါတယ်။ ဒါနှင့်ပတ်သက်လို့စဉ်းစားမိပြန်ရော၊ ဘီအိုစီဆိုတာ ကန်တော်ကြီးမျက်စိဆေးရုံနားကတစ်ခု၊ အင်းစိန်ကျမ်းစာကျောင်းကတစ်ခု၊ အဲ သင်္ကန်းကျွန်းဘီအိုစီလည်းရှိသေးသဗျ၊ အဲဒီနေရာတွေက သွားဖူးခဲ့လို့ မှတ်မိသိရှိနေတာပါ။ ဘီအိုစီဆိုတာ အတော်ကြီးကျယ်ခဲ့တဲ့လုပ်ငန်းကြီးပဲ၊ သူတော့မရှိတော့ဘူး၊ ဒါပေမယ့်နာမည်ကကျန်ခဲ့သေးတယ်။ ကျောင်းလမ်းကလည်း သုဝဏ္ဏမှာရှိသလို သန့်ရှင်းသောကားတိုင်ကျမ်းစာကျောင်းဆင်းမယ့်မှတ်တိုင်ကလည်း ကျောင်းလမ်းပဲ၊ ကျောင်းရှေ့ကလည်း လှည်းတန်းမှာတစ်ခုနှင့် အထက (၃) တာမွေရှေ့မှာတစ်ခုရှိတယ်။ ကျောင်းချင်းတူတော့ တူတယ်။ တစ်ကယ်ဆို လှည်းတန်းကမှတ်တိုင်ကို တက္ကသိုလ်ရှေ့လို့ ခေါ်သင့်သလားမသိဘူး။

အဲ . . ဂိတ်ဟောင်းတဲ့။ (၄၂)စီးလာရင် ကျိုက္ကဆံဘုရားမှတ်တိုင်ပြီးရင် နောက်မှတ်တိုင်က ဂိတ်ဟောင်း၊ (၃၁)စီးရင်လည်း တောင်ဥက္ကလာမှာဂိတ်ဟောင်းရှိတယ်။ မြောက်ဒဂုံမှာလည်း ဂိတ်ဟောင်းရှိသေးတယ်။ ဒီတော့ အတိတ်ကိုအရိပ်မှာထားခဲ့လို့မရပါလားလို့ စဉ်းစားမိပြန်ရော၊ ဘီအိုစီကတော့ မရှိတော့ဘူး။ ခေါ်တုန်းပဲ။ ဒီလိုပဲ၊ ဂိတ်ဟောင်းဆိုလည်းရှိတုန်းပဲ။ ဘာဖြစ်လို့ အဲဒီနေရာမှာ အမည်သစ်တစ်ခုမပေးတာလဲ။ ပိုပြီးအသုံးတည့်လို့လား။ ဆဲဗင်းမွန်းစဉ်းစားမိတာကတော့ လောကကြီးဟာ တိုးချဲ့နေတယ်။ တိုးတက်နေတယ်ဆိုတာပေါ့။ အခုဂိတ်သစ်ဟာလည်း နောက်တစ်နေ့ဂိတ်ဟောင်း (ဒုတိယဂိတ်ဟောင်း) ဖြစ်သွားမလားမသိ။ ဒုတိယဂိတ်ဟောင်းလို့မခေါ်ရင်လည်း ဒုတိယဂိတ်ဟောင်းတော့ ဖြစ်ကိုဖြစ်ရမှာပဲ။ ဘာတဲ့၊ ယောက္ခမဆိုတာ တစ်ချိန်က သားမက်ပါပဲ ဆိုတယ်မဟုတ်လား။

> “ဒီတော့ အတိတ်ကိုအရိပ်မှာ
> ထားခဲ့လို့မရပါလားလို့စဉ်းစားမိပြန်ရော
> ဘီအိုစီကတော့
> မရှိတော့ဘူး . . .”

ရန်ကုန်လာရင် ဘီးရှော့ကုန်းမှာ အစီအစဉ်ရှိတယ်။ တည်းမယ် စသည်ဖြင့်ပြောကြတယ်။ ဘယ်နေရာလဲ၊ အသစ်လား၊ အဟောင်းလားဆိုတာကိုး။ ဘီးရှော့အသစ်၊ အဟောင်းဆိုတာလည်းရှိသောတယ်။ အကူးအပြောင်းကာလဆိုတော့ ဒီလိုပဲ ရောထွေးကုန်မှာပေါ့။ နယ်တွေမှာကော ဘာထူးလဲ၊ ဘီးရှော့အိမ်မှာ၊ ဆရာ့အိမ်မှာ၊ ဘယ်ဘီးရှော့လဲ၊ လက်ရှိလား၊ အနားယူလား၊ ဘယ်ဆရာလဲ၊ လက်ရှိတာဝန်ခံလား၊ အနားယူလား၊ ဂိတ်ဟောင်းတော့ ဂိတ်ဟောင်းလို့ခေါ်ပေမယ့်ဘာမှ မဖြစ်ဘူး။ ဘီးရှော့ကျတော့ အနားယူဘီးရှော့ကြီးဆိုရင် စဉ်းစားနေပြီ၊ ဘီးရှော့ဦးအောင်လှပြောသလို အနားယူဘီးရှော့၊ အငြိမ်းစားဘီးရှော့ဆိုတဲ့အခေါ်က ၁ဉ်းစားစရာတွေဖြစ်လာတယ်။



ရှိပါသေးတယ်။ စေတနာဝန်ထမ်းဘုန်းကြီး၊ လုပ်သားဘုန်းကြီးဆိုတဲ့ အခေါ်အဝေါ်တွေလေ၊ စေတနာ၊ ဝါသနာ၊ အနစ်နာခံပြီး အလုပ်လုပ်ရမယ်လို့ ကျမ်းစာကျောင်းမှာသွန်သင်ခြင်းခံရတယ်။ ထောက်ပံ့ကြေးမယူဘဲ အသက်အရွယ်၊ အတွေ့အကြုံအခြေပြုပြီး အမှုတော်ဆောင်သိက္ခာရ အစီအစဉ်တွေရှိလာတော့ အသက် (၂၃)နှစ်ထဲက သိက္ခာရခဲ့တဲ့ ဆဲဗင်းမွန်းတို့လို ပုံမှန်အဖွဲ့သားတွေက ဘာမှမဖြစ်ပါဘူး။ ဘာဖြစ်မှာလဲ၊ ထောက်ပံ့ကြေးယူ စေတနာမရှိသူ သိက္ခာရအမှုတော်ဆောင်လို့ ခေါ်ကြတာမဟုတ်ဘဲ။

ဒါပေမယ့် လူဆိုတာ ကိုယ်ကြိုက်တဲ့အမည်နာမနှင့်ခေါ်မှလည်းကြိုက်ကြတာ၊ အင်္ဂလိကန်မှာ အမှုတော်ဆောင်သိက္ခာ သုံးဆင့်ဘဲရှိတယ်။ လေးဆင့်မရှိဘူးလို့ တစ်ပါးသောဆရာတော်ကပြောဘူးတယ်။ ဟုတ်တာပဲ၊ လက်ထောက်တို့၊ နယ်စီးတို့၊ တာဝန်ခံတို့၊ တွဲဖက်တို့ထည့်လိုက်ရင် အဆင့်ဘယ်နှစ်မျိုးဖြစ်သွားမယ် မဟုတ်ဘူးလား။ ပရိုင်းမိတ်တို့၊ မက်ထရိုပိုလီတန်တို့၊ အာချ်ဘီးရှော့၊ ပရီစိုက်တင်းဘီးရှော့တို့ဆိုတာက အပေါ်ဆုံးထပ်မှာတောင် မျှော်စင်ထပ်ထည့်ချင်တဲ့ပုံတော့ မဟုတ်ပါဘူး။

တောကအောင်ဘုတို့ကတော့ ဘယ်သိမလဲ၊ နိုင်ငံခြားမှာခေါ်တဲ့ အသုံးအနှုန်းတွေကိုး၊ ဆဲဗင်းမွန်း နင်ကောသိသလားဆိုတော့ လေ့လာနေဆဲပါ။ ယနေ့အခေါ်အဝေါ်သစ်တွေပြောင်းကြတယ်။ လုပ်နည်းလုပ်ဟန်တွေပြောင်းကြတယ်။ တိုးတက်ပါစေဆိုတဲ့သဘောပါ။ ပြောင်းလို့မရတဲ့နေရာတွေလည်း အများကြီးရှိသေးတယ်။ အဆင့်တစ်ခု၊ မှတ်တိုင်တစ်ခုကို ဖျောက်ဖို့ကခက်သားပဲ။

ဟိုးအရင်က ပဲခူးကလပ်မှတ်တိုင် လမ်းနှစ်ဖက်မှာရှိတယ်။ တစ်ခါတော့ လမ်းရဲ့တစ်ဖက်မှာပဲ (ပဲခူးကလပ်ဟောင်းရှေ့) ရှိတယ်။ ကားစီးချင်တဲ့လူတွေကို စိန်ဂျွန်းမှတ်တိုင်သွားစီး၊ ကားတွေကလည်း ရပ်ချင်တဲ့ကားရပ်ပေး၊ တောကအောင်ဘုတို့ကလည်း မှတ်တိုင်ဖြုတ်ထားမှန်းမသိတော့ စောင့်လိုစောင့်ကြ၊ နောက်ဆုံးတော့ လမ်းနှစ်ဖက်စလုံးမှာ ကားမှတ်တိုင်ပြန်ပေးထားတယ်။ အဲဒီမှာလည်း ရုံးဝန်ထမ်းတွေ၊ ကျောင်းသားတွေ၊ အများကြီးကားစောင့်စီးကြတာကိုး။ ပင်စင်ထုတ်ရက်ဆိုလည်း မြောက်မြားလှစွာသော ပင်စင်စားတို့က ကားစောင့်စီးကြတာကိုး။ ဖျောက်လို့မရတဲ့ မှတ်တိုင်တွေလည်း ရှိသေးတယ်နော်။



(၄၇) ဟိုင်းလတ်စီးရင် ကားထဲမှာရေးထားတယ်။ ကျိုက္ကဆံ၊ တာမွေဗလီ၊ စိန်ပေါလ်တဲ့ အားလုံးဘာသာရေးအဆောက်အဦတွေပဲ၊ မှတ်တိုင်တွေပါ။ ဒီလိုပဲ၊ လောကခရီးမှာလည်း ဘာသာရေးကိုပစ်ထားလို့မရဘူးနော်။ မြစ်ဝကျွန်းပေါ် ပေကုန်းဆိုတဲ့ရွာမှာ ခရစ်ယာန်တစ်ယောက်မှမရှိတော့ဘူး။ ဒါပေမယ့် ရွာရဲ့တစ်နေရာမှာတော့ စာဖြူစုလို့ ယနေ့တိုင် ခေါ်တဲ့နေရာလေးတစ်ခုရှိတယ်။ အဲဒီအစုလေးမှာ ခရစ္စမတ်ကုန်းဆိုတဲ့မြေကွက်လပ်ရှိတယ်။ လွမ်းမောဘွယ်ရာပေါ့လေ။ သူလည်း ဂိတ်ဟောင်းနှင့်ဘီအိုစီလို နေမှာပေါ့။

ချစ်ရတဲ့မိတ်ဆွေတို့၊ ရန်ကုန်ရွှေမြို့တော်ကြီးမှာ ကားစီးရင်း မြောက်မြားလှစွာသော အကျိုးကျေးဇူးကိုရတဲ့အထဲမှာ မှတ်တိုင်နှင့်ပတ်သက်တဲ့ အကျိုးကျေးဇူးတွေကို စုဆောင်းကောက်နုတ်တင်ပြလိုက်ပါတယ်။ ကိုယ်လိုရာစီးဖို့ စပယ်ရာတွေနူတ်ကရွတ်ဆိုပြတဲ့ ခရီးစဉ်မှတ်တိုင်များကို သေသေချာချာ နားထောင်ပြီးမှ ကျေးဇူးတော်ကိုရွတ်ဆိုပြီး ကားပေါ်တက်လိုက်တဲ့အကျင့်ရနေပါတယ်။ ဒီလိုပဲ၊ မိဘ၊ လူကြီး၊ ဆရာသမား၊ ဘုရားရှင်ရဲ့ သွန်သင်ဆုံးမတရားလမ်းပြမှုကို၊ ရှာဖွေလေ့လာ၊ နားထောင်ရွေးချယ်တတ်မယ်ဆိုရင် . . . လိုရာခရီးသို့ ချောမွေ့စွာရောက်တတ်ပါတယ် ခင်ဗျား။ ❑

# မြတ်မေတ္တာ GRACE HOME

## မိဘမဲ့၊ ခိုကိုးရာမဲ့ကလေးများရိပ်မြုံမှ

## ဆရာမဒေါ်အဲမရေးလာမြတ် နှင့် အင်တာဗျူး



ရှာလုပ်မဂ္ဂဇင်းကော်မတီကနေ ဒီနှစ်အတွက် လူမှုရေးလုပ်ငန်းဆိုင်ရာ အင်တာဗျူးကဏ္ဍကို ထည့်သွင်းဖို့ စဉ်းစားတဲ့အခါ အနာဂတ်ရဲ့ကြယ်ပွင့်လေးမျိုးကို နွေးထွေးတဲ့မေတ္တာနဲ့ ပြုစုပျိုးထောင်ပေးနေတဲ့ Grace Home (မြတ်မေတ္တာ) မိဘမဲ့၊ ခိုကိုးရာမဲ့ကလေးများရိပ်မြုံကို ရွေးချယ်လိုက်ပြီး တာဝန်ခံဆရာမဒေါ်အဲမရေးလာမြတ်နဲ့ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

Motto - ယာကုပ် ၁း၂၇။

Motto သီချင်း - How Great Thou Art

### ၁။ Grace Home ရဲ့ ဖွဲ့စည်းရပ်တည်မှုကိုသိပါရစေ။

Grace Home ကို ကျွန်မကိုယ်တိုင် ၁၉၉၅-၉၆ ခုနှစ်မှာ ကလေး(၅)ယောက်နဲ့ စတင်တည်ထောင်ခဲ့ပါတယ်။ အလှူရှင်များရဲ့ အားပေးကူညီမှုနဲ့ ဘုရားရှင်ရဲ့လမ်းပြမှုအောက်မှာ ကျွန်မနဲ့ ကျွန်မရဲ့ဝန်ထမ်းတွေနဲ့ လုပ်ဆောင်နေတဲ့ ရိပ်မြုံတစ်ခုဖြစ်ပါတယ်။ ဘယ်အသင်းတော်၊ ဘယ်အဖွဲ့အစည်း၊ လူမှုရေးအသင်းတွေရဲ့လက်အောက်မှာမှ မတည်ရှိပါဘူး။ သီးခြားရပ်တည်မှုဖြင့် လုပ်ဆောင်နေတဲ့ လူမှုရေးရိပ်မြုံတစ်ခု ဖြစ်ပါတယ်။



လူ့အသိုင်းအဝိုင်းမှာ အပယ်ခံ၊ မျက်နှာငယ်ရတဲ့ မိဘမဲ့ကလေးများတို့ရဲ့ ဘဝကိုမြှင့်တင်ပေးပြီး နိုင်ငံ့သားကောင်း၊ သမီးကောင်းလေးများ ဖြစ်လာအောင် လူ့ရှေ့ဘုရားရှေ့မှာ အသရေတင့်တယ် လျောက်ပတ်စွာ ကြီးပြင်းလာအောင် ရည်ရွယ်လုပ်ဆောင်ခြင်း ဖြစ်တယ်။ တစ်မိုးအောက်မှာ အတူတကွ နေထိုင်ကြီးပြင်းလာကြတဲ့ မိသားစုတစ်ခု အဖြစ် ရပ်တည်ကြပါတယ်။

### ၂။ ဆရာမရှင့်၊ Grace Home လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းများကိုသိပါရစေ။

Grace Home လက်ရှိ လုပ်ဆောင်နေတာကတော့ မိဘမဲ့၊ ခိုကိုးရာမဲ့ကလေးတွေကို ပညာသင်ပေးခြင်း၊ ဝိညာဉ်ရေး၊ လူမှုရေး၊ ကျန်းမာရေး တိုးတက်မြင့်မားလာအောင်၊ ဘဝမြင့်မားလာအောင် ပြုစုပျိုးထောင်ပေးတဲ့ လူမှုလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ဒီကလေးတွေဟာ မိမိရဲ့ ဘဝနောက်ကြောင်း ဘယ်လောက်ဘဲဆိုးဆိုး၊ နောင်တစ်နေ့မှာ ပညာတတ်များဖြစ်လာကြပြီး တိုင်းပြည်၏ ခေါင်းဆောင်ကောင်းများ၊ အသင်းတော်၏ခေါင်းဆောင်ကောင်းများ ဖြစ်လာဖို့ ရည်ရွယ်ပြီး ပြုစုပျိုးထောင်ပေးခြင်း ဖြစ်ပါတယ်။ မေတ္တာငတ်နေတဲ့ကလေးတွေဖြစ်တဲ့အတွက် မေတ္တာနဲ့ပဲ ပြုစုပျိုးထောင်ပေးလျက်ရှိပါတယ်။

### ၃။ ကလေးများကို ဘယ်လိုမူနဲ့ လက်ခံသလဲဆိုတာသိပါရစေ။

ကလေးများကို မူ(၄)မျိုးနဲ့ လက်ခံပါတယ်။

၁) လုံးဝမိဘမဲ့ပြီး အားကိုးစရာမရှိတဲ့ ကလေးတွေ၊

၂) စွန့်ပစ်ခံရတဲ့ ကလေးတွေ (လမ်းဘေး၊ ကားဂိတ်၊ ဘူတာရုံ၊ သဘော်ာဆိပ်)

၃) အမိမဲ့၊ အဖမဲ့ ဒုက္ခရောက်နေတဲ့ ကလေးများ၊ မတရားနှိပ်စက်ခံရတဲ့ကလေးများ၊

၄) အလွန်ဝေးခေါင်၊ ခက်ခဲတဲ့ဒေသမှာ အသင်းတော်မရှိ၊ စာသင်ကျောင်းမရှိတဲ့ဒေသမှ ကလေးအချို့၊

ကလေးလာအပ်တဲ့အခါ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်အာဏာပိုင်အဖွဲ့အစည်း ထောက်ခံစာ လိုအပ်ပါတယ်။ လာအပ်တဲ့လူလည်းပဲ သဘောတူညီမှုစာချုပ်မှာ လက်မှတ်ထိုးရပါတယ်။ ကလေးများ သုံးပုံတစ်ပုံဟာ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ရဲစခန်းများမှ လာရောက်အပ်နှံထားကြတာဖြစ်ပါတယ်။ အချို့မှာ ဓမ္မမိတ်ဆွေများ၊ အသင်းတော်များမှလာရောက်အပ်နှံကြပါတယ်။





၄။ **Grace Home** မှာနေထိုင်ကြီးပြင်းလာတဲ့ ကလေးတွေရဲ့ အနာဂတ်နဲ့ပတ်သက်ပြီးတော့ ဘယ်လိုတာဝန်ယူဆောင်ရွက်ပေးသလဲဆိုတာသိပါရစေ။

ငယ်ရွယ်စဉ်ဘဝထဲက Grace Home မှာ နေထိုင် တဲ့ကလေးတွေကို စတင်လက်ခံချိန်မှစပြီး သူတို့အတွက် ပညာရေး၊ လူမှုရေး၊ ဝိညာဉ်ရေး၊ စားဝတ်နေရေး အစရှိသည်တို့ကို အားလုံး တာဝန်ယူရပါတယ်။ Grace Home မှာ မူကြိုလည်း ဖွင့်ထားပါတယ်။ မူကြိုမှ စတင်ပညာသင်ပေးပြီး၊ ကျောင်းနေနိုင်တဲ့အရွယ်ရောက်ရင် နီးစပ်ရာ အစိုးရအထက်တန်းကျောင်း၊ မူလတန်းကျောင်းတွေမှာ ကျောင်းထားပေးပါတယ်။ (၁၀)တန်းအောင်တဲ့အခါမှာ အကယ်၍ သိပ်ထူးချွန်ရင် တက္ကသိုလ်မှာ အဆင့်မြင့်ပညာသင်ကြားပေးဖို့ တာဝန်ယူမှာ ဖြစ်ပါတယ်။ သာမန်ပဲဆိုရင်တော့ သူတို့ဝါသနာပါတဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုခု သင်ကြားပေးပြီး မိမိတို့ခြေပေါ် ရပ်နိုင်တဲ့အခါမှာ လူ့အသိုင်းအဝိုင်းထဲမှာ နေထိုင်လုပ်ကိုင်စားသောက်ပြီး မိမိတို့နဲ့ ဘဝတူကလေးများကို ကူညီပေးဖို့ ဖြစ်ပါသည်။ Grace Home ကို စတင်ခဲ့တာ (၇)နှစ်ကျော်ပဲရှိပါသေးတယ်။ ၂၀၀၀ခုနှစ် မှာ (၁၀)တန်း နှစ်ယောက်အောင်တယ်။ ၂၀၀၃ခုနှစ်မှာ တစ်ယောက်အောင်ပါတယ်။ ဒီကလေးတွေဟာ နှစ်ခြင်းပေါက်အောင်ကြပါတယ်။ တစ်ယောက်ကတော့ BARS ဆက်တက်တယ်။ တစ်ယောက်ကတော့ Grace Home ရဲ့မူကြိုမှာ ဆရာမပြန်လုပ်ပြီး စာပေးစာယူတက်မှာ ဖြစ်ပါတယ်။ စာပေးစာယူတက်ပြီးမှ သူနာပြုကျမ်းစာကျောင်းတက်ဖို့ ရည်ရွယ်ထားပါတယ်။ အလုပ်လုပ်နေတဲ့ကလေးလည်း စာပေးစာယူဆက်တက်တာ ဒုတိယနှစ်ကို ရောက်ရှိနေပါပြီ။



၅။ စရိုက်အမျိုးမျိုးရှိတဲ့ ကလေးများအနေနဲ့ သူတို့ရဲ့မိသားစုနဲ့အတူမဟုတ်ဘဲ နေရခြင်း၊ အစုအဝေးနှင့်နေရခြင်းဖြစ်တော့ သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာခံစားချက် ဘယ်လိုမျိုးရှိပါသလဲ။ အဲဒီလိုကလေးများရဲ့ခံစားချက်များနဲ့ပတ်သက်ပြီး ဘယ်လို ညှိယူစီစဉ်ဆောင်ရွက်ပေးပါသလဲဆိုတာသိပါရစေ။

ကလေးများဟာ စရိုက်အမျိုးမျိုးကလာကြတဲ့အတွက် ရောက်ခါစမှာ တော်တော်ကိုပြုပြင်ရပါတယ်။ ဒါပေမယ့် တစ်ပတ်နှစ်ပတ်လောက်ဆိုရင် ပြောင်းလဲလာကြပါတယ်။ ဆရာမတွေက သူတို့ကိုချစ်ပြီး မေတ္တာနဲ့ပြောဆိုဆုံးမခြင်း၊ ဆုတောင်းပေးခြင်းအားဖြင့် အားလုံးလိုလိုပဲ နူးညံ့သိမ်မွေ့လာပါတယ်။ ဒါပေမယ့် ခေါင်းမာတဲ့ကလေးတချို့ ရှိပါသေးတယ်။ စိတ်ရှည်စွာနဲ့ မေတ္တာဖြင့်သွန်သင်ဆုံးမရတယ်။ တခါတလေတော့ 'တုတ်' သုံးရပါတယ်။ ဒါပေမယ့် အရမ်းမသုံးပါဘူး။ ကလေးတိုင်းမှာ 'မေတ္တာ' ငတ်နေတဲ့ ခံစားချက်ရှိကြပါတယ်။ မေတ္တာနဲ့ပြုစုပျိုးထောင်ပေးတဲ့အခါမှာ မကြာပါဘူး၊ သူတို့လည်း မေတ္တာနဲ့ပြန်တုံ့ပြန်ကြပါတယ်။ သူတို့အချင်းချင်းလည်း တအားချစ်ကြတယ်။ သူတို့ဆရာမတွေကိုလည်း တအားချစ်ကြပါတယ်။ ဆရာမတွေလည်းပဲ သူတို့ရဲ့ သားသမီးအရင်း၊ မောင်နှမအရင်းတွေလိုပဲ ကလေးတွေကို ချစ်ကြပါတယ်။ ဒါကြောင့် အခက်အခဲမရှိဘဲ လိမ္မာရေးခြားရှိတဲ့ကလေးတွေ ဖြစ်လာပါတယ်။ တချို့ကလေးတွေမှာ ပညာထူးချွန်ဆုတွေရကြတယ်။ မြို့နယ်အဆင့်ထိ ပညာထူးချွန်ဆု၊ အားကစားထူးချွန်ဆု၊ အနုပညာထူးချွန်ဆုတွေလည်း ရရှိကြပါတယ်။

၆။ ဆက်သွယ်ရမဲ့လိပ်စာက . . .

**Grace Home**
မိဘမဲ့၊ ခိုကိုးရာမဲ့ကလေးများရိပ်မြုံ
အမှတ်(၁၂)၊ ဦးဖိုးခင်လမ်း၊
ကရင်အမျိုးသားရပ်ကွက်၊
ကြည့်မြင်တိုင်။
**Ph. 220472.**





# မမေ့နိုင်သောအဖြစ်အပျက်

**B.Th III** မှ ကျောင်းသူတစ်ဦး

ကျေးဇူးတော်ကြောင့် ယခု တတိယနှစ်အဖွဲ့သားများဟာ ရန်ကုန်သာသနာပိုင်ရှေ့ လုပ်ငန်းစဉ်၏ အစီအစဉ်အောက်၌ ရန်ကုန်သာသနာပိုင်နယ် ညောင်ငူကျေးရွာသို့ (၂၉. ၃. ၂၀၀၃) မှ (၂၉. ၄. ၀၃) အထိ စေလွှတ်ခြင်းကိုခံခဲ့ရပါသည်။ အဖွဲ့သားများအားလုံးသည် ထိုခရီးစဉ်အတွက် ငွေရေးကြေးရေးများ၊ စိတ်ဓါတ်ရေးရာများနှင့် ဝိညာဉ်ရေးရာပြင်ဆင်မှုများ ကို ပြုလုပ်ကြပါသည်။ ခရီးစဉ်တွင် ကျွန်မတို့အဖွဲ့ဟာ အသင်းသူအသင်းသားများ၏ချက်ပြုတ် ကျွေးမွေးခြင်းကိုမခံယူဘဲ ကိုယ်တိုင်ချက်ပြုတ်၍ မေတ္တာသွားရောက်ပြသရန် ဆုံးဖြတ်ခဲ့ကြ ပါသည်။ ငွေရေးကြေးရေးနှင့်ပတ်သက်ပြီး ကျောင်းစတက်သည့်အချိန်မှစ၍ တစ်ပတ်တွင် (၁၀ဝိ/) စီစုခြင်းဖြင့်သော်လည်းကောင်း၊ ဝိညာဉ်ရေးရာတွင် အစဉ်တိုးပွားစေရန် တစ်ပတ်တွင် တနင်္လာနေ့နှင့် သောကြာနေ့များတွင် အတူတကွဆုတောင်းခြင်း၊ ဝေမျှခြင်းများ ပြုလုပ်ကြ ပါသည်။ ခရီး မသွားမီကာလအထိ ဆရာကြီးဦးအောင်လှထွန်းမှဦးဆောင်၍ ပြင်ဆင်မှုများကို ပြုလုပ်ပေးခဲ့ပါသည်။

ဤတစ်လတာခရီးစဉ်သည် ဘဝတွင်မမေ့နိုင်သော အတွေ့အကြုံများ၊ ဗဟုသုတများ ကို ရရှိခဲ့ပါသည်။ ညောင်ငူရွာသို့ရောက်သောအခါ ဘုန်း/ထွန်းအေးနှင့်မိသားစုများ၊ အသင်း သူ၊ အသင်းသားများက ကျွန်မတို့ကို လှိုက်လှဲစွာကြိုဆိုကြပါသည်။ ကျွန်မတို့သည် ညောင်ငူ ရွာတွင်သာမက ကျောင်းစု၊ တိုက်ကုလား၊ ကျုံစုတ်၊ ညောင်ပင်သာ၊ ရေဗျဉ်းချောင်း စသော ဒေသများသို့ သွားရောက်ခဲ့ကြသည်။ ကျွန်မတို့အဖွဲ့သည် ဘုရားရှင်၏ခွန်အားပေးမှု၊ လမ်းပြမှု၊ သွန်သင်မှုကြောင့် အောင်မြင်မှုနှင့်အတူ အရာရာအားလုံးအဆင်ပြေခဲ့ပါသည်။ တိုက်ကုလား တွင်ရှိသော အိမ်ဘုရားကျောင်းကိုဆောက်လုပ်ရာတွင် ပြီးစီးအောင် ဝင်ရောက်လုပ်ကိုင်နိုင်ခဲ့ ကြသလို ကျောင်းစုနှင့် ညောင်ပင်သာတွင်ရှိသော ဘုရားကျောင်းနှင့် အိမ်ဘုရားကျောင်းတွင် လည်း လုပ်အားပေးမှုများ ပြုလုပ်နိုင်ခဲ့ပါသည်။ ဘုရားကျောင်းဆောက်လုပ်ရာတွင် မဆလာ များနယ်ခြင်း၊ ပန်းရံအလုပ်များကို မလုပ်ခဲ့ဖူးသော်လည်း ထိုအလုပ်များကို လုပ်ဆောင်ရသော

အခါတွင် ကျွန်မသာမက အဖွဲ့သားများအားလုံး ငြီးညူခြင်းမရှိဘဲ အလုပ်များကို စည်းလုံးညီညွတ်စွာ လုပ်ဆောင်နိုင်ခဲ့ပါသည်။ ထိုသို့သွားရောက်ခဲ့သောဒေသများရှိ အသင်းသူအသင်းသားများနှင့်လည်း မိသားစုသဖွယ် ရင်းနှီးမှုများ ရရှိခဲ့ကြပါသည်။ အသင်းသူအသင်းသားများသည် ကျွန်မတို့၏လုပ်အားပေးမှုကိုတွေ့သော အခါတွင် စေတနာထက်သန်စွာဖြင့် ချက်ပြုတ်ကျွေးမွေးခြင်းကို ပြုလုပ်ပေးခဲ့ကြသည်။ မူလက အဖွဲ့သားများသည် မိမိကိုယ်တိုင်ချက်ပြုတ်ခြင်းကို ပြုလုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် အသင်းသူအသင်းသားများ၏ မေတ္တာဖြင့်ကျွေးမွေးခြင်းကို လက်ခံစားသောက်ခဲ့ပါသည်။ ကျွန်မ၏ကျမ်းစာကျောင်းတက်ရောက်သောအခါတွင် ကျွန်မ၏ အသက်တာမှာ ဆက်ကပ်မှုအားနည်းခြင်းများရှိပါသည်။ ဤတစ်လတာတွင် တွေ့ကြုံရသောအဖြစ်အပျက်များကြောင့် အသက်တာ တွင် ဘုရားအတွက် ပိုမိုပေးဆပ်ရန် ခွန်အားများရရှိခဲ့ပါသည်။

ကျွန်မတို့အဖွဲ့ ညောင်ပင်သာသို့ရောက်သော အခါ အိမ်ဘုရားကျောင်းတွင် လုပ်အားပေးခဲ့ကြသည်။ တစ်နေ့တွင် လူနာတစ်ဦးအိမ်သို့ သီချင်းဆိုပြခြင်း၊ ဆုတောင်းပေးခြင်းဖြင့် မေတ္တာပြနိုင်ခဲ့ကြပါသည်။ ဝေဒနာရှင်မလေး၏ရောဂါမှာ သားအိမ်ကင်ဆာဖြစ်ပြီး သူမသည် ကက်သလစ်အသင်းသူတစ်ဦးဖြစ်ပြီး sister ကျောင်းတက်နေသော အမှုတော်ဆောင်တစ်ဦးဖြစ်ပါသည်။ ဘုရားသခင်ကိုသိရှိပြီး ဘုရားရှင်အတွက် အမှုတော်ဆောင်နေသော်လည်း ဤကဲ့သို့ ဝေဒနာခံစားနေရသောအခါ ကျွန်မစိတ်ထဲတွင် ဘုရားသခင်ကိုအပြစ်တင်ခဲ့မိပါသည်။ သူမ ဤကဲ့သို့ ဝေဒနာခံစားနေရသော်လည်း နာကျင်ခြင်းကို ပြသခြင်းမရှိ၊ ပြုံးပျော်ရွှင်စွာဖြင့် ကြိုဆိုခြင်း၊ မိတ်ဆက်ခြင်းကို ပြုခဲ့ပါသည်။ သူမနှင့်စကားပြောဆိုသောအခါတွင် သူမက ဤကဲ့သို့ ဒုက္ခဝေဒနာခံစားနေရခြင်းသည် သူမနှင့် သူမ၏မိသားစုများ၏ အပြစ်များကြောင့်ဖြစ်ကြောင်း၊ ကိုယ်တော်ရှင်အလိုရှိလျှင် အမှုတော်ကိုထမ်းဆောင်ရန်အသင့်ရှိနေကြောင်း၊ သူမ၏သူငယ်ချင်း sister များကလည်း သူမ၏ ပြန်လည်ကျန်းမာခြင်းကိုစောင့်နေကြောင်း ပြောပြပါသည်။ သူမ၏နှုတ်မှလည်း

ဘုရားရှင်ဟာ ကယ်တင်ရှင်၊ မစပေးသနားတော်မူသောအရှင်နှင့် သူမ၏ခိုလှုံရာဖြစ်ကြောင်း အမြဲပြောနေခဲ့သည်။ သူမမှာ မထနိုင်အောင် အိပ်ရာထဲတွင် ဒုက္ခဝေဒနာခံစားနေရသော်လည်း ဘုရားရှင်ကို လုံးဝအပြစ်မတင်ခဲ့ပေ၊ ထို့အပြင် သူမ၏ဝေဒနာခံစားရခြင်းကို လာရောက်ကြည့်ရှုသူများက ဝမ်းနည်း၍ငိုသောအခါ သူမက လာရောက်သတင်းမေးသောသူများအား ပြန်၍အားပေးခြင်းကိုပြုခဲ့ပါသည်။ ဤအဖြစ်အပျက်ကို မြင်သောအခါ ကျွန်မကိုယ်တိုင်ရဲ့ဆက်ကပ်ခြင်းသည် ဘာမှမဟုတ်သေးကြောင်းကို သိရှိလာရပါသည်။ ကျွန်မကိုယ်တိုင် ဤကဲ့သို့ ဝေဒနာများနှင့် စုံစမ်းခြင်းကိုမခံရသော်လည်း ကျွန်မ တစ်သက်တာမှာ အမှုဆောင်ခြင်းကို မလုပ်ဆောင်ချင်သည့်စိတ်များ ဖြစ်လာခဲ့သည်ကိုတွေးမိသောအခါ များစွာ

ကျွန်မဘဝတွင်
မည်သို့ပင်ဖြစ်ပါစေ၊
မေတ္တာကိုကိုင်စွဲပြီး
အမှုတော်ဆောင်သွား
ချင်ပါတယ်။
ကိုယ်အဖို့ထက်
သူတစ်ပါးကိုပေးဆပ်ခြင်းရဲ့
အနှစ်သာရကို
သိရှိခဲ့ရသောကြောင့်
ဖြစ်ပါတယ်။

ရှက်မိပါသည်။ သူမဟာ ချောမောလှပသူတစ်ဦးဖြစ်ပြီး ဘုရားရှင်၏အမှုတော်ကို ထမ်းဆောင်လိုသူဖြစ်သော်လည်း မကျန်းမာဘဲရှိနေခဲ့သည်။ ကျွန်မမှာ ကျန်းမာပျော်ရွှင်စွာဖြင့် အမှုတော်ကိုထမ်းဆောင်ရန် ပြင်ဆင်နေရသော်လည်း ဤအလုပ်ကို ပြင်းပြစွာလုပ်ဆောင်ချင်သည့် စိတ်ထားနှင့်ခံယူချက်များ မရှိသေးကြောင်း သိရသောအခါ အမှုတော်ဆောင်ဆိုသည်မှာ မိမိလုပ်ဆောင်ချင်တိုင်းလုပ်ဆောင်၍မရကြောင်းနှင့် ဘုရားသခင်အလိုတော်ရှိပြီး ရွေးကောက်မှသာ လုပ်ဆောင်နိုင်ကြောင်းကို လက်တွေ့ခံစားလာရပါသည်။ ကျွန်မ အသက်တာမှာ ကိုယ်ကျိုးထက် ဘုရားကိုဦးစားပေးရန်နှင့် ဆင်းရဲသားများ၏အကျိုးကို ပိုပြီးလုပ်ဆောင်ရန်အစေခံရန် လိုအပ်ကြောင်း ခံစားလာရပါသည်။ ကျွန်မတို့အဖွဲ့မပြန်ခင် တစ်ရက်တွင် တိုက်ကုလားသို့သွားရောက်ခဲ့သည်။ ထိုရွာဟာ ညောင်ငူတစ်ဖက်ကမ်းတွင်ရှိပြီး ထိုနေရာသို့သွားရန်အတွက် လှေစောင့်နေစဉ် ကမ်းစပ်တွင် တဲစုတ်နှင့်နေထိုင်ရသော မြေးအဖွားများကို တွေ့ခဲ့ရပါသည်။ ကျွန်မဟာ ထိုနေ့တွင် သူတို့နှင့်အတူ အနည်းငယ် စကားစမြည်ပြောခဲ့ပါသည်။ သူတို့၏စားဝတ်နေရေးအခြေအနေမှာ တစ်နေ့လုပ်မှတစ်နေ့စားရသောသူများဖြစ်ပြီး အိမ်ကလေးမှာလည်း အမိုးမလုံ့တလုံ၊ သူတို့၏နံနက်စာမှာ ဆီအနည်းငယ်၊ ငါးခြောက်အနည်းငယ်၊ ကြက်ဥတစ်လုံးဖြင့် ချက်ပြုတ်နေသည်ကိုတွေ့သောအခါ 'ဪ' ကျွန်မဟာ ဘုရားကျေးဇူးတော်ကြောင့် ကြီးကြီးကျယ်ကျယ် မချမ်းသာသည့်တိုင်အောင် ကောင်းမွန်စွာနေထိုင်စားသောက်ရသည်ကို တွေ့မိသောအခါ ကျေးဇူးတော်ကိုချီးမွမ်းမိခဲ့ပါတယ်။ ပြန်မည့်ရက်တွင် ထိုအဖွားနှင့်မြေးများကို သွားရောက်နှုတ်ဆက်ခဲ့ပါသည်။ ကျွန်မရောက်သောအခါမှာ "အဘွား၊ ကျွန်မတို့အဖွဲ့ပြန်တော့မယ်။ လာနှုတ်ဆက်တာပါ" လို့ပြောတဲ့အခါ သူကလည်း "ကျေးဇူးတင်ပါတယ်၊ နောက်လည်း လာကြဦး၊ အဘွားတို့ ဒီမှာ အမြဲရှိနေပါတယ်၊ လာလည်ကြပါ" လို့ပြောပြီး ပြန်နှုတ်ဆက်ပါတယ်။ ဒီလိုနှုတ်ဆက်ပြီး ကျွန်မနဲ့အဖော်တစ်ယောက်၏ငွေပေါင်းပြီး ငွေအနည်းငယ်ကို သူ၏မြေးလက်ထဲသို့ နှုတ်ဆက်ပြီးပေးခဲ့ပါတယ်။ ထိုသို့ နှုတ်ဆက်ပြီး ကျွန်မတို့အပြန်မှာ အဖွားကလိုက်ခေါ်ပါတယ်။ "ဟဲ့ . . ဟဲ့ ဘာလုပ်တာလဲ . . ဘာလုပ်တာလဲ" လို့ခေါ်တော့ ကျွန်မစိတ်ထဲမှာကြောက်သွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ပေးသောငွေဟာ သူ့ကိုတစ်မျိုးထင်စရာဖြစ်နေလို့ ကျွန်မတို့ကိုပြန်ခေါ်၍ ရန်ပြုမလားလို့ ထင်ခဲ့မိပါသည်။ ဒါပေမယ့် ဒီလိုမဟုတ်ဘဲ ကျေးဇူးတင်ကြောင်းနှင့်အဘွားတွင်ရှိသော ငါးခြောက်ကလေးများကို ပေးချင်ကြောင်းပြောပြီး ကဗျာကယာသွားယူကာ ကျွန်မကို ငါးခြောက်နှင့်အတူ အနမ်းလေးပေးခဲ့ပါသည်။ ကျွန်မဘဝမှာ လူကြီးနမ်းတာနှစ်ခါရှိခဲ့ပါသည်။ ပထမတစ်ခေါက်တွင် အင်မတန်ချမ်းသာသူအဒေါ်၏ အနမ်းဖြစ်ပြီး သူမ၏အနမ်းဟာ ကျွန်မအား စိတ်ကျေနပ်မှုကိုသာခံစားခဲ့ရပါသည်။ ဒုတိယအနမ်းမှာ ဆင်းရဲသူတို့၏အနမ်းဖြစ်သော်လည်း ထိုအနမ်းမှာကျွန်မ၏စိတ်ထဲတွင် ဝမ်းသာပီတိဖြစ်ခဲ့ရပါသည်။ အနမ်းချင်းတူသော်လည်း ခံစားမှုချင်းမတူခဲ့ပါဘူး။ ကျွန်မရဲ့ဖြူစင်သော မေတ္တာနဲ့ပေးခဲ့သောအကျိုးမှ ရရှိသောအနမ်းမှသာ ပို၍အနှစ်ရှိခဲ့ပါတယ်။ "ချစ်ခြင်း" ဆိုတဲ့အရာနဲ့ "မေတ္တာ"ဆိုတဲ့အရာမှာလည်း မတူညီကြပါဘူး။ ချစ်ခြင်းတွင် အသွားအပြန်ရှိသော်လည်း မေတ္တာတွင် ပေးဆပ်ခြင်းသက်သက်သာရှိပါသည်။ ကျွန်မဘဝတွင် မည်သို့ပင်ဖြစ် ပါစေ၊ မေတ္တာကိုကိုင်စွဲပြီး အမှုတော်ဆောင်သွားချင်ပါတယ်။ ကိုယ်အဖို့ထက် သူတစ်ပါးကိုပေးဆပ်ခြင်းရဲ့ အနှစ်သာရကို သိရှိခဲ့ရသောကြောင့်ဖြစ်ပါတယ်။ စိတ်ထဲတွင် မိဘမဲ့ကလေးများ၊ ဒုက္ခများ ပြင်းပြလာခဲ့ပါတယ်။ လူသားများအပေါ် စာနာခြင်း၊ ရောက်နေသောသူများကို ကူညီမစချင်သောစိတ်ဆန္ဒ မေတ္တာ၊ ဂရုဏာ ပို၍ထားနိုင်သောသူဖြစ်ရန် ရူပါရုံအဖြစ် ပေးခြင်းခံစားခဲ့ရပါသည်။ ဤခရီးစဉ်ဟာ ကျွန်မကို အသိအမြင် ပွင့်စေခဲ့ပါတယ်။ ထို့ကြောင့် ဤခရီးစဉ်သည် ကျွန်မဘဝတွင် မေ့လို့မရသောခရီးစဉ်ဖြစ်ပြီး ခရီးစဉ်ကို ပြင်ဆင်ပေးခဲ့သော ဘုရားရှင်နှင့်တကွ ဆရာသမားများ အားလုံးကို ကျေးဇူးတင်လျက် . . .။☐



## ကိုယ်ကျိုးစွန့်စေခဲ့သောအသက်တာ

## ရန်ကုန်သာသနာပိုင်နယ် အနာဂတ်အသင်းတော်ရှင်သန်တိုးတက်ရေးစီမံကိန်း သာသနာပြုခရီးစဉ်







Paul Sinuwanau







design:thet naing(era)





Andrew
25.8.03







25.8.03

design: thet naing (era)




# AYPA COMPUTER TRAINING CENTER

နင့်တွေဆုံခြင်း : ရှာလှမ်းညီအစ်ကိုများ

**AYPA Computer Center**ဟာ ဘယ်သူရဲ့ရူပါရုံနဲ့အစပြုခဲ့ပါသလဲ ?
ဆရာမင်းဒိန်ပြောင်းရွှေ့သွားပြီးနောက်ပိုင်းမှာ AYPA ကို တာဝန်ယူခဲ့ရတယ်။
အစ်မတာဝန်ယူနေစဉ်အချိန်အတွင်းမှာ H.C.T.C ရဲ့ကျောင်းအုပ် ဘုန်း/ မာကုမောင်ဒိုက
သာသနာပိုင်ရုံးမှာရှိတဲ့ဌာနအားလုံးကို S.P.C.K မှာ Project တွေတောင်းလို့ရတယ်လို့
အကြံပေးတယ်။ အစ်မက လူငယ်ကဏ္ဍကိုတာဝန်ယူရတော့ ခေတ်နဲ့အညီလူငယ်တွေ ဘာလို
အပ်သလဲဆိုတာ စဉ်းစားတယ်။ ဆရာမင်းဒိန်နဲ့တိုင်ပင်တဲ့အခါမှာတော့ အစ်မရဲ့ Computer
သင်တန်းဖွင့်ချင်တဲ့ရူပါရုံက အတည်ဖြစ်သွားတာပေါ့။ နောက်ပိုင်း အမှုဆောင်အဖွဲ့ကို ဒီ
အစီအစဉ်တင်ပြပြီး အတည်ပြုခဲ့ပါတယ်။ ဒါက AYPA Computer Center ဖြစ်လာဖို့
အစပြုတဲ့ခြေလှမ်းပါ။

**သင်တန်းကိုစတင်အကောင်အထည်ဖော်တဲ့အခါမှာ ဘယ်လိုအခက်အခဲမျိုးတွေ တွေ့ကြုံခဲ့ရပါသလဲ ?**
အစ်မတို့က Computer သင်တန်းဖွင့်ဖို့အတွက် Project တောင်းတဲ့အခါမှာ
သူတို့က တောင်းဆိုချက်ကိုလက်ခံကြောင်းစာပြန်တယ်။ ဒါပေမယ့် Project အတွက်ငွေပို့
တဲ့အခါ account number မှားတဲ့အတွက် သင်တန်းအစပြုဖို့ (၁)နှစ်လောက် ကြန့်
ကြာသွားတယ်။ တကယ်ဆို လွန်ခဲ့တဲ့ (၁) နှစ်ကတည်းက သင်တန်းစရမှာ။ ဒါက ငွေကြေးနဲ့ ပတ်သက်ပြီး
တွေ့ကြုံရတဲ့အခက်အခဲပေါ့။ နောက်အခက်အခဲတစ်ခုက Computer တွေရောက်လာပြီ။ ဒါပေ မယ့်
သင်တန်းလုပ်ဖို့အတွက် အခန်းမရှိဘူး။ ဒီတော့ သာသနာပိုင်ချုပ်ကြီးဆီမှာ အခန်းတောင်းတော့ ဘုရားရှင်
ရဲ့ကျေးဇူးတော်ကြောင့် TRC အခန်းကို Computerသင်တန်းဖွင့်လှစ်နိုင်ဖို့ရန်အတွက် အသုံးပြုခွင့်ရခဲ့ပါတယ်။

**Computer သင်တန်းဖွင့်ဖို့ ထောက်ပံ့တဲ့အဖွဲ့အစည်းကိုသိပါရစေခင်ဗျ ?**
S.P.C.K (အင်္ဂလန်) ကထောက်ပံ့ပါတယ်။

**ဒီ Project လုပ်နေသမျှကာလပတ်လုံး S.P.C.K ကထောက်ပံ့မှာလား ?**
S.P.C.K က ပစ္စည်းသာထောက်ပံ့တဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ သင်တန်းဆက်လက်လုပ်ဆောင်သွား
ဖို့က ကိုယ့်ရဲ့အစီအစဉ်နဲ့ကိုယ်ပဲဖြစ်တယ်။ ရေရှည်ဆက်သွားဖို့က ကိုယ့်ရဲ့ကြိုးစားအားထုတ်မှုအပေါ် မှာပဲ
မူတည်တယ်။ ဒါပေမယ့် သူတို့ကို ဘယ်အခြေအနေထိရောက်နေပြီလဲဆိုတာ Report ပေးရတယ်။

**သင်တန်းက တစ်စတစ်စအရှိန်ရလာပြီဖြစ်တဲ့အတွက် ဘယ်လိုတိုးတက်မှုများကိုတွေ့ရပါသလဲ ?**
သင်တန်းကိုစဖွင့်တုန်းကတော့ လူမရှိဘူး။ ကြော်ငြာအားမကောင်းတာရော၊ လူတွေမသိကြသေးတာ
ရောပါတာပေါ့။ လက်လှမ်းမီသလောက်ခေါ်တဲ့လူတွေပဲ လာတတ်ကြတယ်။ အခုဆိုရင်တော့ အပြင်ကပါ
သိလာပြီ။ ဒါကြောင့် သင်တန်းမှာ AYPA လူငယ်တွေအပြင် အခြားလူတွေပါလာတတ်ကြတယ်။ ဒါက သင်တန်း
ရဲ့တိုးတက်လာတဲ့ အခြေအနေတစ်ခုပါ။

**ဒီသင်တန်းကိုစိတ်ဝင်စားပြီး လာရောက်သင်ကြားချင်တဲ့ နယ်ဝေးကလူတွေအတွက်ကော ဘယ်လိုစီစဉ်ထားပါသလဲ ?**
ဒီသင်တန်းက မြန်မာတစ်ပြည်လုံးအတိုင်းအတာနဲ့ လုပ်တာပါ။ ပထမခြေလှမ်းအနေနဲ့ သာသနာပိုင်
နယ်တွေရဲ့ လူငယ်တာဝန်ခံတွေကို သင်တန်းပေးတယ်။ ဒီအစီအစဉ် အောင်မြင်မယ်ဆိုရင်တော့ နောက်ပိုင်း
နယ်ကလူငယ်လေးတွေအတွက် စီစဉ်ပေးနိုင်မယ်လို့မျှော်လင့်တယ်။ အခု လူငယ်တာဝန်ခံတွေကို နေစရာပဲ
ပေးတယ်။ စားစရိတ်ကတော့ သူတို့အပိုင်းပဲပေါ့။ အကယ်၍ နယ်ကလူငယ်လေးတွေလာတက်မယ်ဆိုရင်လည်း
နေရာထိုင်ခင်းပဲ စီစဉ်ပေးနိုင်မှာပါ။

**သင်တန်းမှာ ဘယ်လို Course တွေကိုသင်ကြားပေးပါသလဲ ?**
လောလောဆယ်တော့ Basic တစ်မျိုးပဲသင်ပေးတယ်။ နောက်လကစပြီး course (၆)မျိုး ဖွင့်လှစ်
သင်ကြားပေးဖို့ အစီအစဉ်ရှိပါတယ်။ အဲဒါတွေကတော့ IT, DTP, Windows နဲ့ Accounting Course
တွေပဲဖြစ်တယ်။ Graphic ဖွင့်ဖို့လည်း စီစဉ်ထားတယ်။ Programming ဖွင့်ဖို့အတွက်ကတော့ Idea
ပဲရှိပါသေးတယ်။

**Basic Course ရဲ့သင်တန်းကြေးကိုသိပါရစေ။**
၇၀၀၀ိ (ခုနှစ်ထောင်)၊ အပြင်ကထက် တစ်ဝက်လောက်သက်သာပါတယ်။ နောင်ဖွင့်မယ့် သင်တန်း
တွေကိုလည်း သင်တန်းကြေး အတတ်နိုင်ဆုံးလျှော့ပြီး သင်ကြားပေးမှာဖြစ်ပါတယ်။

တခြား **Computer** သင်တန်းတွေဖွင့်တဲ့ **MCC** တို့၊ **KMD** တို့လို **Computer Sience** ဘွဲ့တွေပေးဖို့ မျှော်မှန်းထားလား ?

အခုတော့ A.Y.P.A ရဲ့ Certificate ပဲပေးသေးတယ်။ Diploma တွေပေးဖို့အတွက်ကျတော့ တခြား Computer ကုမ္ပဏီတွေနဲ့ဆက်သွယ်ရမှာဖြစ်တယ်။ အစီအစဉ်တော့ရှိတယ်။ ဒါပေမယ့် အခုမဟုတ်သေးဘူး။

**ပညာရှင်တွေမွေးထုတ်ဖို့ အစီအစဉ်ရှိပါသလား ?**

Basic သင်တန်းဆင်းပြီးတဲ့လူငယ်လေး (၂) ယောက်ကို သင်တန်းမှာကူပေးဖို့ခေါ်ထားတယ်။ Programming သင်တန်းဖွင့်ရင်လည်း သူတို့ကိုသင်ပေးပြီး ဆက်ခေါ်ထားမှာဖြစ်တယ်။

**ဒီသင်တန်းမှာ ဆရာ/မ ဘယ်နှစ်ယောက်၊ သင်တန်းသား အရေအတွက်ဘယ်လောက်နဲ့ သင်ကြားပေးနေပါသလဲ။**

သင့်တန်းပို့ချပေးတဲ့ အချိန်ပြည့်ဆရာမ (၁)ဦး၊ ရန်ကုန်မြို့တွင်းမှာရှိတဲ့ A.Y.P.A လူငယ် (၄) ဦးနဲ့ သင်တန်းကိုဖွင့်လှစ်ထားပါတယ်။ ၂၀၀၃ ခုနှစ် မတ်လမှ ဧပြီလအထိ ဖွင့်တဲ့သင်တန်းမှာ (၁၀) ယောက်ရှိပါတယ်။ ဒုတိယအသုတ် မေ-ဇူလိုင်ဖွင့်လှစ်တဲ့သင်တန်းမှာ သင်တန်းသား (၁၀)ယောက် တက်ရောက်သင်ကြားနေပါတယ်။

**သင်တန်းဖွင့်လှစ်ရခြင်းရဲ့ရည်ရွယ်ချက်ကိုသိပါရစေ။**

A.Y.P.A လူငယ်များ ခေတ်နဲ့အညီအတတ်ပညာ၊ အသိပညာတွေရဖို့ နယ်မှလူငယ်များလည်း မြို့ပေါ်မှာရှိတဲ့ လူငယ်တွေနဲ့ တန်းတူရည်တူ ခေတ်မီတိုးတက်တဲ့ အတတ်ပညာတွေရနိုင်ဖို့၊ ဒီအတတ်ပညာတွေနဲ့ အသင်းတော်အတွက် ပြန်လည်ဆက်ကပ်နိုင်တဲ့လူငယ်တွေဖြစ်ဖို့အတွက် ရည်ရွယ်ပါတယ်။

**ရှာလုမ်မဂ္ဂဇင်းမှတစ်ဆင့် ဘာများပြောချင်ပါသေးသလဲ။**

A.Y.P.A Computer Training Center ပိုမိုတိုးတက်လာဖို့ ဆုတောင်းပေးခြင်းအားဖြင့်သော်လည်းကောင်း၊ တတ်နိုင်တဲ့ဘက်မှကူညီပေးဖို့ပြောလိုပါတယ်။ စိတ်ဝင်စားတဲ့လူငယ်တွေ အခက်အခဲရှိရင် အစ်မတို့နဲ့လာဆွေးနွေးပါ။ အတတ်နိုင်ဆုံးကူညီပေးပါ့မယ်။ စိတ်ဝင်စားတဲ့လူငယ်တိုင်းကို "A.Y.P.A .C.T.C" က အမြဲကြိုဆိုလျက်ရှိပါတယ်။

*အခုလို စိတ်ရှည်လက်ရှည်ဖြေကြားပေးတဲ့ မနော်လားဒီးနီးကို အထူးကျေးဇူးတင်ပါတယ်။*

"A.Y.P.A.C.T.C" ရဲ့တာဝန်ခံတစ်ဦးတဲ့ မနော်လားဒီးနီးနဲ့ တွေ့ဆုံမေးမြန်းပြီး ပြန်လည်ထွက်ခွာလာတဲ့ ရှာလုမ်ဝိုင်းတော်သားများရဲ့ခြေလှမ်းတွေဟာ ပေါ့ပါးလန်းဆန်းနေပါတယ်။ အနာဂတ်အသင်းတော်ရဲ့ ခေတ်မီတိုးတက်တဲ့ပုံရိပ်တွေ မှန်းဆပုံဖော်ကြည့်ရင်း လူငယ်လေးတွေရဲ့ တောက်ပတဲ့အနာဂတ်ကိုတွေးပြီး ကြည်နူးမိနေတဲ့ ကျွန်တော်တို့ဟာလည်း "A.Y.P.A.C.T.C" အတွက် တတ်နိုင်တဲ့ဘက်ကနေ ဝိုင်းဝန်းကူညီပေးဖို့ သန္နိဋ္ဌာန်ချခဲ့မိပါတယ်။

"A.Y.P.A.C.T.C" အစဉ်ထာဝရရှင်သန်တိုး တက်နေပါစေလို့ဆန္ဒပြုရင်း . . . ။❑





ရန်ကုန်သာသနာပိုင်နယ်၊ အနာဂတ်အသင်းတော်

# ရှင်သန်တိုးတက်ရေးစီမံကိန်းစာစောင်

စာတည်းအဖွဲ့

**၁။ ရန်ကုန်သာသနာပိုင်နယ်၊ အသင်းတော်ရှင်သန်တိုးတက်ရေးစီမံကိန်း ဘယ်လိုစတင်လာခဲ့ပါသလဲ။**

ရန်ကုန်သာသနာပိုင်နယ် (၁၂၅) နှစ်မြောက် ကျေးဇူးတော်ချီးမွမ်းခြင်း ယုဘိလပွဲတော်ကို ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃-၂၄) ရက်နေ့တွင် ကျင်းပခဲ့ရာ "ရန်ကုန်သာသနာပိုင်နယ် (၁၂၅)နှစ်ခရီး သမိုင်းအကျဉ်းသုံးသပ်ချက်နှင့် အနာဂတ်မျှော်မှန်းချက်စာတမ်း" ကို တင်သွင်းခဲ့ပါသည်။ စာတမ်းပြုစုသောအဖွဲ့တွင် ဘုန်းတော်ကြီးစောမောင်ဒို၊ ဘုန်းတော်ကြီးရှိမုန်ဘီဘင်ထူး၊ ဘုန်းတော်ကြီးအန္ဒြူးဇော်လွင်၊ ဦးအောင်လှထွန်း၊ ဦးစောစေးဟဲ နဲ့ ဆလိုင်းအိုက်ဇက်တို့ပါဝင်တယ်။ ထိုစာတမ်းအပေါ် အဖွဲ့လိုက်ဆွေးနွေးသောအခါ "ရန်ကုန်သာသနာပိုင်နယ် အနာဂတ်အသင်းတော်ရှင်သန်တိုးတက်ရေးစီမံချက်တစ်ရပ်" ရေးသားပြုစုရန် သဘောတူဆန္ဒပြုခဲ့ကြတယ်။ ထိုစာတမ်းကို ဗဟိုအမှုဆောင်ကော်မတီသို့ တင်ပြသောအခါ ဆက်လက်ဆောင်ရွက်ရန် သဘောတူဆုံးဖြတ်ခဲ့ကြပြီး ရှေ့လုပ်ငန်းစဉ်ကော်မတီသို့ တာဝန်ပေးကြတယ်။ ဒီရှေ့လုပ်ငန်းစဉ်ကော်မတီမှာဆိုရင် စာတမ်းပြုစုတဲ့ကော်မတီဝင်အပြင် ဦးကေနော်တောင်နဲ့ ဦးစောချစ်အေး နှစ်ယောက် ထပ်တိုးလာပါတယ်။ စုစုပေါင်း (၈)ဦးပါပြီး စီမံချက်ရေးဆွဲရေးအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။

## ၂။ စီမံကိန်းနဲ့ပတ်သက်ပြီး အကျဉ်းချုံးသိပါရစေ။

စီမံကိန်းကို ကာလအပိုင်းအခြား (၃)ပိုင်းခွဲထားပါတယ်။ ပထမကာလက ၂၀၀၃-၂၀၀၅၊ ဒုတိယကာလ ၂၀၀၆-၁၀၊ တတိယကာလ ၂၀၁၁-၂၀ ဖြစ်ပါတယ်။ စီမံကိန်းမှာ ကဏ္ဍကြီး (၇)ခုခွဲထားပါတယ်။ ဘုန်းတော်ကြီးကဏ္ဍ၊ တပည့်တော်ကဏ္ဍ၊ ဝိညာဉ်ရေးနှင့်ခရစ်ယာန်ကိုယ်ကျင့်တရား၊ သာသနာပြုစုပျိုးထောင်ရေးနှင့် သတင်းကောင်းမျှဝေရေးကဏ္ဍ၊ ဓမ္မပညာသင်ကြားရေးကဏ္ဍ၊ စီမံအုပ်ချုပ်ရေးကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍတို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပထမနှစ်ကာလမှာဆိုရင် စည်းရုံးလှုံ့ဆော်ခြင်းကို အဓိကထားပါတယ်။ ဒုတိယကာလ ၂၀၀၆-၂၀၁၀ကို သာသနာပြုစုပျိုးထောင်ခြင်းကို အဓိကထားပြီး၊ တတိယကာလ ၂၀၁၁-၂၀၂၀ကို အသင်းတော်ရှင်သန်ကြီးထွားခြင်းဆယ်စုနှစ်အဖြစ် အဓိကထားပါတယ်။ စီမံကိန်းသည် အခြားလှေသစ်တစ်စင်းကို တည်ဆောက်ခြင်း မဟုတ်ပါဘူး။ ရှိနှင့်ပြီးသားလှေကို ပို၍ထိရောက်စွာဖြစ်လာနိုင်ရေးကို ဦးတည်ပါတယ်။ ယုံကြည်သူတိုင်း အမှုတော်ဆောင်ဖြစ်သည်ဟူသောအချက်ကို အဓိကထားပါတယ်။ အကြိုရှင်းလင်းခြင်းအဖြစ် ကြာအင်း၊ ညောင်ငူနဲ့ မင်္ဂလာဒုံအသင်းတော်များတွင် ပြုလုပ်ခဲ့ပါတယ်။ ထို့ပြင် ရန်ကုန်မြို့ပေါ်ရှိအသင်းတော်တိုင်းသို့ သွားရောက်၍ ရှင်းလင်းပွဲများ ပြုလုပ်ခဲ့ပါတယ်။ ကဏ္ဍအားလုံးအတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ နယ်လှည့်ကွင်းဆင်းခြင်း၊ တစ်နှစ်တစ်ကြိမ် ပြန်လည်သုံးသပ်လေ့လာခြင်း၊ ရက်တိုအားသစ်လောင်းသင်တန်းများပြုလုပ်ပေးခြင်း၊ ကိုယ်တိုင်လေ့လာရေး အထောက်အကူပြုစာစဉ်များ ထုတ်ဝေခြင်း၊ အမာခံအဖွဲ့ထားရှိခြင်း စသည့်အရာများအပြင် အသင်းတော်မှာ ပညာတတ်ဘုန်းတော်ကြီးများ ပို၍များပြားလာအောင်၊ အရွယ်ရောက်တဲ့ အသင်းတော်တစ်ခုဖြစ်လာအောင် ဆောင်ရွက်ရန်ဖြစ်ပါသည်။


စီမံကိန်းကို
ကာလအပိုင်းအခြား
(၃)ပိုင်း
ခွဲထားပါတယ်။
ပထမကာလက
၂၀၀၃-၂၀၀၅၊
ဒုတိယကာလ
၂၀၀၆-၁၀၊
တတိယကာလ
၂၀၁၁-၂၀
ဖြစ်ပါတယ်။


## ၃။ စီမံကိန်းလက်ရှိဆောင်ရွက်နေတဲ့အခြေအနေတွေကိုသိပါရစေ။

ပထမဆုံး အကောင်အထည်ဖော်တဲ့အနေနဲ့ Mobile Team ဖွဲ့ပြီး ရှေ့လုပ်ငန်းစဉ်အကြောင်းပြောခြင်းနဲ့ ဆေးကုသခြင်းကို မြစ်ဝကျွန်းပေါ် တံခွန်တိုင်၊ ညောင်ငူ၊ ပြည် တို့ကို သွားရောက်ခဲ့သည်။ စာပေအနေနဲ့ကတော့ စီမံကိန်းတုန်းကဖတ်တဲ့စာတမ်းကို ဆက်ပြီးရှင်းလင်းတဲ့ စာပေများထုတ်ပါသည်။ စာစဉ်အနေနဲ့ကတော့ ပေးလှူခြင်းနဲ့ပတ်သက်တဲ့ (အချိုးကျပေးလှူခြင်း) စာစဉ်တစ်ခုပဲ ဖြန့်ရသေးပါတယ်။ ဆက်လက်ဖြန့်ဝေရန် စာစဉ် (၅)စောင်မှာ အဆင်သင့်ဖြစ်နေပြီဖြစ်ပါတယ်။ နွေရာသီတုန်းက ရှေ့လုပ်ငန်းစဉ်ရဲ့ပွဲဦးထွက်ကို စာပြုအမှုတော်ဆောင်အဖွဲ့အနေဖြင့် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ် ဒုတိယနှစ် ကျောင်းသူကျောင်းသားများကို ညောင်ငူဘုန်းကြီးပိုင်နယ်သို့ တစ်လတာအစေခံရန် စေလွှတ်ခဲ့ပါတယ်။ အောင်မြင်မှုရရှိခဲ့ပါတယ်။ လာမယ့် စက်တင်ဘာလတွင် ရန်ကုန်သာသနာပိုင်နယ်ရှိ ဓမ္မဆရာ/ဆရာမ (၁၅)ဦးကို တစ်လသင်တန်း ပြုလုပ်ပေးရန်ရှိပါသည်။ ဆောင်ရွက်မှုအသေးစိတ်ကိုတော့ ရှေ့လှုပ်ငန်းစဉ်သတင်းစဉ်မှာ အသေးစိတ် ဖော်ပြထားပါတယ်။



## ၄။ ဒီစီမံကိန်းလုပ်ဆောင်ခြင်းနဲ့ပတ်သက်ပြီး ဘယ်လိုအခက်အခဲမျိုးရှိပါသလဲ။

ပထမအခက်အခဲကတော့ ကဏ္ဍ(၇)ခုနှင့်ပတ်သက်၍ ရှင်းလင်းပွဲများပြုလုပ်သောအခါ အသင်းသူအသင်းသားများ၊ ဌာနဆိုင်ရာများမှ ကောင်းစွာ နားလည်သဘောမပေါက်သေးသောအချက်ဖြစ်သည်။ မိမိလက်ရှိအလုပ်ရှိနေပြီးပဲ၊ ထပ်ပြီးတော့ အလုပ်အပိုအဖြစ် သဘောပေါက်ကြပါတယ်။ ဆိုလိုချင်တာက စီမံကိန်းရဲ့ရည်ရွယ်ချက်ရောက်အောင် အသစ်သောအစီအစဉ်များဖြင့် ဝိုင်းဝန်းလုပ်ဆောင်ရန်ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အသင်းတော်အတွင်း ဒီထက်မက ကွင်းဆင်းပြီး ရှင်းလင်းရန်အတွက် အာမာခံအဖွဲ့ကို ထပ်ပြီးမမွေးထုတ်နိုင်သေးသောအချက်ဖြစ်ပါသည်။ ဘာကြောင့်လဲဆိုတော့ လက်ရှိလုပ်ဆောင်တဲ့ အမာခံအဖွဲ့မှာလည်း လူအင်အားနည်းလာတာတွေ ရှိနေပါတယ်။

နောက်တစ်ခုကတော့ သတင်းစဉ်များဖြန့်ဝေတဲ့အခါ တစ်အိမ်ကိုစာစဉ်တစ်စောင်နှုန်းရောက်အောင် ရည်ရွယ်ထားခဲ့ပေမယ့် ကျွန်တော့စိတ်ထင် တစ်အိမ်တစ်စောင်မရောက်ဘူးထင်ပါတယ်။ နောက်ထပ်စာစောင်များကို ဘယ်လိုနည်းနဲ့ ဖြန့်ရမလဲဆိုတာကို စဉ်းစားနေပါတယ်။ ပြီးတော့ စာစဉ်ထဲမှာ အကြံဉာဏ်တောင်းတဲ့ စာအိတ်လေးတွေလည်း ကျွန်တော်တို့ဆီပြန်ရောက်တာ ၉% လောက်သာ ပြန်လာတာတွေ့ရတယ်။ စာရင်းအတိအကျလုပ်ဖို့ ခက်ခဲနေပါတယ်။

## ၅။ ဒီစီမံကိန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ဆရာ့ခံစားချက်ကိုသိပါရစေ။

ကျွန်တော်တို့စီမံကိန်းအတွက် အလွတ်ဆွဲထားတဲ့လုပ်ငန်းစဉ်များကတော့ ကောင်းမွန်ပါတယ်။ ဒါပေမယ့် ကျွန်တော်ရှေ့မှာပြောခဲ့တဲ့အတိုင်း လိုအပ်တဲ့လုပ်အားတွေ၊ အမာခံအဖွဲ့တွေသာရရှိလာမယ်ဆိုရင် ပိုပြီးကောင်းမွန်တိုးတက်လာမှာဖြစ်ပါတယ်။ အသင်းသူ၊ အသင်းသားအားလုံးက ကောင်းစွာနားလည်သဘောပေါက်ရင် တိုးတက်လာမှာဖြစ်ပါတယ်။ အသင်းတော်ဟာ ခရစ်တော်ရဲ့ခန္ဓာကိုယ်ဖြစ်တယ်ဆိုတာကို အသင်းသူ၊ အသင်းသားအားလုံးကို သိစေချင်ပါတယ်။ အဲဒါကိုသိရင် အားလုံးဟာပြောစရာမလိုဘဲ လုပ်ဆောင်လာမှာဖြစ်တယ်။ အကယ်၍ လူအားလုံးရဲ့လုပ်ဆောင်မှုမပါရင် အသင်းတော်ကြီးဟာရေခဲတုံးလိုပဲ ပြန်ပြီးအေးတီအေးစက်ဖြစ်နေမှာ ဖြစ်ပါတယ်။ စာတန်ကတော့ ကောင်းတာကိုလုပ်ရင် အမြဲနှောင့်ယှက်နေမှာဖြစ်တယ်။ သူလည်းအားရှိသလောက် တွန်းလှန်နေမှာဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့စီမံကိန်းဟာ မျှော်မှန်းသလောက် အောင်မြင်ချင်မှအောင်မြင်မယ်၊ မျှော်မှန်းတာထက် ပိုပြီး အောင်မြင်ချင်လည်း အောင်မြင်မယ်။ ဒါဟာ ဘုရားရှင်ရဲ့လက်ထဲမှာပဲရှိပါတယ်။□


### ကျောင်းသားနှစ်ယောက်၏ အပြန်အလှန်

တစ်နေ့သော တနင်္လာနေ့မနက်တွင် ထမင်းစားခန်းထဲမှ စကားပြောသံမှာ မှတ်သားဖွယ်ကောင်းလှပါသည်။

ပထမကျောင်းသား ။ ။ ဒီမနက် အမဲသားစားရရင် သိပ်ကောင်းမှာပဲနော်။

ဒုတိယကျောင်းသား ။ ။ မင်းကလည်း အမဲသားကိုများ တောင့်တရတယ်ရှိသေးတယ်။ မင်းကျမ်းမကျေဘူးနဲ့တူတယ်။ သုတ္တံ ၁၅း၁၇ မှာပါတယ်လေ။ ''ဆူအောင်ကျွေးသော နွားတစ်ကောင်လုံးကိုစားရသည်ထက် ဟင်းရွက်တစ်နပ်စားသည် သာ၍ကောင်း၏တဲ့''။

H.F



# စစ်မှန်သော ဝတ်ပြုကိုးကွယ်ခြင်း

ဒေါ်ခင်ဆွေဦး
H.C.T.C

စစ်မှန်သောဝတ်ပြုကိုးကွယ်ခြင်းကို အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုနိုင်သော်လည်း ဓမ္မဟောင်းကျမ်းမှ ယုံကြည်ခြင်း၏ စံပြဖခင်ဖြစ်သူ အာဗြဟံ၏ ဝတ်ပြုကိုးကွယ်ခြင်းအသက်တာအား ပြန်လည်၍တင်ပြလိုပါသည်။

ကမ္ဘာဦးကျမ်း ၂၂း ၁-၁၈ တွင် အာဗြဟံသည် ဘုရားသခင်အား မည်ကဲ့သို့ ဝတ်ပြုကိုးကွယ်ခဲ့ကြောင်း လေ့လာရာတွင် . . .

**၁။ ဘုရားသခင်၏ဗျာဒိတ်တော် (Revelation) ကိုလက်ခံရရှိသည်။ (ကမ္ဘာဦးကျမ်း ၂၂း ၁-၂)**

ဗျာဒိတ်တော်ဆိုသည်မှာ ဘုရားသခင်ကိုယ်တိုင် လူသားများထံ တစ်စုံတစ်ခုကိုဖွင့်ပြ၍ လူသားများဘက်မှလည်း ဖွင့်ပြချက်ကို လက်ခံနာယူလိုက်လျှောက်ခြင်း ဖြစ်ပါသည်။ ဘုရားသခင်က အာဗြဟံအားဗျာဒိတ်တော်ပေးသည်မှာ "အာဗြဟံဟု ခေါ်တော်မူ၍ အာဗြဟံက ကျွန်ုပ်ရှိပါ၏ဟုလျှောက်လျှင် သင်ချစ်သောသား ဣဇာက်ကိုယူ၍ မောရိယပြည်သို့သွားလော့၊ ငါပြလတ္တံ့သောတောင်ပေါ်မှာ သူ့ကိုမီးရှို့ရာယဇ်ပြု၍ ပူဇော်လော့" ဟူ၍ဖြစ်ပါသည်။ မီးရှို့ရာယဇ်ဆိုသည်မှာ ယဇ်ကောင်နှင့်ယဇ်ပလ္လင်ကို လောင်ကျွမ်းသည်အထိ မီးရှို့ရပါသည်။ ဘုရားသခင်အား အသက်တာလုံးဝဆက်ကပ်အပ်နှံခြင်းနှင့် ဘုရားသခင်၏နာမတော်မြတ်ကို ချီးမြှောက်ခြင်းဟူ၍ အဓိပ္ပာယ်ရပါသည်။ အာဗြဟံသည် ဘုရားသခင်၏ဗျာဒိတ်တော်ကို လက်ခံရရှိပြီးနောက် လိုက်နာတုံ့ပြန်ခဲ့ကြောင်းနှင့် သူ၏ဝတ်ပြုကိုးကွယ်ခြင်းတွင် ဗျာဒိတ်တော်ကိုရရှိခြင်းမှ စတင်ခဲ့ကြောင်း သမ္မာကျမ်းစာတွင် တွေ့ရှိရပါသည်။ ကျွန်ုပ်တို့၏ဝတ်ပြုကိုးကွယ်ခြင်း အသက်တာတွင်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့တစ်ခါမှမခံစားဘူးသေးသည့် နားလည်မှုအသစ်များ၊ ခံစားမှုအသစ်များကို ဖွင့်ပြလျက်ရှိပါသည်။ ဘုရားသခင်၏ဖွင့်ပြသော ဗျာဒိတ်တော်ကိုလက်ခံလျက် အာဗြဟံကဲ့သို့ လိုက်နာတုံ့ပြန်သည့် ယုံကြည်သူများ ဖြစ်ကြပါစို့။

**၂။ ကြိုတင်ပြင်ဆင်ခြင်း (Preparation) အသက်တာကို တွေ့ရပါသည်။ (ကမ္ဘာဦးကျမ်း ၂၂း ၃)**

အာဗြဟံသည် ဘုရာသခင်ဖွင့်ပြသော ဗျာဒိတ်တော်ကိုလက်ခံပြီးနောက် ဘုရားသခင်စေခိုင်းသည့်အတိုင်း မီးရှို့ရာယဇ်ကိုပြုလုပ်ရန်အတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ခဲ့ကြောင်းတွေ့ရပါသည်။ ကမ္ဘာဦးကျမ်း ၂၂း ၃တွင် "အာဗြဟံသည် နံနက်စောစောထ၍ မြည်းကိုကုန်းနှီးပေါ်တင်ပြီးလျှင် မိမိသား ဣဇာက်နှင့်သားငယ်နှစ်ယောက်ကိုခေါ်၍ ယဇ်ရှို့စရာထင်းခွဲပြီးမှ ဘုရားသခင်မိန့်တော်မူသောအရပ်သို့ သွားလေ၏" ဟု ဖော်ပြရာ၌ ယဇ်ပူဇော်ရာတွင် လိုအပ်သောထင်း၊ ယဇ်ကောင်၊ ဓားနှင့် လမ်းခရီး၌အသုံးပြုရန် လိုအပ်သောပစ္စည်းများ၊ ငယ်သားနှစ်ယောက်စသည်တို့ကို ကြိုတင်ပြင်ဆင်ခဲ့ရုံမက သူ၏စိတ်နှလုံးနှင့်အသက်တာကိုလည်း ကြိုတင်ပြင်ဆင်ခဲ့ပါသည်။ ယနေ့ ယုံကြည်သူများသည်လည်း သန့်ရှင်းမြင့်မြတ်သောဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ရန်အတွက် အာဗြဟံကဲ့သို့ အသက်တာ၌ကြိုတင်ပြင်ဆင်ရန်လိုအပ်သောအရာများ (ခန္ဓာ၊ စိတ်ဝိညာဉ်) များကို ကြိုတင်ပြင်ဆင်ကြပါစို့။

**၃။ အသက်တာ၌သီးသန့်ခွဲခြားခြင်း (Separation) များရှိပါသည်။ (ကမ္ဘာဦးကျမ်း ၂၂း၄-၅)**

သုံးရက်မြောက်သောနေ့၌ အာဗြဟံသည် သား ဣဇာက်နှင့်တကွ ငယ်သားနှစ်ယောက်နှင့်အတူ ဘုရားသခင် ညွှန်ပြသောအရပ်သို့ရောက်လုနီးချိန်တွင် အာဗြဟံက ငယ်သားနှစ်ယောက်အား "သင်တို့သည် ဤအရပ်တွင် မြည်းနှင့်အတူနေရစ်ကြလော့။ ငါသည် သားနှင့်အတူ ထိုအရပ်သို့သွား၍ ကိုးကွယ်ခြင်းကိုပြုအံ့" ဟု ကမ္ဘာဦးကျမ်း ၂၂း၄-၅ တွင်ဆိုထား၌ ဝတ်ပြုကိုးကွယ်ရာ၌ မလိုအပ်သော ငယ်သားနှစ်ယောက်နှင့် မြည်းကို သီးသန့်ခွဲခြားဖယ်ထုတ်ခြင်းကို ပြုလုပ်ခဲ့ကြောင်းတွေ့ရပါသည်။ ခရစ်ယာန်များစွာ၏ ဝတ်ပြုကိုးကွယ်ခြင်းအသက်တာတွင် ဝိညာဉ်ရေးရာကို ကျဆင်းစေမည့်အရာများကို လည်းကောင်း၊ စစ်မှန်သောဝတ်ပြုကိုးကွယ်ခြင်းကို ဟန့်တားစေမည့် စိတ်သဘောထား၊ အပြုအမူ၊ အနေအထိုင်၊ အပြောအဆိုနှင့် ဝတ်စားဆင်ယင်မှုများကို သီးသန့်ခွဲထုတ်ဖယ်ရှားမှုများပြုလုပ်ရန်စိန်ခေါ် လျက်ရှိနေပါသည်။

**၄။ ဆက်ကပ်အပ်နှံသောအသက်တာ (Dedicated life) ကိုတွေ့ရှိရပါသည်။ (ကမ္ဘာဦးကျမ်း ၂၂း၆၊ ၉)**

ဝတ်ပြုကိုးကွယ်ခြင်းတွင် ဘုရားသခင်အား အာဗြဟံ၏ မိမိအသက်တာနှင့်တကွ တစ်ဦးတည်းသော ရင်သွေးငယ်ဣဇာက်ကိုပါ လုံးဝဥဿုံ ဆက်ကပ်အပ်နှံထားကြောင်း တွေ့ရပါသည်။ ကမ္ဘာဦးကျမ်း ၂၂း၆၊ ၉ တွင် "ထိုအခါ မီးရှို့စရာထင်းကိုယူ၍ သားဣဇာက်အပေါ်မှာ တင်ပြီးလျှင် မီးနှင့်ဓားကို မိမိလက်နှင့်ကိုင်လျက် နှစ်ယောက်အတူသွား၍ ဘုရားသခင် မိန့်တော်မူသောအရပ်သို့ရောက်သောအခါ အာဗြဟံသည် ယဇ်ပလ္လင်ကိုတည်၍ ထင်းကိုခင်းပြီးလျှင် သားဣဇာက်ကိုချည်နှောင်၍ ယဇ်ပလ္လင်၌ ထင်းပေါ်မှာ တင်ထား၏။ မိမိလက်ကို ဆန့်၍ သားကိုသတ်ခြင်းငှာ ဓားကိုကိုင်ယူလေ၏" ဟုဆိုရာ၌ အာဗြဟံသည် သူ၏ဘဝတစ်ခုလုံးသာမက အချစ်ဆုံးရင်သွေးရတနာကိုပင် နှမြောတွန့်တိုခြင်း၊ စိုးရိမ်ကြောက်ရွံ့ခြင်းအလျဉ်းမရှိဘဲ ဘုရားသခင်ထံ ဆက်ကပ်အပ်နှံလျက် ဝတ်ပြုကိုးကွယ်ခြင်းအမှုကိုပြုခဲ့ကြောင်းသိရှိရပါသည်။ ခရစ်ယာန်တစ်ယောက်စီ၏ အသက်တာတွင်လည်း မိမိအသက်တာကိုလည်းကောင်း၊ မိမိခံစားရသောကောင်းချီးမင်္ဂလာထဲမှ အကောင်းဆုံးအရာကို လည်းကောင်း၊ မိမိအတွက် အဖိုးတန်သောအချိန်များကို လည်းကောင်း ဆက်ကပ်အပ်နှံခြင်းဖြင့် အသက်ရှင်တော်မူသော ထာဝရဘုရားအား ဝတ်ပြုကိုးကွယ်ကြပါစို့။

**၅။ သူကိုးကွယ်သောဘုရားသည် မည်ကဲ့သို့သောဘုရားဖြစ်ကြောင်း အထင်အရှား၊ အခိုင်အမာပြောဆို (Proclaimation) ခဲ့ပါသည်။ (ကမ္ဘာဦးကျမ်း ၂၂း၁၁-၁၄)**

ဘုရားသခင်သည် အာဗြဟံ၏ယုံကြည်ကိုးစားခြင်း၊ ဆက်ကပ်အပ်နှံခြင်းတို့ကြောင့် သူ၏ဝတ်ပြုကိုးကွယ်ခြင်းအား အလွန်အားရနှစ်သက်ခဲ့သည်။ အာဗြဟံ၏ တစ်ဦးတည်းသောသား ဣဇာက်ကို တင်လှူပူဇော်ခြင်းအား ဟန့်တားခဲ့သော်လည်း မီးရှို့ရာယဇ်ပူဇော်ခြင်းအား ဆက်လက်ပြုလုပ်နိုင်ရန်အတွက် လိုအပ်သောယဇ်ကောင်ကို ဆက်လက်ဖြည့်ဆည်းပေးခဲ့သည်။ အာဗြဟံ၏ နာခံမှုအပြည့်အဝရှိသော ယုံကြည်ခြင်းကို ဘုရားသခင်သည် အားရကျေနပ်၍ သူကိုယ်တိုင်က ကမ္ဘာဦးကျမ်း ၂၂း၁၁ တွင် "သင်သည် ဘုရားသခင်ကိုကြောက်ရွံ့သည်ဟု ယခု ငါသိ၏။ အကြောင်းမူကား သင်၌ တစ်ယောက်တည်းသောသားကို ငါတောင်း၍ သင်သည် ငါ့ကိုမငြင်း" ဟု အာဗြဟံအား အခိုင်အမာပြောဆိုခဲ့ကြောင်း တွေ့ရှိရပါ

သည်။ ဆက်လက်၍ အာဗြဟံ ကိုယ်တိုင်မှလည်း ဘုရားသခင်သည် သူ၏လိုအပ်မှုများ (needs) ကို အချိန်မီ ဖြင့်ဆင်ပေးသော ဘုရားသခင်ဖြစ်သည်ဟု ကမ္ဘာဦးကျမ်း ၂၂း၁၄ တွင် "ထိုအရပ်ကို ယေဟောဝါယိရေ (YHWH is provider) " ဟု အောင်မြင်စွာ ကြွေးကြော်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ခရစ်ယာန်တိုင်းသည် အာဗြဟံကဲ့သို့ ယုံကြည်ဆက်ကပ်အပ်နှံခြင်းနှင့် ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ပါလျှင် ကျွန်ုပ်တို့၏ လိုအပ်ချက်များ (လိုချင်တာများမဟုတ်ပါ) ကို ဘုရားသခင်က အချိန်မီပြင်ဆင်ပေးကာ "ဟာလေလုယ" ဟု ချီးမွမ်းကြွေးကြော်သောအသက်တာဖြင့် ကြီးထွားလာပါလိမ့်မည်။

ဆက်လက်၍ အာဗြဟံ၏ စစ်မှန်သော ဝတ်ပြုကိုးကွယ်ခြင်းကြောင့် ရရှိလာသောအကျိုးကျေးဇူးများကို လေ့လာရာတွင် . . .

၁။ အာဗြဟံ၏အသက်တာတွင် အသစ်တဖန်ပြန်လည်၍ ခွန်အားနှင့်ပြည့်စုံစေပြီး နဂိုအတိုင်း (restoration) ဖြစ်စေခဲ့ပါသည်။ ကမ္ဘာဦးကျမ်း ၂၂း၁၂ တွင် "ထိုလုလင်ကို မထိခိုက်နှင့်၊ အလျှင်းမပြုနှင့်" ဟူသော ဘုရားသခင်၏မိန့်တော်မူချက်သည် သူ၏အသက်တာတစ်ခုလုံးကို ပြန်လည်၍ သစ်လွင်တောက်ပလာစေခဲ့ပါသည်။ အာဗြဟံ အိမ်မှထွက်လာခဲ့စဉ်က သူသည် ယုံကြည်ခြင်းဖြင့် လျှောက်လှမ်းခဲ့ရသော်လည်း "အော် ငါ့ရဲ့အိမ်အပြန်လမ်းမှာတော့ တစ်ယောက်ထဲဖြစ်နေမှာပါလား" ဟူ၍ စဉ်းစားနေခဲ့လိမ့်မည်။ သို့သော် ဘုရားသခင်သည် သူ့အား အိမ်မှထွက်စဉ်တုန်းကကဲ့သို့ပင် အပြန်လမ်းတွင်လည်း သားအဖနှစ်ယောက် ပျော်ရွှင်ဝမ်း မြောက်စွာဖြင့် အသစ်သောယုံကြည်ကိုးစားမှုများ၊ အသစ်သောမျှော်လင့်ချက်များနှင့်အတူ ပြန်လည်ပို့ဆောင်ခဲ့ပေသည်။ ကျွန်ုပ်တို့၏အသက်တာတွင် ဘုရားသခင်အား စစ်မှန်စွာဖြင့် ဝတ်ပြုကိုးကွယ်ပါက ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဆုံးရှုံးမှု၊ ဝမ်းနည်းမှု၊ နာကျည်းကြေကွဲမှုများကို တာဝန်ယူပြီး ပြန်လည်၍ နှစ်သိမ့်မှုများပေးနေမှာမလွဲပါ။

၂။ ဘုရားသခင်သည် အာဗြဟံနှင့် ပဋိညာဉ်ပြုခဲ့သည့်အရာများကို အသစ်တဖန်ပြန်လည်၍ အတည်ပြု (Confirmation) ပေးခဲ့ကြောင်း ကမ္ဘာဦးကျမ်း ၂၂း၁၅-၁၈ တွင်တွေ့ ရှိရပါသည်။ ကမ္ဘာဦးကျမ်း ၁၂း၁-၃၊ ၁၅း၁-၆ တွင် ဘုရားသခင်နှင့် အာဗြဟံတို့၏ ပဋိညာဉ်ပြုချက်များကို ထပ်မံ၍အသစ်တဖန် အတည်ပြုပေးခဲ့ပါသည်။ ခရစ်ယာန်တိုင်း၏အသက်တာတွင် ဘုရားသခင်အား စစ်မှန်စွာ ဝတ်ပြုကိုးကွယ်ခြင်းအားဖြင့် သမ္မာကျမ်းစာတွင် တွေ့ရသော ဘုရားသခင်၏ ဂတိတော်များသည် ကျွန်ုပ်တို့၏အသက်တာတွင် အသစ်တဖန်ပြန်လည်၍ တန်ခိုးနှင့်ပြည့်စုံကြောင်း ခွေးတွေးစွာခံစားသိရှိလာမည်ဖြစ်ကြောင်း အနည်းငယ်တင်ပြလိုက်ရပေသည်။□

## ရှာကြလော့

ဒေးဗစ် ။ ။ ဘိုးဘိုး ဘုရားသခင်က သားသားကိုညာတယ်၊ သိလား။

ဘိုးဘိုး ။ ။ ဟေ ဘာဖြစ်လို့လဲကွဲ့။

ဒေးဗစ် ။ ။ ဘုရားသခင်က 'ရှာကြလော့၊ ရှာလျှင်တွေ့မည်' ဆိုပြီး သားသားရဲ့ ပျောက်သွားတဲ့ မော်တော်ကားကိုရှာတာ ခုချိန်ထိ မတွေ့သေးဘူး။

သီးတော့မှုး





# စောရမွေလညာထ်လင်း (ဘာသာ)

# နာကျင်နေပြီလား

တည်ရှိနေတဲ့လောကမှာ ကျွန်ုပ်တို့ရှင်သန်တဲ့အခါ 'ရေရှည်တည်တံ့ခိုင်မြဲခြင်း' ဆိုသည်မှာ လူသားနှင့်သက်ဆိုင်သည့် ဘုရားသခင်ပေးအပ်သော ကမ္ဘာဦးကတာဝန်ဖြစ်ပြီး ပြောင်းလဲနေသောလောကကြီးနှင့်အတူ ပြောင်းလဲသောလူသားများ၏စိတ်နေသဘောထားများ (၃)မျိုးရှိလာသည်။

-လောကကြီးအတွက် ငြိမ်းချမ်းရေးကိုမြတ်နိုးသူ၊
-လောကကြီးအတွက် ငြိမ်းချမ်းရေးကိုလုပ်ဆောင်သူ၊
-လောကကြီး၏ ငြိမ်းချမ်းခြင်းကိုဖျက်ဆီးသူ ဟူ၍ (၃)မျိုးခွဲခြားနိုင်သည်။

ငြိမ်းချမ်းမှုဆိုသည်မှာ အဘယ်နည်း၊ အဓိပ္ပာယ်ကို သိမြင်ခံစားတတ်ရန် လိုသည်။ ငြိမ်သက်ခြင်းဟူသည် အပြန်အလှန်မှီခိုမှုခန္ဓာ၊ စိတ်၊ ဝိညာဉ် သဟဇာတဖြစ်ခြင်းတို့ပါမည်။ ငြိမ်သက်ခြင်း။ ငြိမ်းချမ်းရေးကိုမြတ်နိုးရုံနှင့်မပြီးပါ။ သက်ဝင်ခံစားနိုင်ဖို့အတွက် လုပ်ဆောင်ရန်လိုအပ်သည်၊ လုပ်ဆောင်နိုင်မှခံစားနိုင်သည်။ လှုပ်ရှားမှုကြောင့် မငြိမ်မသက်ခြင်းကိုဖြစ်စေသကဲ့သို့ လှုပ်ရှားခြင်းကြောင့်ပင် ငြိမ်သက်ခြင်းကို ဖြစ်စေသည်။

အထက်ဖော်ပြပါ လူ(၃)မျိုးတွင် လောကကြီးအတွက် ငြိမ်းချမ်းရေးကိုလုပ်ဆောင်သူသည် ဘုရားသခင်သားများဟု ခေါ်ဝေါ်ခံရမည်ဖြစ်ကြောင်း တောင်ပေါ်ဒေသနာတွင် သခင်ခရစ်တော် မိန့်ဆိုခဲ့သည်။

ယနေ့ ပြောင်းလဲမှု၊ မြန်ဆန်မှု၊ တိုးတက်မှု၊ ဆုတ်ယုတ်မှုနှင့်အတူ ကျွန်ုပ်တို့အတွက် ဖျားနာနေသော ကမ္ဘာကြီးသည် Super Power လွှမ်းမိုးခံရခြင်း ကြောင့်ဖြစ်သည်။ ထိုအင်အားကြီးသည် အဆိုးလော၊ အကောင်းလောဆိုသည်ကို လောကီလူသားအားလုံး ဝိုင်းဝန်းစဉ်းစားဆုံးဖြတ်ရပေမည်။ ကမ္ဘာကြီးအား အခြေအနေသစ်တစ်ခုသည် တွန်းပို့သွားသည်နှင့် ကမ္ဘာကြီးကို မှီခိုနေသောလူသားတို့၏ လူနေမှုဘဝသည် ရွေ့လျားမှု နောက်သို့ပါသွားပြီး ငြိမ်သက်ခြင်းပျောက်ဆုံးသွားကြလေ သည်။

ပြောင်းလဲသောကမ္ဘာကြီးသည် အမှန်တရား ဖြစ်သည်မှန်လျှင် အခြေအနေသစ်ကိုဖန်တီးပေးခြင်းသာ ဖြစ်သည်။ သို့သော် ပြောင်းလဲမှုကြောင့် အခြေအနေမတူ လာသောပတ်ဝန်းကျင်ကို သဟဇာတဖြစ်လာနိုင်ရန် ရွေ့ လျားမှုဆောင်ရွက်ပေးနိုင်ရာ၊ စာနာထောက်ထားမှုပေး နိုင်ရာ ထိန်းသိမ်းနိုင်ရာသည် လူသားပေါ်တွင်မူတည် သည်။ ချမ်းသာဆင်းရဲကွာဟမှုကြီးမြင့်လာခြင်းသည် ဆန့်ကျင်ဘက်ပြောင်းလဲမှုဖြစ်ပြီး ငြိမ်သက်မှုတည်ရှိခြင်း ကို ဖျက်ဆီးသောအကြောင်းတရားဖြစ်သည်။ ကြွယ်ဝ သောဒေသ၊ ငတ်မွတ်သောဒေသဖြစ်လာရခြင်းသည် ဘာသာရေးစိတ်ကို ပျောက်လွင့်သွားစေပြီး ဗေဒသောသည် ယာကုပ်နေရာလုခြင်းတွင် ကိုယ်ပိုင်အတ္တ(Self-ego) ကိုဦးစားပေးမှုဖြစ်လာသည်။ နယ်ပယ်တစ်ခု၏တည်ရှိ ခြင်းသည်၊ နိုင်ငံတော်စနစ်၏အုပ်ချုပ်ရေးယန္တရားလည် ပတ်မှုကို မည်မျှအထိ ထိန်းသိမ်းလည်ပတ်နိုင်သည်ဆို ခြင်းသည် ငြိမ်းချမ်းမှု၏အတွင်းအပြင်ကသရုပ်ဆောင် ပေးသည်။

ဘဝအသက်တာတွင် တစ်ဦးချင်း ငြိမ်းချမ်းမှု သည် အတ္တဖြစ်သော်လည်း အခြားသောသူများကို ကူး စက်သွားမည်ဆိုလျှင် စစ်မှန်သောငြိမ်းချမ်းမှုပင်ဖြစ်သည်။ သို့သော် ငြိမ်းချမ်းမှုသည် အချိန်အခါအခြေအနေပေါ် တွင် ပြောင်းလဲနေသောကြောင့် ထိုပြောင်းလဲမှုကြီးပေါ် တွင် မတူညီမှုဖြစ်လာပြီး မငြိမ်းချမ်းမှုပြန်၍ဖြစ်စေသည်၊ ထို့ကြောင့် ငြိမ်းချမ်းခြင်းကူးစက်မှုသည် အားလုံးကိုခံစားမှု အတူတူ ကူးစက်ရန်လိုအပ်ပါသည်။ ဘာသာရေးထိန်း ချုပ်သောငြိမ်းချမ်းမှုသည် ကမ္ဘာ့ဘာသာများ၏အမြင်တွင် မတူညီမှုများစွာရှိလာသည်။ ထို့ကြောင့် အထူးသဖြင့် ဘာသာကြီးများ၏ ဖော်ပြသောလုပ်ဆောင်ချက် ငြိမ်းချမ်း မှုသည် နိုင်ငံတော်ဘာသာ နိုင်ငံတော် ငြိမ်းချမ်းမှုသည် အခြားသောနိုင်ငံ၊ ပုဂ္ဂိုလ်အတွက် မငြိမ်းချမ်းမှုဖြစ်လာ သည်။

နူးညံ့ပျော့ပြောင်းသော၊ ခံစားလွယ်သောငြိမ်း ချမ်းမှုကား Super Natural Powerကို ပြန်လည်ရှာ ဖွေကြိုးစားကြည့်ရန် လိုအပ်ပေမည်။ Dialogue နှင့် ငြိမ်းချမ်းမှုသည် ညီအစ်ကိုတော်စပ်လာလျှင် ခံစားမှု Super Natural Power က သင်နှင့်ကျွန်ုပ်ခံစား နိုင်မည့် ခရစ်ယာန်ဘာသာ၏ Holy Spirit ကိုခံယူရရှိ ခြင်း၊ ဗုဒ္ဓဘာသာ၏ဝိပဿနာတည်ဆောက်ခြင်းများသည် နားလည်မှုအတူတူရရှိရန် အကြောင်းတရားဖြစ်ပေ သည်။ တည်ရှိမှုသည် အနှစ်သာရ၊ အဆင့်အတန်း၊ ဘာ သာရေးအပေါ်တွင် ခံစားမှုရှိရပါမည်။

What is love?

What is the existence goal of human being? ❑

## စိုက်သည့်အတိုင်း

မောင်နီ ။ ။ ဖိုးကြွက်ရေ ငါတော့ ဒုက္ခရောက်နေပြီ။

ဖိုးကြွက် ။ ။ ဘာဖြစ်လို့လဲ။

မောင်နီ ။ ။ "စိုက်သည့်အတိုင်း ရိတ်ရမည်" ဆိုထားတာ။ အခု ငါ့စပါးပင်တွေ ပိုးကျလို့ အားလုံး ပျက်စီးသွားပြီ။ ရိတ်စရာအပင်မရှိတော့လို့ကွ။

ထီးစောမူး



"ပဋိပက္ခ"ဟူသည့်ဝေါဟာရကို ကြားလိုက်မြင်လိုက်သည်နှင့် စိတ်ထဲဖြစ်ပေါ်လာ သည်မှာ "အဆိုးတရားများ" သာ အများစုဖြစ်သည်ဟုဆိုလျှင် မှားမည်မထင်ပါ။ အကြောင်းမှာ လက်တွေ့ဘဝတွင် ပဋိပက္ခသည် ကောင်းကျိုးထက် ဆိုးပြစ်များကို ပိုမိုဖြစ်ပေါ်စေတတ်၍ပင်။ လူတိုင်း အသက်ရှင်ရပ်တည်ရာတွင် ပဋိပက္ခကို ပုံစံအမျိုးမျိုး၊ အတိမ်အနက်အမျိုး မျိုး၊ အသွင်အဖုံဖုံဖြင့် နယ်ပယ်အသီးသီး၊ လူ့အဆင့်အလွှာအသီးသီးတွင် ကြုံတွေ့နေရပေ သည်။ လူတစ်ဦးချင်းမှစ၍ မိသားစုအတွင်း၊ လူအဖွဲ့အစည်းအတွင်း၊ ထိုမှုမက နိုင်ငံရေးလော က၊ စီးပွားရေးလောက၊ အသင်းတော်အသိုင်းအဝိုင်းအဆုံး သူ့ပဋိပက္ခနှင့်သူ ရှိနေကြသည်။ လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံနေရခြင်းကြောင့် ကျွန်ုပ်တို့လိုချင်သည်ဖြစ်စေ၊ မလိုချင် သည်ဖြစ်စေ ပဋိပက္ခသည် လူနှင့်အတူ အစဉ်ရှိနေမည်ဖြစ်သည်။ အကြောင်းမှာ လူသည် ပဋိပက္ခကိုဖြစ်စေသည့်အကြောင်းရင်းများထဲတွင် အဓိကကျနေ၍ပင်။ တစ်နည်းဆိုရလျှင် ပဋိပက္ခသည် လူတို့၏ဇာတိစိတ်ကို ထိန်းချုပ်နိုင်မှုအတိုင်းအတာ၊ မိမိကိုယ်မိမိ နားလည်နိုင်စွမ်း၊ သူတစ်ပါးကိုနားလည်၊ စာနာ၊ လက်ခံနိုင်စွမ်းတို့အပေါ် များစွာအရင်းခံနေပေသည်။

## ပဋိပက္ခကိုအသွင်ပြောင်းလဲစေခြင်း

## CONFLICT TRANSFORMATION

Simsa

ဒေါ်နန်ရော်၊ အစီအစဉ်ညှိနှိုင်းရေးမှူး

ငြိမ်းဖောင်ဒေးရှင်း

သို့ဆိုလျှင် "ပဋိပက္ခကို မည်သို့သဘောထားရမည်နည်း"ဟု မေးရန်ရှိလာရပါသည်။ သုတေသီများ၊ ဓမ္မပညာရှင်များကမူ "**ပဋိပက္ခကို လူ့ဘဝ၏အစိတ်အပိုင်းတစ်ခုအဖြစ်လက်ခံပြီး အပြုသဘောဖြင့်ရင်ဆိုင်မည်။ နောက်တစ်ဆင့်အနေနှင့် အကောင်းဘက်ဦးတည်သောရလဒ်များထွက်ပေါ်လာစေရန် အဆိုးများကို အကောင်းဖက်သို့ ပြုပြင်ပြောင်းလဲဖန်တီးယူရန် ကြိုးစားနိုင်သည့်အခြေအနေတစ်ရပ်**" ဟု အမြင်သစ်ဖြင့်မြင်နိုင်ရန် အကြံပြုကြပါသည်။ ထိုအခါ ပဋိပက္ခသည် "ရွံ့မုန်းစရာ၊ တိမ်းရှောင်စရာ၊ စိတ်ပျက်စရာ" မဟုတ်တော့ဘဲ "စိန်ခေါ်မှုတစ်ရပ်" ဖြစ်လာမည်။ တရုတ်လူမျိုးများက ပဋိပက္ခသည် 'အန္တရာယ်' ဖြစ်သည့်နည်းတူ "အခွင့်အရေး" လည်းဖြစ်သည်ဟုခံယူကြသည်။

"ပဋိပက္ခမရှိလျှင် မတိုးတက်၊ ရှိမှတိုးတက်သည်" ဟု ဆိုတတ်ကြသော်လည်း လက်တွေ့တွင် "တိုးတက်မှု" သည် ပဋိပက္ခရှိခြင်း၊ မရှိခြင်းကြောင့် မဟုတ်ဘဲ ထိုပဋိပက္ခတွင် ပါဝင်ပတ်သက်နေသူများ၏ စိတ်နေသဘောထား၊ အပြုသဘောအမြင်၊ တုန့်ပြန်မှု၊ ဖြေရှင်းသည့်နည်းလမ်းတို့အပေါ်တွင် မူတည်နေသည်။ ပဋိပက္ခရှိလာသည်နှင့် အပြစ်တင်မနေဘဲ ' တိုးတက်ပြောင်းလဲမှုပြုလုပ်ရန် အခွင့်အရေးတစ်ခု' အဖြစ် စနစ်တကျကိုင်တွယ်ဖြေရှင်းနိုင်ပါလျှင် အဆိုးထဲမှအကောင်း ထွက်ပေါ်လာနိုင်သည်ဟု ဆိုချင်ပါသည်။

ပဋိပက္ခကိုကိုင်တွယ်ရာတွင် ပဋိပက္ခကိုဖြေရှင်းခြင်း (Conflict Resolution)၊ ပဋိပက္ခကိုစီမံခန့်ခွဲခြင်း (Conflict Management)၊ ပဋိပက္ခကိုကာကွယ်ခြင်း (Conflict Prevention)၊ ပဋိပက္ခကိုအဖြေရှာခြင်း (Conflict Settlement) စသည်ဖြင့် မိမိတို့ကြုံတွေ့ကြရသော ပဋိပက္ခ၏အတိမ်အနက်၊ အကျယ်အဝန်း၊ ဖြေရှင်းရန် ရည်ရွယ်သည့်အတိုင်းအတာကိုလိုက်၍ အမည်အမျိုးမျိုးမှည့်ခေါ်ပြီး ဖြေရှင်းရန်ကြိုးပမ်းကြပါသည်။

ယခုအခါ ပဋိပက္ခကို ဖြေရှင်းရုံမျှနှင့်မလုံလောက်၊ စီမံခန့်ခွဲရုံမျှနှင့်မပြီး၊ "နောက်တဖန်မဖြစ်ပေါ်ရန်အထိ ရည်ရွယ်ချက်ဖြင့် ပဋိပက္ခကိုအသွင်ပြောင်းလဲစေခြင်း (Conflict Transformation) ဟူသောဝေါဟာရအသစ်၊ သဘောတရားအသစ်ဖြင့် (သမ္မာကျမ်းသဘောနှင့်လည်းကိုက်ညီစွာ) ကိုင်တွယ်ဖြေရှင်းသည့်နည်းလမ်း ရှိနေပြီဖြစ်သည်။

ဤနည်းလမ်းသည် ပဋိပက္ခတွင်ပါဝင်နေသောလူတို့၏စိတ်ခံစားချက်များ (Feelings)၊ လိုအပ်ချက်များ (Needs)၊ စိတ်နေသဘောထား(Attitudes)၊ ဖြစ်စဉ် (Context)၊ အချင်းချင်းဆက်ဆံရေး (Relationships)၊ ဖြစ်ရပ်များ (Issues) တို့ကို အသေးစိတ်ခွဲခြမ်း စိတ်ဖြာလေ့လာပြီး ပဋိပက္ခဖြစ်ပေါ်စေသည့် ဇာစ်မြစ်မှန်သမျှကို အပြုသဘောဖက်သို့ပြောင်းလဲရန် လမ်းစရှာဖွေကာ လုပ်ဆောင်ခြင်းပင်ဖြစ်သည်။

ပဋိပက္ခကို အသွင်ပြောင်းလဲစေရာတွင် **လူနှင့်ပြဿနာ ဟူ၍ နှစ်ပိုင်းလေ့လာကိုင်တွယ်ရပါသည်။ လူနှင့်ပတ်သက်သည့်အပိုင်းတွင် . . .** ပြဿနာအစပြုချိန်မှ စတင်ဖြစ်ပေါ်လာသည့် ပါဝင်နေသောအုပ်စုတို့၏ဆက်ဆံရေးအခြေအနေ ဆုတ်ယုတ်ပြောင်းလဲမှုများ၊ စိတ်ခံစားမှုများ၊ စိတ်နေသဘောထားများ၊ တန်ဖိုးထားမှုများ၊ လိုအပ်ချက်များ စသည်တို့ကိုလေ့လာရပါသည်။ ထို့အပြင် ပြဿနာနှင့်ပတ်သက်၍ ဇာစ်မြစ်များ၊ ပြဿနာအသေးအမွှားမှ ပဋိပက္ခအ ဖြစ်သို့ အဆင့်ဆင့်တင်းမာလာသည့် အခြေအနေများကို အသေးစိတ်လေ့လာရပါသည်။ ထို့နောက် ပါဝင်ပတ်သက်နေသောအုပ်စုများအနေနှင့် ထိုပဋိပက္ခကြောင့် ဖြစ်ပေါ်ခဲ့သော (သို့မဟုတ်) ဖြစ်လာနိုင်ဖွယ်ရှိသော ကောင်းကျိုးဆိုးပြစ်များကို ရှင်းရှင်းလင်းလင်းသိမြင်လာကာ အားလုံးအတွက် အကောင်းဆုံးအဖြေကိုပူးပေါင်းဖော်ထုတ်လာရုံသာမက ထိုပဋိပက္ခကိုဖြစ်ပေါ်စေသည့်ဇာစ်မြစ်များကိုလည်း ၎င်းတို့ကိုယ်တိုင် ပြုပြင်ပြောင်းလဲလိုစိတ် ဖြစ်လာစေသည်။

ဆိုလိုသည်မှာ ဤနည်းသည် ပဋိပက္ခတစ်ခုကိုဖြေရှင်းရာတွင် အပေါ်ယံဆန်သော အဖြေရှာရုံသက်သက် ကျယ်ဝန်းနက်ရှိုင်းစွာ ကိုင်တွယ်သည်။ ပါဝင်ပတ်သက်သူ 'လူ'တို့၏ အတွင်းစိတ်သဘောအတွင်း၌ အချင်းချင်းနားလည်ခြင်း၊ ပြန်လည်သင့်မြတ်လာနိုင်ခြင်း၊ လက်ခံနိုင်ခြင်းအဆင့်၊ အတွင်းစိတ်သဘောထိပြောင်းလဲပြီး ဆန့်ကျင်ဖက်ဖြစ်ခဲ့သူများအကြား ကောင်းသောဆက်ဆံရေးအသစ်တစ်ခု ပြန်လည်ဆောက်တည်ယူနိုင်သည့်အခြေအနေသစ်တစ်ရပ်သို့ရောက်ရှိမှသာ ပဋိပက္ခကိုအသွင်ပြောင်းနိုင်ပြီး ဖြေရှင်းပြီးပြီဟုမှတ်ယူသည်။

တစ်ချိန်တည်းမှာပင် ထိုသို့ပဋိပက္ခကိုဖြစ်ပေါ်စေခဲ့သော အခြေအနေအရပ်ရပ် (Context) ကိုလည်း ရှုမြင်သုံးသပ်ပြီး ပဋိပက္ခဖြစ်ပေါ်စေနိုင်သော အကြောင်းတရားများဖြစ်ကြသည့် မတရားမှု၊ အကြမ်းဖက်ခြင်း၊ မုန်းတီးမှုများ၊ တစ်ဖက်သတ်အယူအစွဲများ၊ နားလည်မှုလွဲမှားခြင်း၊ ကြီးနိုင်ငယ်ညှင်းဝါဒများ၊ အများစုက အနည်းစုကိုအနိုင်ကျင့်မှုများ၊ အခွင့်အာဏာအလွဲသုံးစားမှုများ၊ လူ့ဂုဏ်သိက္ခာကိုထိပါးစော်ကားမှုများ စသည့် အကျည်းတန်သည့်အရာများ၊ လူ့အသိုင်းအဝိုင်းတွင်နည်းနိုင်သမျှနည်းအောင်၊ ပပျောက်အောင်ပြုလုပ်သင့်သည်ကို သိမြင်လာစေရပါသည်။ ထိုမှတစ်ဆင့် မိမိကိုယ်တိုင်၏အပြုအမူသည်လည်း ပဋိပက္ခကိုဖြစ်ပေါ်စေမှု ရှိ/မရှိ သတိထားလာမိစေနိုင်ပါသည်။

နောက်တစ်ဆင့်အနေနှင့် "ပဋိပက္ခကိုအသွင်ပြောင်းလဲစေရာတွင် မည်သည့်လုပ်ဆောင်ချက်များပါဝင်ရမည်နည်း၊" ဆိုပါလျှင် ယက်ရှိပဋိပက္ခကိုအဖြေရှာခြင်းသာမက ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့်အကြောင်းတရားများကိုသိနားလည်ခြင်းဖြင့် ဟန့်တား၊ ရှောင်ရှားနိုင်ရန်ပညာပေးခြင်း (Peace Education)၊ အပြုသဘောမြင်လာနိုင်ရန် အမြင်ဖွင့်ပေးခြင်း (Awareness Training On Peace Building) ၊ ပဋိပက္ခကို ရှုထောင့်စုံမှမြင်တတ်ပြီး၊ တစ်ဖက်သားကို (မိမိနှင့်မတူညီမှုများရှိကြောင်းသိနေလျက်နှင့်) အကြွင်းမဲ့ နားလည်လက်ခံနိုင်စွမ်းတည်ဆောက်ပေးခြင်း၊ တစ်ဦး၏တန်ဖိုးထားမှုကို တစ်ဦးကအလေးထားနိုင်ခြင်း၊ အကြမ်းမဖက်အနုနည်းဖြင့် မတရားမှုများကိုဖော်ထုတ်ရင်ဆိုင်ခြင်း (Active non-violence) စသည်တို့ပါဝင်ရပါမည်။

ထိုလုပ်ဆောင်ချက်များအားဖြင့် မိမိတို့ လူ့အသိုင်းအဝိုင်းတွင် ငြိမ်းချမ်းစွာ ပြဿနာများကိုဖြေရှင်းတတ်သော ခံယူချက်၊ သဘောထားများ၊ အတွေးအမြင်များ (Culture of Peace) ပြည့်ဝစုံလင်လာခြင်းဖြင့် လူ့အသိုင်းအဝိုင်းတွင် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ချစ်ခြင်းတရားများ တည်ဆောက်ယူနိုင်မည် ဖြစ်ပေသည်။

အချုပ်အားဖြင့် ပဋိပက္ခကိုအသွင်ပြောင်းစေနိုင်ရန် သတိမမူဂူမမြင်တတ်သည့်လူသားတို့၏သဘော၊ မိမိမျက်စိထဲမှသစ်တုံးစကိုမဖယ်ဘဲ သူတစ်ပါးမျက်စိမှ အမှိုက်ငယ်ကို လက်ညှိုးထိုးတတ်သော လူသားတို့၏သဘာဝများ မိမိ၌ရှိနေကြောင်းသိရှိခံယူနိုင်ကြဘို့ လွန်စွာအရေးကြီးပေသည်။ သို့မှသာ ခရစ်တော်မိန့်မှာခဲ့သည့်အတိုင်း" **တစ်ဦးနှင့်တစ်ဦး သူတစ်ပါးမိမိကိုပြုစေလိုသည့်အတိုင်း သူတစ်ပါး၌ပြုနိုင်စွမ်း**"ရှိလာပြီး အမှုအရာများကြုံလာသောအခါ "**အချင်းချင်းပူးပေါင်းနည်းလမ်းရှာကာ အပြုသဘောအသွင်ပြောင်းစေနိုင်မည်**" ဟုဆင်ခြင်မိပါသည်။ ❑

## ထုနက်ဖို့

ကမ္ဘာဦးကျမ်းမှ ဖန်ဆင်းခြင်းအကြောင်း ဆွေးနွေးပြောဆိုရာမှ ကျောင်းသားတစ်ဦးက . . .

ပထမကျောင်းသား ။ ။ "ဘုရားသခင်ဟာ မိန်းမကို ဘာဖြစ်လို့ အရိုးနဲ့ဖန်ဆင်းတာလဲ"

ထိုအခါ . . .

ဒုတိယကျောင်းသား ။ ။ "မင်းကလဲ၊ မိန်းမဟာ ယောကျ်ားရဲ့ထုနက်တဲ့ဒဏ်ခံနိုင်ဖို့ဘုရားသခင်က အရိုးနဲ့ဖန်ဆင်းတာကွ၊ သိလား" ဟူသတည်း။

ပစ်တိုင်းထောင်

# မြစ်ကြီးနားသာသနာပိုင်ကြီး ဒေးဗစ်သန်းလွင်နှင့်


တွေ့ဆုံမေးမြန်းခြင်း
ရှာလုမ်စာတည်းအဖွဲ့

ယနေ့
အသင်းတော်ကြီးရဲ့
သာသနာပိုင်နယ်တွေမှာပြုလုပ်နေကြတဲ့
အသင်းတော်ဖွံ့ဖြိုးတိုးတက်ရေး၊
စီမံကိန်းတွေအထဲမှာ
မြစ်ကြီးနားသာသနာပိုင်နယ်၊
ဘွမ်ဆန်ကျေးရွာမှာ ပြုလုပ်လျက်ရှိတဲ့
စာသင်ကျောင်းစီမံကိန်းအကြောင်း
သိကောင်းစရာအချို့ကို
မြစ်ကြီးနားနယ်စီးသာသနာပိုင်ကြီးကို
ကျွန်မတို့ ရှာလုမ်စာတည်းအဖွဲ့မှ
သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

❑ *မြစ်ကြီးနားသာသနာပိုင်နယ်၊ ဘွမ်ဆန်ကျေးရွာမှာ ပြုလုပ်လျက်ရှိတဲ့စာသင်ကျောင်းကို ဘယ်လိုစတင်လာခဲ့ပါသလဲ။ လက်ရှိ ဘယ်လိုဆောင်ရွက်နေသလဲဆိုတာ သိပါရစေ။*

ဒီစာသင်ကျောင်းရဲ့ စတင်ပုံကတော့ ရှေးက သာသနာပြုခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတွေကနေ သန္ဓေတည်ခဲ့တယ်ဆိုရင် မမှားဘူးပေါ့။ အဲဒါကို သာသနာပိုင်ဂျွန်ရှန်လုံလက်ထက်မှာ အကောင်အထည်ဖော်နိုင်ခဲ့တယ်။ အခုကတော့ ကျောင်းဆောင်သစ်အားဖြင့် ပြန်လည်အားဖြည့်ပေးတဲ့သဘောပဲ ဖြစ်ပါတယ်။ ဒီကျောင်းဆောင်သစ်ကြီးကို ၂၀၀၂ ခုနှစ်၊ နှစ်ဦးပိုင်းကနေ စတင်ဆောက်လုပ်ခဲ့ပါတယ်။ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ(၂၄) ရက်နေ့မှာ ကျောင်းဖွင့်ပွဲ ကျင်းပခဲ့ပါတယ်။ အဲဒီကျောင်းဆောင်သစ်ဖွင့်ပွဲကို သာသနာပိုင်ကြီးနဲ့အတူ အဖွဲ့ဝင် (၂၄)ဦး ပါဝင်တက်ရောက်ခဲ့ပါတယ်။ ကျေးရွာအသီးသီးမှ အသင်းသူအသင်းသားအပါအဝင် လူ ၂၀၀၀ ခန့် ပါဝင်ဝတ်ပြုခဲ့ပါတယ်။





ဆက်လက်ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကတော့ ဒီကျောင်းကို မူလတန်းအဆင့်ကနေ အလယ်တန်းအဆင့်ရောက်အောင် တိုးမြှင့်ထားပါတယ်။ ကျောင်းသားကျောင်းသူလည်း တစ်ရာနီးပါးလောက်ရှိနေပါပြီ။ ဆရာ၊ ဆရာမအင်အားကိုလည်း (၄)ဦးကနေ (၈)ဦးအထိ ထပ်မံဖြည့်ပေးထားပါတယ်။

❑ *အဲဒီလိုလုပ်ဆောင်တဲ့နေရာမှာ ဘယ်လိုအသီးအပွင့်တွေ ခံစားရပါသလဲ။ ဘယ်လိုအခက်အခဲတွေရော ကြုံတွေ့ရပါသလဲ။*

အသီးအပွင့်အနေနဲ့ကတော့ ဘွမ်ဆန်ကျေးရွာပတ်ဝန်းကျင်မှာရှိတဲ့ကလေးသူငယ်များ ဒီကျောင်းမှာလာပြီး ပညာဆည်းပူးနိုင်ကြပါတယ်။ အနီးပတ်ဝန်းကျင်ကျေးရွာမှ ကလေးများကတော့ အိမ်ကနေပဲ ကျောင်းတက်ကြပြီး ဝေးတဲ့ရွာက ကလေးတွေကျတော့ ဒီဘွမ်ဆန်မှာပဲလာတည်းပြီး ကျောင်းတက်ကြပါတယ်။ သင်ကြားတဲ့ ဆရာ၊ဆရာမတွေကလည်း တကယ့်စေတနာ၊ မေတ္တာနဲ့သင်ပေးတဲ့အတွက် ကလေးတွေမှာ အများကြီးတိုးတက်မှုရှိခဲ့ပါတယ်။ ဆရာဆရာမတွေထဲမှာ ကျမ်းစာကျောင်းဆင်းတွေလည်းပါတယ်ဆိုတော့ ဓမ္မပညာဘက်ကိုလည်း အားပြုပြီးသင်ကြားပေးနိုင်ပါတယ်။

အခက်အခဲများကတော့ လမ်းခရီးဝေးလံကြမ်းတမ်းတဲ့အတွက် ဆောက်လုပ်ရေးလုပ်သားအချို့လည်း အသက်စွန့်ခဲ့ရပါတယ်။ နောက် ကျောင်းဆောက်ပြီး သင်ကြားမှုအပိုင်းရောက်တော့ ဆက်ကပ်တဲ့ဆရာ၊ ဆရာမတွေ ရှာဖွေရတာတွေ ဆရာ၊ ဆရာမများရဲ့ စားဝတ်နေရေးနဲ့ ကျန်းမာရေး၊ ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ရိုးညွှန်းတမ်းရှာဖွေရေးဆွဲရေးရယ်၊ ကလေးများအတွက် လိုအပ်တဲ့ကျောင်းသုံးစာအုပ်၊ ခဲတံ၊ စတဲ့ကျောင်းသုံးပစ္စည်းများ၊ ဝတ်စုံများရရှိအောင် စုဆောင်းပေးရတာရယ် စတဲ့ခက်ခဲမှုလေးတွေရှိပါတယ်။

သင်ကြားတဲ့အခါမှာလည်း ကလေးငယ်များဟာ မြို့နဲ့ အင်မတန်မှဝေးလံတဲ့နေရာဖြစ်နေတော့ အကြားအမြင် ဗဟုသုတချို့တဲ့ပါတယ်။ ဥပမာ-မော်တော်ကားအကြောင်း သင်မယ်ဆိုရင် သူတို့လုံးဝမတွေ့ဘူးတဲ့အတွက်ကြောင့် ရုပ်ပုံကားချပ်နဲ့ သေချာပြန်ရှင်းပြရတယ်။ အဲဒီလိုမျိုးတွေက အများကြီးပဲ ဖြစ်ပါတယ်။

❑ အဲဒီရွာမှာ ဆက်ကပ်အစေခံတဲ့လူငယ်တွေကို ဘယ်လိုစုစည်းပြီး ဘယ်လိုထောက်ပံ့ပြင်ဆင်ပေးပါသလဲ။

ဆက်ကပ်တဲ့လူငယ်တွေကို စုစည်းပုံကတော့ တချို့ ကျမ်းစာကျောင်းဆင်းတွေဆိုရင် သာသနာပိုင်ရဲ့ လမ်းညွှန်မှုနဲ့ မိမိရဲ့နာခံမှုကို အခြေပြုပြီး ဆက်ကပ်ကြတာရှိတယ်။ အချို့ကျတော့ ဘုန်းကြီးပိုင်နယ်အသီးသီးကို စာဖြန့်ပြီးတော့ အကြောင်းကြားခေါ်ယူတာလည်းပါတယ်။ တချို့ကျတော့ လူငယ်သင်တန်းတွေမှာ သိရှိသွားပြီးတော့ ပါဝင်ဆက်ကပ်တာလည်း ရှိပါတယ်။

ထောက်ပံ့မှုကတော့ စားရေးနဲ့နေရေးကို ရွာမှတာဝန်ယူပြီး ငွေရေးကြေးရေးထောက်ပံ့မှုကတော့ သာသနာပိုင်ရုံးကနေ တစ်လမှာ တစ်ဦးကို ငါးထောင်ထောက်ပံ့ပေးပါတယ်။ အဲဒါအပြင် ခရစ်စမတ် လက်ဆောင်အနေနဲ့လည်း ဂုဏ်ပြုပေးပါတယ်။

❑ အခုလိုစာသင်ကျောင်းဖွင့်ခြင်းအားဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် ဘယ်လိုအထောက်အကူဖြစ်စေသလဲဆိုတာ သိပါရစေ။

ဒီဒေသမှာရှိတဲ့ကလေးများဟာ ပညာကိုလုံးဝသင်ကြားခံယူဖို့ရာ အခြေအနေမရှိတဲ့အနေအထားကနေ အခုလို ပျော်ပျော်ပါးပါး ပညာသင်ကြားခွင့်ရတာ ဘုရားသခင်ကျေးဇူးတော်ကြီးမားလှပါတယ်။ အရင်တုန်းကတော့ ပညာမတတ်တော့ အကြားအမြင် ဗဟုသုတမရှိ၊ အဲဒီတော့ စီးပွားရေးပါချို့တဲ့လာတယ်။ စီးပွားရေးချို့တဲ့တော့ ကျန်းမာရေးပါ ချို့တဲ့လာတာပေါ့။ အားလုံးဟာ ကွင်းဆက်လိုဖြစ်နေတော့ နောင်လာမယ့်နှစ်များမှာတော့ ဒေသတွင်းမှာရှိတဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများ ဒီကျောင်းလေးအားဖြင့် တိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။ အခုတောင် ဆရာ၊ ဆရာမတွေရဲ့ ပံ့ပိုးမှုကြောင့် ကလေးတွေအတွက်မှာ တစ်ကိုယ်ရေသန့်ရှင်းရေးနဲ့ ပတ်သက်ပြီး အဝတ်အစား၊ လက်သဲညှပ်၊ ဆံပင်ညှပ်တာကအစ လူမှုရေး၊ ကျန်းမာရေးအဆုံး အခြေအနေကောင်းလာတာ တွေ့ရပါတယ်။

❑ ရှေ့ဆက်ဆောင်ရွက်မယ့်အနာဂတ်ရူပါရုံကို သိပါရစေ။

အနာဂတ်ရူပါရုံအနေနဲ့ကတော့ အဲဒီနယ်ခံကလေးတွေကို အဆင့်မြင့်ပညာသင်ကြားခံယူနိုင်တဲ့အဆင့်အထိ ကြိုးစားပြီးတော့ တဖြည်းဖြည်းနဲ့ နောက်ပိုင်းမှာ မိမိနယ်ဒေသကိုပြန်ပြီး ပညာရေး၊ ဘာသာရေး၊ ကျန်းမာရေးစတဲ့ နယ်မြေဒေသဖွံ့ဖြိုးရေးဒေသတွေမှာ အမှုဆောင်နိုင်ရလေအောင်ပေါ့၊ တချို့လည်း တော်ရင် တော်သလို မြစ်ကြီးနားသာသနာပိုင်မှာ၊ ဒါမှမဟုတ် သင့်တော်တဲ့နေရာမှာ မိမိတို့ရဲ့အသက်မွေးဝမ်းကျောင်းပညာနဲ့ ရပ်တည်သွားနိုင်ရအောင် ကြိုးစားဖို့ပဲဖြစ်ပါတယ်။ လိုအပ်တဲ့စိုက်ပျိုးရေး၊ မွေးမြူရေးစတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်း တိုးတက်လာဖို့ မျှော်လင့်ထားပါတယ်။ ❑

## မူးမှာပဲ

ကျောင်းသားနှင့်ကျောင်းသူနှစ်ဦး စကားလက်ဆုံကျရင်း ကျောင်းသူက . . .

ကျောင်းသူ ။ ။ "ငါတာဝန်ကျတဲ့ ဘုရားကျောင်း၊ ပွဲတော်ဝတ်မှာရှိတဲ့ လော်ဗန်အနံ့ ငါမခံနိုင်ဘူး။ ခေါင်းမူးသွားတာပဲ"

ထိုအခါ . . .

ကျောင်းသား ။ ။ "ဒါဆိုရင် ပညာရှိတွေလာရောက်ပူဇော်တဲ့ လော်ဗန်အနံ့ကိုရှူမိရင်၊ သခင်ယေရှုလည်း ခေါင်းမူးမှာပဲနော" ဟူသတည်း။

ပစ်တိုင်းထောင်





သာသနာပိုင် ဒေးဗစ်သန်းလွင်

# ဆဒ္ဒါနာခံ၊မြတ်သီးနှံ

ဟေရှာယ ၁း၁၉

ဒီနေ့ လူ့ဘဝအနေနဲ့ အသက်ရှင်တဲ့အခါမှာ တစ်ချို့ကဘဝရဲ့ရည်မှန်းချက်၊ ဘဝရဲ့တန်ဘိုး၊ ဘဝရဲ့ အနှစ်သာရကို အလေးအနက်ထားပြီး အသက်ရှင် ကြတယ်။ တစ်ချို့လူတွေကျတော့ ဘာတန်ဘိုး၊ ဘာအနှစ်သာရ၊ ဘာရည်မှန်းချက်မှ မရှိဘဲနဲ့အသက်ရှင်ကြတယ်။ နေ့စဉ်နဲ့အမျှ သက်တောင့်သက်သာနဲ့ ကြုံသလိုပဲ အသက်ရှင်ကြတာကို တွေ့ရတယ်။ တစ်ချို့ကျတော့ သိသလိုလို၊ မသိသလိုလိုနဲ့သွားကြတယ်။

တကယ်တော့ ကျွန်တော်တို့တွေ ဒီလောကမှာ လာအသက်ရှင်ရတာ တကယ်အဓိပ္ပာယ်ရှိပါတယ်။ တကယ် တန်ဖိုးရှိတယ်၊ တကယ်အရသာရှိတယ်။ အဲဒါကိုခံစားတတ်ဘို့၊ မြင်တတ်ဘို့ရာ အင်မတန်အရေးကြီးပါတယ်။

အဲဒီလို မြင်တတ်ဘို့၊ ခံစားတတ်ဘို့ဆိုတာကလည်း ဘုရားသဘော၊ တရားသဘောနဲ့ယှဉ်ပြီး စဉ်းစားပေးဘို့လိုတယ်။

ကျွန်တော်တို့ ဈေးသွားပြီး ဈေးဝယ်တဲ့အခါမှာ ပစ္စည်းတစ်ခုကိုလိုချင်ပြီဆိုရင် ဈေးဆစ်တတ်ပါတယ်။ ငါးရာလောက်ပြောရင် လေးရာလောက် တောင်းဆစ်တယ်။ လေးရာပြောရင် သုံးရာတောင်းဆစ်တယ်။ တစ်နည်းအားဖြင့်ပြောရင်တော့ ဒီပစ္စည်းကိုလိုချင်တယ်၊ လျှော့ပေးပါဦးပေါ့။ အဲဒါက ကျွန်တော်တို့လူတွေရဲ့ သဘောသဘာဝ။ ဘုရားရဲ့သဘောသဘာဝက ဒီလိုမဟုတ်ဘူး။ ကျွန်တော်တို့ကို ပို၍တန်ဘိုးထားတာကိုတွေ့ရတယ်။ သဘောကတော့ ကျွန်တော်တို့ ငါးရာတန်ရင်ခုနှစ်ရာပေးမယ်ပေါ့။ အဲဒါက ဘုရားရဲ့သဘော။ ဘာဖြစ်လဲဆိုတော့ ဘုရားကကျွန်တော်တို့ကိုချစ်တယ်၊ တန်ဘိုးထားတယ်။ ဟေရှာယ ၄၃း၄ မှာ သင်သည် ငါ့မျက်မှောက်တော်မှာ တန်ဘိုးရှိတယ်၊ ဂုဏ်ရှိတယ်လို့ ဆိုထားပါတယ်။ ဘုရားဘက်ကသာ တန်ဘိုးထားတယ်။ ကျွန်တော်တို့ဘက်က ဘာမှတန်ဘိုးတို့၊ ဂုဏ်တို့မသိလိုက်တာလည်းရှိတယ်။ ကျွန်တော်တို့က အမှုမဲ့၊ အမှတ်မဲ့နေလိုက်မိတာလည်း ဖြစ်ကောင်းဖြစ်မှာပေါ့။ You are precious and honoured in my sight. (Isa 43:4)

ဒီတော့ ဘုရားဘက်ကထားတဲ့သဘောကို ကျွန်တော်တို့အနေနဲ့ လိုလိုချင်ချင် အရသာရှိရှိနဲ့ ထိထိမိမိခံယူလိုက်ရင် ဒီနေ့ လောကမှာအသက်ရှင်ရတာ တော်တော်လေး အဓိပ္ပာယ်နဲ့ပြည့်ဝလာမှာ ဖြစ်တယ်။

အဲဒါကို ကျွန်တော်ကတော့ မင်္ဂလာလို့ဆိုလိုချင်ပါတယ်။ မင်္ဂလာဆိုတာက လောက၊ ဓမ္မနှစ်ဌာနကို အကျိုးပြုတာပဲ ဖြစ်ပါတယ်။ မင်္ဂလာနဲ့ပြည့်ဝလာရင် အိမ်ထောင်ရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးစတဲ့ အရေးတွေဟာပြည့်စုံလာမှာဖြစ်ပါတယ်။ ဘုရားဘက်က




သေချာတာက ကျွန်တော်တို့ကို ကြွယ်ဝတဲ့အသက်တာ၊ ပြည့်ဝတဲ့အသက်တာကိုပေးနေတယ်ဆိုတာကတော့ သေချာတယ်။ အဲဒါကို ကျွန်တော်တို့က ခံယူတတ်ဘို့လည်း အရေးကြီးတယ်။ (၂ကော ၉း၁၀-၁၁)

သမ္မာကျမ်းစာမှာ ရဲရဲဝံ့ဝံ့၊ တိတိကျကျ၊ ပြတ်ပြတ်သားသား ဆိုထားတာက Abraham's seed: Abraham's deeds: Abraham's blessings လို့ ဆိုထားပါတယ်။ ဂလာတိ ၃း၂၉၊ ကျွန်တော်တို့ တတွေဟာ အာဗြဟံရဲ့အမျိုးအနွယ်များဖြစ်ကြတယ်။ အာဗြဟံအမျိုးအနွယ်ရဲ့အသက်တာလုပ်ငန်းကို လုပ်ကြမယ်ဆိုရင် အာဗြဟံရဲ့ ကောင်းကြီးကိုရမှာ သေချာတယ်ပေါ့။ ဘုရားကိုသိမယ်၊ တရားကိုသိမယ်၊ အဲဒီလမ်းညွှန်မှုအတိုင်း အသက်ရှင်မယ်ဆိုရင် ဒီလောက လူ့ဘဝအသက်တာမှာ အင်မတန်အကျိုးရှိလာပါလိမ့်မယ်။ ခရစ်တော်က မိန့်မှာခဲ့တယ်။ သင်တို့သည် ဤအချင်းအရာများကိုသိ၍ပြုကျင့်လျှင်မင်္ဂလာရှိ၏ လို့ဆိုထားပါတယ်။ (ရှင်ယောဟန် ၁၃း၁၇)။

ရှင်ယာကုပ်က ကျွန်တော်တို့ရဲ့အသက်တာမှာ အမှုမဲ့၊ အမှတ်မဲ့၊ သက်တောင့်သက်သာ၊ ပေါ့ပေါ့လျော့လျော့နဲ့ အသက်ရှင်ခြင်းမျိုးမဟုတ်ဘဲနဲ့ တရားတော်ကို စိုက်ကြည့်နေရမယ်။ တရားတော်မှာတည်နေရမယ်။ တရားတော်ကိုမမေ့ရဘူး။ တရားတော်အတိုင်းပြုကျင့်ရမယ်လို့ တိုက်တွန်းထားတယ်။ အဲဒါဆိုရင် ကောင်းကြီးရမယ်တဲ့ဗျာ။

အဲဒီတော့ ကျွန်တော်ပြောချင်တာက ပေါ့ဆတဲ့အသက်တာ၊ အဓိပ္ပာယ်ကင်းမဲ့တဲ့အသက်တာတွေကို ထားခဲ့ပြီး သစ်လွင်သော ဟဲစတိုင်(လ်)၊ ဆန်းသစ်သောအသက်တာနဲ့ ကျန်ရှိတဲ့အသက်တာမှာ နာခံမှုနဲ့၊ အသက်ရှင်သွားကြမယ် ဆိုရင် မင်္ဂလာကတော့ သေချာတာပေါ့။

တစ်ခုတော့ရှိတယ်။ ပေါ့ဆပြီး အဓိပ္ပါယ်ကင်းမဲ့တဲ့အသက်တာဟာ နွေးထွေးတဲ့အိပ်ယာနဲ့ တူတယ်တဲ့။ ဝင်အိပ်ရတာလွယ်သလောက် အဲဒီကထွက်ရတာ ခက်တယ်တဲ့။ □



# ဒုစရိုက်တရား အမှားကင်ဆာ

ဦးယုမင်း (မြစ်ကြီးနား)

နိဒါန်း သင်သည် ထာဝရဘုရား၏ပညတ်တရားတော်ကို မထီမဲ့မြင်ပြု၍ ရှေ့တော်၌ဒုစရိုက်အပြစ်ကို အဘယ်ကြောင့်ပြုဘိသနည်း။ (၂ရှမွေလ ၁၂း ၉)

ဒုစရိုက်အပြစ်များကို အသေးအဖွဲ မှားယွင်းသော လုပ်ဆောင်ချက်များဟု လူတို့သဘောထားတတ်ကြသည်။ ကျမ်းစာတွင်မူ လူတို့အမြင်နှင့်မတူ၊ ဒုစရိုက်အမှုသည် ကင်ဆာရောဂါ၏ဆဲလ်များနှယ် တဖြည်းဖြည်း အန္တရာယ်ကြီးထွားလာနိုင်သောအရာ (Sin as cancer cells) အဖြစ် ရှုမြင်ထားလေသည်။

တစ်ကြိမ်တစ်ခါ အပြစ်မှားယွင်းကျူးလွန်ရုံမျှနှင့် မိမိအခြေအနေ၊ မိမိဘဝပုံသဏ္ဍာန်သည် များစွာပြောင်းလဲသွားလိမ့်မည်မဟုတ်ဟု မှတ်ယူကောင်းမှတ်ယူကြမည်။ သို့ရာတွင် ဘုရားသခင်စိတ်တော်နှင့်တွေ့သော ဒါဝိဒ်မင်းကြီးအဖို့မူ သူတစ်ကြိမ်ပြုခဲ့ဖူးသော ဒုစရိုက်အမှားသည် ကင်ဆာဆဲလ်များလိုတိုးပွားကာ သူ့ဘဝပုံသဏ္ဍာန်နှင့်သားသမီးမျိုးဆက်သို့တိုင် အသက်အန္တရာယ်အသွယ်သွယ် ရင်ဆိုင်စေခဲ့တော့သည်။ ဒုစရိုက်အမှားတစ်ခုသည် ကမောက်ကမပြန့်ပွားကူးစက်တတ်သော ကင်ဆာကဲ့သို့ ဒါဝိဒ်မျိုးဆက် သမိုင်းစဉ်တွင် အထင်သက်ရောက်ပုံကို အရှားတွေ့မြင်နိုင်လေသည်။

ခန်းနားလှပဘဝအစ

ဘုရင်ဒါဝိဒ်၏ ဘုန်းမီးနေလတောက်ပသော ကနဦးကာလဖြစ်သည်။ ဣသရေလပြည်သည်လည်း အရှိန်အဝါ တန်ခိုးကြီးမားလျက်ရှိနေသည်။ ပြည်တွင်း၌ ရန်စွယ်တို့လည်း ကင်းငြိမ်းကာ တိုင်းပြည်စည်ပင်ဝပြောခဲ့လေသည်။ မကြုံစဖူး ထူးကဲသာယာသော ဣသရေလ နိုင်ငံကြီးတစ်ခုဟု ဆိုနိုင်ခဲ့သည်။ ဒါဝိဒ်မျိုးနွယ်တို့ အစဉ်အဆက်အုပ်စိုးစေမည်ဟု ဗျာဒိတ်ကတိတော်လည်းရှိခဲ့သည်။ ဣသရေလပြည့်ရှင် ဒါဝိဒ်မင်းကြီးအဖို့ ထိုထက်ပို၍ ပြည့်စုံကြွယ်ဝသော အဘယ်အရာကို မျှော်လင့်စရာရှိနေပါသေးသနည်း။ အသက်တာတစ်လျှောက်လုံး ခမ်းနားမှုအဖုံဖုံ ဂုဏ်သိမ်တင့်တယ်မှုအမျိုးမျိုးနှင့်သာ တွေ့ကြုံခံစားရတော့မည့်သဖွယ် ထင်ရသည်။ သို့ရာတွင် ထိုသို့ မဖြစ်ခဲ့ချေ။

တပ်မက်သောစိတ်ဇောအမှား

ဒါဝိဒ်မင်းကြီးမျှော်လင့်သော ထိုခမ်းနားမှုအဖုံဖုံသည် အကာလညတစ်ညတွင် ပြုမိမှားသောအပြစ်တစ်ခုအားဖြင့် မထင်မှတ်ဘဲ ပြောင်းလဲသွားခဲ့လေသည်။ လသာသော ထိုညဦးယံ၌ စစ်အောင်နိုင်သော ဒါဝိဒ်မင်းကြီးသည် လျှောင်းစက်နေရာမှထ၍ နန်းတော်မိုးပေါ်မှာ စကြံ့သွားနေစဉ် အလွန်အဆင်းလှသော မိန်းမတစ်ယောက်ရေချိုးနေသည်ကို မြင်လေသည်။ ထိုမိန်းမ၏ ကျော့ရှင်းလှပသော ကိုယ်နေဟန်ထားအသွင်ကို တပ်မက်စိတ်ဇောဝင်မိလေရာ နန်းတော်သို့ခေါ်ယူ၍ စုံစမ်းမေးမြန်းသည်။ ထိုညက ဘုရင်ဒါဝိဒ်သည် ဗာသရှေဘ မိန်းမနှင့် မှားယွင်းခဲ့လေသည်။ ဗာသရှေဘ၌ ပဋိသန္ဓေရှိလာသောအခါ ဒါဝိဒ်မင်းကြီးထံ လူကိုစေလွှတ်၍ "ကျွန်မ၌ပဋိသန္ဓေရှိပါ၏"ဟု လျှောက်ထားခဲ့ရာ လင်ရှိမယားကိုပြစ်မှားသောဒုစရိုက်အားဖုံးဖိရန် ဘုရင်ဒါဝိဒ် ကြံစားရပြန်သည်။ ဘုရင့်အမိန့်တော်နှင့် ထိုမယား၏လင်ဥရိယကို စစ်မြေပြင်တပ်ဦးသို့ ပို့စေခဲ့ရာ အသက်ဆုံးလေသည်။

ဤသည်ကား ကျမ်းစာတွင်ဖော်ပြသော ဒုစရိုက်အမှားတစ်ရပ်ဖြစ်သည်။ ဤဒုစရိုက်အမှားကို မည်သူမျှမငြင်းဆိုနိုင်ပေ။ ဒါဝိဒ်မင်းကြီးကိုယ်တိုင်ပင် ပရောဖက်နာသန်ကို မိမိပြစ်မှားမိကြောင်း ဝန်ခံခဲ့လေသည်။ အပြစ်ကင်းဆာသည် ဒါဝိဒ်ကိုစွဲကပ်ပေပြီ။

ဘုရင်ဒါဝိဒ်၏
ဘုန်းမီးနေလတောက်ပသော
ကနဦးကာလဖြစ်သည်။
ဣသရေလပြည်သည်လည်း အရှိန်အဝါ
တန်ခိုးကြီးမားလျက်ရှိနေသည်။ ပြည်တွင်း၌
ရန်စွယ်တို့လည်း ကင်းငြိမ်းကာ တိုင်းပြည်စည်ပင်
ဝပြောခဲ့လေသည်။

'ရှေ့တော်၌ဒုစရိုက်ကိုပြုသောကြောင့်'

ပရောဖက်နာသန်အားဖြင့် ထာဝရဘုရား မိန့်တော်မူသည်ကား 'ငါသည် ဘိသိက်ပေး၍ သင့်ကို ဣသရေလရှင်ဘုရင်အရာ၌ခန့်ထားပြီ။ ရှောလုလက်မှလည်း ကယ်တင်ခဲ့ပြီ။ ဣသရေလအမျိုးနှင့်ယုဒအမျိုးကို သင်၏ရင်ခွင်၌ငါအပ်ပေးပြီ။ ထိုအရာများနှင့်မလောက်လျှင် အခြားတစ်ပါးသော အရာရာတို့ကိုပေးခြင်းငှာ ငါအလိုရှိ၏။ ယခုမူကား သင်သည် ထာဝရဘုရား၏ ပညတ်တရားတော်ကိုမထီမဲ့မြင်ပြု၍ ရှေ့တော်၌ ဒုစရိုက်ကို အဘယ်ကြောင့်ပြုဘိသနည်း။ ဥရိယ၏အသက်ကို ဓါးဖြင့်သတ်၍ သူ၏မယားကိုသိမ်းလေပြီတကား။

ယခုမှာ သင်သည် ငါ့ကိုမထီမဲ့မြင်ပြု၍ ဥရိယ၏ မယားကိုသိမ်းသောကြောင့် သင်၏အဆွေအမျိုးတို့သည် ဓါးဘေးဖြင့် အစဉ်တွေ့ကြုံကြလိမ့်မည်။ သင်၌ ရန်ဘက်ပြုသော သူကို သင်၏အဆွေအမျိုးထဲကပေါ်ထွန်းစေမည်။ သင်သည် ဤအမှု (အပြစ်ဒုစရိုက်) ကို မထင်မရှားပြုသော်လည်း နေရှေ့မှာငါဖော်ပြမည်။



ဤသို့ ဘုရားမိန့်တော်မူသောစကားကို နာသန်က ပြန်ကြားခဲလေရာ ဒါဝိဒ်မင်းကြီးက 'ငါသည် ဘုရားသခင်ကို ပြစ်မှားပါပြီ' ဟုဝန်ချတောင်းပန်ခဲ့သည်။ ခင်ပွန်းသေဆုံးသောကြောင့် ငိုကြွေးမြည်တမ်းလျက်ရှိသော ဗာသရှေဘကို နန်းတော်သို့ခေါ်ယူပြီးလျှင် မိဖုရားအဖြစ်တင်မြှောက်၍ သားယောကျ်ားကိုဖွားမြင်လေသည်။ သို့သော် ပြစ်မှား၍ရသောထိုသူငယ်သည် ပြင်းစွာ ဝေဒနာခံစား၍သေဆုံးခဲ့သည်။ ဒါဝိဒ်မင်းကြီးအသက်တာ၌ အပြစ်ကင်းဆာသည် အမြစ်တွယ်လေပြီ။

'ဣသရေလအမျိုး၏လူမိုက်'

ဒါဝိဒ်မင်းကြီးသည် မိမိပြုမှားသောအပြစ်ကို ထပ်မံကျူးလွန်ရန် မရည်သန်ပေ။ သို့သော် သူပြုသောအမှုသည် ထာဝရဘုရားရှေ့တော်၌ အလွန်ဆိုးသော (ဒုစရိုက်တရား အမှားကင်းဆာ) ဖြစ်ခဲ့လေပြီတည်း။ အပြစ်၏နောက်ဆက်တွဲဖြစ်ရပ်များသည် ဒါဝိဒ်မျိုးဆက်တွင် တစ်သီတစ်တန်းပေါ်ထွက်လာခဲ့သည်။ အပြစ်ကင်းဆာဆဲလ်များသည် မိမိအိမ်တော်သို့ ကူးစက်ပျံ့နှံ့လေပြီလော။

ဒါဝိဒ်မင်းကြီး၏သားတော် အဗရှလုံ၌ တာမာအမည်ရှိသော အလွန်အဆင်းလှသည့် နှမတစ်ယောက်ရှိသည်။ ဒါဝိဒ်၏သားတော်ကြီး အာမနုန်သည် ထိုနှမ တာမာကို စွဲလမ်းချစ်ခင်ခဲ့သည်။ ချစ်အားကြီးသောကြောင့် နာမကျန်းဟန်ဆောင်နေရာ ဘုရင်ဒါဝိဒ် အမိန့်တော်နှင့် မောင်ကိုပြုစုရန် တာမာသည် အာမနုန်အိမ်သို့ သွားခဲ့ရသည်။ စားစရာကိုယူ၍ အခန်းထဲဝင်လာသော နှမတာမာကို အာမနုန်က အတင်းအကြပ်လက်ကိုဆွဲ၍ 'ငါ့နှမငါနှင့်အိပ်ပါ' ဟုဆိုလေသည်။ တာမာက 'ဤသို့ အနိုင်အထက်မပြုပါနှင့် ငါ့မောင်၊ ငါ့ကိုအရှက်ရအောင် မရှုတ်ချပါနှင့်။ ဣသရေလ အမျိုး၌ ဤသို့သောအမှုကို မပြုသင့်ပါ။ ပြုလျှင် ငါသည် ရှက်ခြင်းနှင့်အဘယ်သို့ ကင်းလွတ်မည်နည်း။ သင်သည် လည်း ဣသရေလအမျိုး၌ လူမိုက်ကဲ့သို့ဖြစ်လိမ့်မည်။ သို့ဖြစ်၍ ရှင်ဘုရင်ကို လျှောက်ထားပါလော့။ လျှောက်ထားလျှင် မပေးဘဲနေတော်မမူပါ' ဟုဖျောင်းဖျတောင်းပန်ရှာသည်။ ဒါဝိဒ်၏သားတော် အာမနုန်သည် နှမစကားကိုနားမထောင်။ တပ်မက်စိတ်ဇောအားကြီးသဖြင့် တာမာကိုအနိုင်အထက်သိမ်းပိုက်ခဲ့လေသည်။ ၎င်းနောက် နှမကို အလွန်မုန်းတီးစိတ်ဝင်လာကာ သူ၏အခန်းထဲမှ အတင်းနှင်ထုတ်ပစ်ခဲ့သည်။ အပြစ်ကင်းဆာပိုးတို့သည် အာမနုန်သို့ ကူးစက်လေပြီတကား။

'ထိုပြည်သည် မိမိသားတို့ကိုအော့အန်လိမ့်မည်။'

ဤအမှုအလုံးစုံကို ဒါဝိဒ်မင်းကြီးကြားသိသောအခါ အလွန်အမျက်ထွက်လေသည်။ သို့သော် မိမိပြစ်မှားခြင်းကိုအောက်မေ့လျက် သားတော်ကိုဆုံးမအပြစ်တင်ခြင်း မရှိခဲ့ချေ။ 'ဝတ်ပြုရာကျမ်း' ၌ 'သင့်၏နှမကိုမချဉ်းရ။ ထိုညစ်ညူးသောအပြစ်ကြောင့် ငါဆုံးမ၍ ထိုပြည်သည် မိမိသားတို့ ကို အော့အန်လိမ့်မည်။' (ဝတ်ပြု ၁၈း၂၅) ပညတ်တော်အရ ဒါဝိဒ်မင်းကြီးသည် အာမနုန်ကို တိုင်းပြည်မှနှင်ထုတ်သင့် သော်လည်း အပြစ်မပေးခဲ့ချေ။ ဤအမှုကို ရှင်ဘုရင်သည် မေ့ပျောက်ထားလိုဟန်ရှိလေသည်။

အဗရှလုံသည် နှမ တာမာစော်ကားခံရသည့် အမှုနှင့်ပတ်သက်၍ နောင်တော်ဖြစ်သူ အာမနုန်အား 'ကောင်းသောစကား၊ မကောင်းသောစကား' တစ်ခွန်းကိုမျှမပြော။ သို့ရာတွင် နှမအရှက်တကွဲဖြစ်ရခြင်းကြောင့် စိတ်ထဲတွင် အငြိုးထားခဲ့လေသည်။ အာမနုန်၏အပြစ်ကင်းဆာဆဲလ်သည် မြင်ကွင်းမှအတန်ကြာ ထိမ်မြှုပ်သွားခဲ့သော်လည်း နှစ်နှစ်ကာလအကြာတွင် ပြန်လည်ဦးမော့လာတော့သည်။

သင်၏အဆွေအမျိုးသည် ဓါးဘေးနှင့် အစဉ်တွေ့လိမ့်မည်။

နှစ်နှစ်တိုင် အခွင့်ကောင်းကိုစောင့်နေသော အဗရှလုံသည် သိုးမွေးညှပ်ပွဲတော်တွင် အာမနုန် စပျစ်ရည်ယစ်မူးခိုက် လုပ်ကြံသတ်ဖြတ်ပြီး ထွက်ပြေးသွားလေသည်။ ဒါဝိဒ်မင်းကြီးသည် မိမိသားတော်သေဆုံးသောကြောင့် နေ့တိုင်းငိုကြွေးမြည်တမ်းသော်လည်း ထွက်ပြေးသောသားတော် အဗရှလုံကိုမူ အရေးယူဆုံးမအပြစ်တင်ခြင်းမရှိခဲ့။ ထို့ကြောင့် အဗရှလုံသည် ဂေရှုရမြို့သို့ပြေးပြီးမှ သုံးနှစ်နေလေသည်။ ရှင်ဘုရင်သည် သားတော်အဗရှလုံ သုံးနှစ်ကြာကို လွမ်းဆွတ်သတိရလျက်နေသောကြောင့် သုံးနှစ်ကြာသောအခါ ပြန်၍ခေါ်တော်မူသည်။ အဗရှလုံသည် မိမိ

# ငါ့သား အဗရှလုံ၊ ငါ့သား အဗရှလုံ၊ သင့်ကိုယ်စား ငါမသေပါတကား

အိမ်သို့ပြန်ရောက်သော်လည်း ရှင်ဘုရင်၏မျက်နှာတော်ကို မြင်တွေ့ခွင့်မရ။

နှစ်နှစ်ပတ်လုံး ရှင်ဘုရင်ကိုတွေ့မြင်ခွင့် မရသောအခါ အဗရှလုံသည် 'ယခုမှာ ရှင်ဘုရင်၏မျက်နှာတော်ကို ငါမြင်ပါရစေ။ အပြစ်ရှိလျှင်လည်း သတ်တော်မူပါစေ'ဟု လျှောက်ထားခိုင်းရာ ရှင်ဘုရင်အမျက်တော်ပြေသဖြင့် သားတော်ကိုနမ်းတော်မူလေသည်။

အပြစ်ကင်းဆာပိုးသည် ၎ပ်လျှိုးကွယ်ပျောက်သွားဟန်ရှိသော်လည်း စင်စစ်တွင် ကွယ်ပျောက်သွားခြင်းမရှိ။ အဆတိုး၍သာ ပြန်ပွားလာတတ်သည်။

**'ရန်ဘက်ပြုသူကို အဆွေမျိုးထဲက ပေါ်ထွန်းစေမည်။'**

ဒါဝိဒ်မင်းကြီး အသက်အရွယ်ကြီးလာသည်နှင့် သားတော်အဗရှလုံသည် စစ်မြင်းရထားများ၊ မိမိရှေ့မှာ ပြေးရသော စစ်သည်ဗိုလ်ပါများကို စည်းရုံးသိမ်းသွင်းသည်။ ခမည်းတော်ရှင်ဘုရင်ထက်ပင်ပို၍ အရာရောက်လေဟန်ပြုမူ လာလေသည်။ သူ့ကို လူတို့ချစ်ခင်နှစ်သက်စေခြင်းငှာ "လူတစ်စုံတစ်ယောက်သည် ရိုသေစွာပြု၍ မိမိထံချဉ်းကပ်သောအခါ၊ အဗရှလုံသည် လက်ကိုဆန့်၍ ထိုသူကိုကိုင်လျက် နမ်းလေ့ရှိသည်။" ထိုသို့ နည်း ပရိယာယ်ကိုသုံး၍ ရှင်ဘုရင်ထံလာသော ဣသရေလအမျိုးသားအပေါင်း၏ စိတ်နှလုံးကိုခိုးလေသည်။ လေးနှစ်တာကြာသောအခါ အဗရှလုံနောက်သို့လိုက်သော သူတို့သည်လည်း တိုးပွားများပြားလာခဲ့လေသည်။ ဤတွင် ရှင်ဘုရင်ကို ရုတ်တရက်ထ၍ ပုန်ကန်ခြင်းအမှုကို သားတော်အဗရှလုံ ဦးဆောင်မှုပြုခဲ့လေတော့သည်။

"ငိုလျက်.... ဦးခေါင်းခြုံလျက်.... ခြေနင်း ချွတ်လျက်...."

ပုန်ကန်ခြင်းအမှုအားကြီးသဖြင့် ဒါဝိဒ်သည် နန်းတော်သားအပေါင်းနှင့်တကွ ယေရုရှလင်မြို့မှ ထွက်ပြေးရတော့သည်။ ဣသရေလအမျိုးသားတို့စိတ်နှလုံးသည် အဗရှလုံဘက်သို့ပါသွားပါပြီဟု ကြားလျှောက်ကြလေရာ "ဒါဝိဒ်သည် ငိုလျက်၊ ဦးခေါင်းကိုခြုံလျက်၊ ခြေနင်းကိုချွတ်လျက် သံလွင်တောင်သို့ တက်လေ၏" ဟု ကျမ်းစာကဖော်ပြသည်။

သားကလိုက်သတ်သဖြင့် ခြေနင်းမပါ ပြေးရှာသော ဒါဝိဒ်မင်းကြီး၏အဖြစ်မှာ ရင်နာဖွယ်ရာ။

ပုန်ကန်ခြားနားခြင်းကို တွေ့ကြုံရသော်လည်း နောက်ဆုံးတွင် ဒါဝိဒ်၏သစ္စာခံတပ်များက အောင်ပွဲဆင်နိုင်သဖြင့် အဗရှလုံကို လက်ရဖမ်းမိသည်။ လက်နက်ဆောင် လုလင်တစ်ကျိပ်သည်လည်း ဝိုင်း၍အဗရှလုံကို အသေသတ်ကြသည်။ ထိုသတင်းကိုကြားရသောအခါ ရှင်ဘုရင်သည် ကြင်နာစိတ်ပြင်းပြသဖြင့် "ငါ့သား အဗရှလုံ၊ ငါ့သား အဗရှလုံ.... သင့်ကိုယ်စား ငါမသေပါတကား" ဟု ငိုကြွေးလေတော့သည်။

ဤသည်ကား "ဒုစရိုက်တရား၊ အမှားကင်းဆာ"၏ ရလဒ်အသွယ်သွယ်ကိုဖော်ပြနေသော သမိုင်းပြယုဂ်တစ်ခု ဖြစ်နိုင်လေသည်။ ပြစ်မှားခြင်းဒုစရိုက်ကင်းဆာသည် နောက်ဆုံးတွင် ဒါဝိတ်မင်းကြီးအသက်တာသာမက၊ သူချစ်သော သားတော်၊ သမီးတော်တို့၏ ဘဝပုံသဏ္ဌာန်သို့တိုင် အဆိပ်သင့် ကူးစက်ပျံ့နှံ့ခဲ့လေပြီတကား။ သူတို့သည် အရှက်တကွဲအကျိုးနည်း ဖြစ်ရလေပြီတကား။

နိဂုံး။ ။ "ဗျာဒိတ်တော်" နာခံရန် ဘုရားသခင်မိန့်တော်မူသည်မှာ ...

"သင်သည် ငါမှာထားသမျှကိုနားထောင်၍၊ ငါ၏ လမ်းတို့ကိုလိုက်လျှင်၊ ငါ့ရှေ့၌မှန်သောတရား ငါ့စီရင်ချက် ပညတ်များကို စောင့်ရှောက်လျှင် သင်နှင့်အတူ ငါရှိ၍ ဒါဝိဒ်အဖို့ မြဲမြံသောအိမ်ကို ဆောက်သည့်နည်းတူ သင့်အဖို့ ဆောက်၍ ဣသရေလနိုင်ငံကို ငါပေးမည်။" (၁ဘုရင် ၁၁:၃၈)□



Rev. ရယ်ဂျီနယ်ဘက်နက်

# သမ္မာတရား

ပိလတ်မင်းသည် သခင်ခရစ်တော်အား မူရင်းဂရိဘာသာစကားအရ အမှန်တရားဟာဘာလဲဟု အဓိပ္ပာယ်သက်ရောက်သော "သင်သည် ယုဒဘုရင် မှန်သလော" (မာကု ၁၅း ၂) ဟုမေးခဲ့သော်လည်း ခရစ်တော်၏အဖြေအား စစ်မှန်စွာ မစဉ်းစား မဆုံးဖြတ်ဘဲ လက်ဝါးကားတိုင်၌ သတ်ရန်အပ်နှံခဲ့ကြောင်း သမ္မာကျမ်းစာ၌ မှတ်တမ်းတင်ထားပါသည်။ ခေတ္တကာလ၌ ပညာဆည်းပူးနေသူများလည်း ပိလတ်မင်း၏မေးခွန်းဖြစ်သည့် "အမှန်တရားဟာဘာလဲ" ဆိုသည့်မေးခွန်းအား မိမိကိုယ်မိမိ ပြန်၍မေးမြန်းစစ်ဆေးကြည့်သင့်ပေသည်။

အမှန်တရားသည် ဘုရားသခင်၏ဝိသေသတစ်ခု ဖြစ်ပါသည်။ (ယေရမိ ၁၀း ၁၀)၊ သခင်ယေရှုခရစ်တော်၏ဝိသေသတစ်ခုလည်းဖြစ်ပါသည်။ "ငါသည် သမ္မာတရား... (ယောဟန် ၁၄း ၆)၊ သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်တစ်ခုလည်း ဖြစ်ပါသည်။ (ယောဟန် ၁၆း ၃) သမ္မာတရားသည် ဘုရားသခင်၏ ဝိသေသတစ်ခုဖြစ်သည့်အတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည့် ကျမ်းစကားများသည်လည်း သမ္မာတရားဖြစ်ပါသည်။ (ဆာလံ ၉၆း ၁၃)။

သမ္မာတရားသည် ဘုရားသခင်၏ဝိသေသဖြစ်သောကြောင့် ယုံကြည်သူသားသမီးတိုင်း၏ ဝိသေသသည်လည်း သမ္မာတရားဖြစ်သင့်ပေသည်။ ထိုသမ္မာတရားသည် ပညာဆည်းပူး၍ရရှိသည့် အမှန်တရားမျှသာမဟုတ်ဘဲ ကိုယ်ကျင့်တရားနှင့်ဆိုင်သော လက်တွေ့အသက်ရှင်ခြင်းနှင့်လည်း သက်ဆိုင်ပေသည်။ ဆိုလိုသည်မှာ ဘုရားသခင်၏သမ္မာတရားသည် ယုံကြည်သူတိုင်း၏ အသက်တာ၌ လက်တွေ့အသက်ရှင်ခြင်းဖြင့် ပေါ်လွင်နေရမည်ဖြစ်ပါသည်။

သမ္မာကျမ်းစာသွန်သင်ဖော်ပြသည့် သမ္မာတရားသည် ဂရိလူမျိုးများနားလည်သည့် သမ္မာတရားထက် ပို၍လေးနက်ပေသည်။ ဂရိလူမျိုးများသည် သမ္မာတရားအား သိလိုစိတ်ကြီးပြီး မိမိထိုသို့သိလိုသည့် သမ္မာတရားသည် ပညာဆည်းပူးခြင်းမှရသော သမ္မာတရားဖြစ်ပါသည်။ ဥပမာ- မှန်ခြင်းနှင့်မှားခြင်းအား ဆွေးနွေးငြင်းခုံခြင်းဖြစ်သည်။ ဂရိတို့နားလည်သည့် သမ္မာတရား၌ ကိုယ်ကျင့်တရားဆိုင်ရာဆက်သွယ်မှု သိပ်မလိုအပ်ပေ။ ဥပမာ- အမှန်နှင့်အမှားကိုသိခြင်းသည် သမ္မာတရားအတိုင်း အသက်ရှင်ရန်လိုသည်ဟု မခံယူကြပေ။ ထိုသို့ခံယူချက်ရှိသည့်အခြေအနေ၊ ပတ်ဝန်းကျင်၌ တမန်တော်ရှင်ပေါလုမှ ဩဝါဒစာများရေးသားခဲ့ပါသည်။ ထို့ကြောင့် ရှင်ပေါလုဩဝါဒစာများ၌ အပိုင်းနှစ်ခု တွေ့နိုင်သည်။ ပထမပိုင်း၌ ခရစ်ယာန်တရားဒေသနာဖြစ်သည့် "ဘယ်အရာသည် မှန်၍ ဘယ်အရာသည် မှားကြောင်း" သွန်သင်မှုဖြစ်သည်။ ဒုတိယပိုင်း၌မူ "ကျွန်ုပ်

တို့မည်သို့အသက်ရှင်ရမည်နည်း" ဆိုသည့် ခရစ်ယာန်လက်တွေ့အသက်တာ အသက်ရှင်မှုများ ဖြစ်သည်။

သမ္မာတရား၏ဆန့်ကျင်ဘက်သည် အမှား (သို့) လိမ်ညာခြင်းဖြစ်ပါသည်။ သမ္မာကျမ်းစာတော်၌ လိမ်ညာခြင်းနှင့် ပတ်သက်၍ ပြင်းထန်စွာသုံးထားသည့် စကားများအား တွေ့နိုင်သည်။ (သုတ္တံ ၁၁း ၁၊ ဗျာဒိတ် ၂၁း ၈) ဘုရားသခင်၏နှုတ်ကပတ်တော်ဟောပြောနေသည်ဟု ဟန်ဆောင်နေသည့် လိမ်ညာလှည့်ဖျားသော ပရောဖက်များနှင့်လူများအား ပရောဖက်ယေရမိမှ ပြင်းထန်သောစကားလုံးများသုံးထားသည်ကို တွေ့နိုင်ပါသည်။ (ယေရမိ ၂၇း ၁၄- ၁၅၊ ၂၈း ၁၅-၁၆)

သမ္မာကျမ်းစာတော်၌ မေ့မရနိုင်သည့် အဖြစ်အပျက်တစ်ခုမှာ အာနနိနှင့်ရှဖိရေတို့၏ လိမ်လည်မှုပင်ဖြစ်ပါသည်။ (တမန် ၅း ၁- ၁၁) သမ္မာကျမ်းသွန်သင်မှုသည် ရှင်းလင်းပြတ်သားလှပါသည်။ အမှန်တရား တစ်ဝက်သည် လိမ်ညာမှုတစ်ဝက်နှင့်အတူတူပင် ဖြစ်ပါသည်။ အမှန်တရားတစ်ဝက်ကိုသာပြောပြီး မိမိကိုယ်ကျိုးအတွက် ကျန်သောအမှန်တရားအား ထိမ်ချန်ထားခြင်းသည် လိမ်ညာခြင်းပင်ဖြစ်ပြီး သမ္မာကျမ်းစာတော်မှ ထိုသို့သောအမှန်တရားအတွက် နေရာမပေးထားကြောင်း တွေ့နိုင်ပါသည်။

ဝမ်းနည်းစရာကောင်းသည့်အချက်မှာ လိမ်ညာခြင်း၌ အသက်ရှင်နေသူများသည် သမ္မာတရား၏ရှုထောင့်၌ ရှုံးနေသည့်အချက်ပင်ဖြစ်ပါသည်။ သမ္မာကျမ်းစာထဲ၌ အဆိုးဆုံးရှင်ဘုရင်စာရင်းထဲမှတစ်ဦးသည် အာဟတ်မင်းပင်ဖြစ်ပါသည်။ ထိုမင်းသည် ပရောဖက်ဧလိယနှင့်တွေ့သောအခါ ပြောသည့်စကားမှာ "သင်သည် ဣသရေလအမျိုးကို နှောင့်ယှက်သောသူမှန်သလောဟုမေးလျှင်၊ ဧလိယက ငါသည် ဣသရေလအမျိုးကို မနှောင့်ယှက်၊ သင်နှင့်သင့်အဆွေမျိုးတို့သည် ထာဝရဘုရား၏ပညတ်တရားကိုစွန့်၍ ဗာလဘုရားတို့ကို ဆည်းကပ်သဖြင့် ဣသရေလအမျိုးတို့ကို နှောင့်ယှက်ကြပြီ" မည်သူ၏ မြင်ကွင်းသည် စစ်မှန်မည်နည်း။

ဓမ္မတက္ကသိုလ်များသည် အမှန်နှင့်အမှားခွဲခြားသိမြင်ပြီး သမ္မာတရားအတိုင်း အသက်ရှင်နိုင်မည့် အမှုတော်ဆောင်များ မွေးထုတ်နိုင်ရန် ကြိုးစားအားထုတ်လျက်ရှိပါသည်။

ဓမ္မတက္ကသိုလ်တစ်ခုအနေဖြင့် သင်ကြားရေးတွင် အမှန်တရားအား ပညာရပ်တစ်ခုအဖြစ် လေ့လာခြင်း၌သာ ဝိသေသထူးရန်မဟုတ်ဘဲ ဝိညာဉ်သဘော၌ ရှင်သန်ပြီး သမ္မာတရားအားလက်တွေ့အသက်ရှင်ရာ၌လည်း ဝိသေသထူးရန်လိုပေသည်။ စစ်မှန်သောဝိညာဉ်ရေးရာဆိုသည်မှာ သမ္မာတရားတည်းဟူသော ဘုရားသခင်အားသိရှိပြီး ဘုရားသခင်၏သမ္မာတရားအား မေတ္တာအခြေခံ၍ လက်တွေ့အသက်ရှင်ခြင်းပင် ဖြစ်သည်။ ထို တာဝန်သည် ဓမ္မတက္ကသိုလ်နှင့် ယင်း၌ပါဝင်ပတ်သက်နေသူတိုင်း၏ တာဝန်ဖြစ်သကဲ့သို့ ယုံကြည်သူတိုင်း၏တာဝန်ဖြစ်ကြောင်း သုံးသပ်မိပါသည်။ "နှုတ်ကပတ်တရားကိုနာရုံမျှသာမဟုတ်၊ တရားကိုကျင့်သောသူဖြစ်ကြလော့" (ရှင်ယာကုပ် ၁း ၂၂)။❑

ဝန်ခံချက်-
Rev. Hwa Chin (Warden of St. Peter's Hall, Trinity Theological College) ၏ What is Truth? စာတမ်းအား မှီငြမ်းကိုးကားထားပါသည်။


## သေကြောင်းကြံသောမှန်ကလေး

မှဆိုးဖိုတစ်ဦးတွင် အကျည်းတန်သောလွန်းသော သမီး သုံးယောက်ရှိရာ မှန်ကျကွဲသဖြင့် ညီအစ်မများက စကားငြင်းဆိုကြရာ အဖြစ်မှန်ကို ဖခင်က . . .

'မှန်က မင်းတို့ညီအစ်မတွေရဲ့မျက်နှာကို ရင်မဆိုင်ချင်တော့လို့ သေကြောင်းကြံလိုက်သတဲ့' ဟူသတည်း။

ကျော် (BTh. III)






# ဘဏ္ဍာစိုးကောင်းဖြစ်ပါစေ

(ဘုန်းတော်ကြီးအက်စ်ထန်အုပ်)

ဘဏ္ဍာစိုးဟူသော နာမည်ကြားရလျှင် ငွေကြေးနှင့်သာ အများအားဖြင့် ဆက်စပ်တွေးယူတတ်ကြသည်။ သဘောသဘာဝအားဖြင့် ထိုကဲ့သို့ တွေးတောခံယူခြင်းသည်လည်း မှန်သည်ဟုဆိုနိုင်ပါသည်။ ငွေကြေးကိုသာမက၊ မိမိသခင်အရှင်အတွက် အရာရာကိုထိန်းသိမ်းရာတွင် ယုံကြည်စိတ်ချရဆုံးပုဂ္ဂိုလ်ဖြစ်ပြီး၊ မိမိအရှင်ထက်မင်လျှင် သို့လှောင်ထိန်းသိမ်းထားသောပစ္စည်းများကို အတိအကျ သိရှိနားလည်ထားသူဖြစ်သည်။ သခင်မေးမြန်းသည့်အခါတိုင်း ပစ္စည်းများကို ချွတ်ယွင်းချက်မရှိ ဖြေကြားနိုင်သူဖြစ်သည်။ မိမိကိုယ်တိုင်လည်း ဦးလည်မသုံ့သခင့်အပေါ် သစ္စာထား၊ ပြောသမျှကို မြေဝယ်မကျ နာခံစောင့်ရှောက်သောသူဖြစ်သည်။

ခရစ်ယာန်များသည် သခင်ခရစ်တော်၏ ဘဏ္ဍာစိုးများ ဖြစ်ကြသည်။ တစ်နည်းအားဖြင့်လည်း ဘုရားရှင်ဖန်ဆင်းထားသောအရာများ၊ ဘုရားရှင်က လူသားများအား ပေးအပ်ထားသည့် လုပ်ဆောင်သင့်သော တာဝန်ဝတ္တရားများကို စောင့်ရှောက်အကောင်အထည်ဖော်ရန် တာဝန်ပေးအပ်ထားခြင်းခံရသူများ ဖြစ်သည်။ ဘုရားသခင်၏အလိုတော်ကို နေ့ချင်းညချင်း နားလည်သဘောပေါက်ရန် မဖြစ်နိုင်ချေ။ သခင်ခရစ်တော်နှင့် အနီးကပ်နေထိုင်ကြပြီး၊ သွန်သင်ခြင်းခံနေခဲ့ကြရသော တမန်တော်ကြီးများသည်ပင်လျှင် သခင်ခရစ်တော်၏ဆိုလိုရင်းကို နားလည်သဘောပေါက်ရန် အခက်အခဲတွေ့ခဲ့ကြသည်။ ယနေ့ ယုံကြည်ခြင်းအားဖြင့်သာ အသက်ရှင်နေကြရသော ခရစ်ယာန်များအတွက်ဆိုလျှင် ပို၍ခက်ခဲနိုင်ပါသည်။ သို့သော် တစ်နှစ်ထက်တစ်နှစ် တီထွင်မှုများပြားလာသကဲ့သို့၊ နားလည်သဘောပေါက်မှုများလည်း ပိုမိုဆန်းကြယ်လာသည်ကို တွေ့ရှိနိုင်ပါသည်။

---

**ယနေ့**
**ခရစ်ယာန်သာသနာအနေဖြင့်**
**တစ်ခုတည်းသော**
**ဦးတည်ချက်မျိုး**
**မဟုတ်တော့ဘဲ**
**လူသားတို့၏**
**ဘဝတစ်ခုလုံး**
**တိုးတက်ဖွံ့ဖြိုးမှုကို**
**ဦးတည်လုပ်ဆောင်လာကြသည်**

ဥပမာ- ယခင်ကသစ်ပင်များကို ခုတ်ရန်သာ နားလည်ကြပြီး၊ ပြုစုပျိုးထောင်ရန် မစဉ်းစားခဲ့ကြချေ။ မီးရှို့ခြင်းကြောင့်ထွက်ပေါ်လာသောမီးခိုးအားဖြင့်သော်လည်းကောင်း၊ စက်ရုံများမှထွက်ပေါ်လာသော မီးခိုးများဖြင့်သော်လည်းကောင်း၊ မည်သည့်အကျိုးဆက်များ ဖြစ်လာသည်ကို မည်သူမျှမစဉ်းစားခဲ့ကြပေ။ သို့သော် ယခုအခါ ပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်စေသည်ဟုဆိုသဖြင့် အခိုးထွက်စေသောအရာများကို နည်းနိုင်သမျှနည်းအောင် လုပ်ဆောင်လာကြသည်။ သစ်ပင်များ ကိုလည်း ခုတ်ယူအသုံးပြုရုံသာမက၊ ခုတ်ပြီးသောနေရာတွင်လည်း အစားထိုးပြန်လည်စိုက်ပျိုးနိုင်ရန် လုပ်ဆောင်လာကြသည်။ သစ်ပင်များရှိခြင်းအကျိုးကျေးဇူးများကို လူသားများ နားလည်သဘောပေါက်လာကြသည်။ ၎င်းကိစ္စများကို နိုင်ငံတော်အနေဖြင့် ဦးစီးလုပ်ဆောင်ရုံမျှမက၊ ခရစ်ယာန်များအနေဖြင့်လည်း ဘုရားပေးတာဝန်တစ်ရပ်အနေဖြင့် ပညာပေးလုပ်ဆောင်နေကြပါသည်။

ယခင်က ခရစ်ယာန်များသည် သခင်ခရစ်တော်၏ ကြီးမားသောစေစားချက်ဖြစ်သည့် မဿဲ ၂၈ း၁၉ အတိုင်း လူမျိုးတကာများကို သွားရောက်ဟောပြောပြီး ခရစ်ယာန်ဖြစ်အောင်လုပ်နိုင်ရေးကိုသာ အဓိကထားကြိုးစားခဲ့ကြသည်။ တစ်ဖက်တွင် လူမှုရေးကိစ္စများကို အပြည့်အဝကူညီပံ့ပိုးမှုမပေးနိုင်ခဲ့ကြပေ။ နားလည်မှုတွင်လည်း အကန့်အသတ်များစွာရှိခဲ့ကြသည်။ ယနေ့ခရစ်ယာန်သာသနာများအနေဖြင့် တစ်ခုတည်းသော ဦးတည်ချက်မျိုးမဟုတ်တော့ဘဲ၊ လူသားတို့၏ ဘဝတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးမှုကို ဦးတည်လုပ်ဆောင် လာကြသည်။ တစ်ခါတစ်ရံ လူသားများ ခရစ်ယာန်ဖြစ်လာရေးကို ဦးစားမပေးနေတော့ဘဲ၊ ဘုရားသခင်ဖန်ဆင်း၍ ချစ်တော်မူသော လူသားများဘဝအသက်တာ ကြွယ်ဝပြည့်စုံရေးဟူသော ဦးတည်ချက်များဖြင့်သာ လူသားများကို ကူညီနေကြတော့သည်။ ဘုရားသခင်သည် လူသားများကို ဖြောင့်မတ်လာမှ၊ သူ့ကိုယုံကြည်မှ ချစ်နေသည်မဟုတ်ဘဲ၊ ရှိနေသည့်အနေအထားအတိုင်း ဘုရားသခင် လူသားတိုင်းကိုချစ်တော်မူကြောင်းကို အသိအမှတ်ပြုနားလည်လာကြသည်။ ခရစ်ယာန်များ၏ တာဝန်ဝတ္တရားများမှာ ဘက်စုံအတွက်ဖြစ်ကြောင်း သဘောပေါက်လာကြသည်။ လူသားများ ဘက်စုံသိရှိနားလည်ကျင့်ကြံနိုင်အောင် ပညာပေးနိုင်အောင် ဘုရားရှင်ထံခွန်အားယူဆုတောင်းခြင်းဖြင့် ကြိုးစားလုပ်ဆောင်လာကြသည်။

ယခင်က ခရစ်ယာန်မဟုတ်သောသူများ၏ ယဉ်ကျေးမှုများကို အသိအမှတ်မပြုနိုင်ကြချေ။ ၎င်းတို့သည် နတ်နှင့်သာ ဆိုင်သဖြင့် ခရစ်ယာန်နှင့်မဆိုင်သော ယဉ်ကျေးမှုဟုသာသတ်မှတ်ခဲ့ကြသည်။ လူမျိုးစုတိုင်းသည် သီးခြားသတ်မှတ်နိုင်ရန် ကိုယ်ပိုင်ယဉ်ကျေးမှုများ၊ ကျင့်စဉ်များကို ဘုရားရှင်ကကိုယ်စီပေးထားသည်ဆိုသည်ကို မည်သည့်အခါမျှ စဉ်းစားတွေးတောခြင်းမရှိခဲ့ကြချေ။ ထိုကဲ့သို့ သီးသန့်ရှိနေခြင်းကိုလည်း အသိအမှတ်မပြုကြဘဲ၊ စွန့်လွှတ်ရန်ကိုသာ တိုက်တွန်းအားပေးခဲ့ကြသည်။ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ဆင်တူများရှိသော်လည်း ရည်ရွယ်ချက်၊ ကျင့်စဉ်များ ခြားနားတတ်ကြသည့်အကြောင်းများကို လေ့လာစူးစမ်းခြင်းမရှိခဲ့ကြပေ။ သို့ရာတွင် ယနေ့ ခရစ်ယာန်များအနေဖြင့် ထိုသို့မဟုတ်တော့ဘဲ ဘုရားရှင်၏အမွေပစ္စည်းတစ်ခုဟု နားလည်သဘောပေါက်လာကြသည်။ ယခင် မေ့ပျောက်နီးပါးယဉ်ကျေးမှုများကို ပြန်လည်အကောင်အထည်ဖော်ရန် တိုက်တွန်းမှုများ၊ လမ်းညွှန်မှုများကိုပေးကြသည်။ အာရှ ခရစ်ယာန်များအနေဖြင့် "Doing Theology" အားဖြင့် ဒေသခံတိုင်းရင်းသားများ၏ ယဉ်ကျေးမှုများကိုပြန်ဖော်ထုတ်စေသည်။

Doing Theology with Asian Resources - THEOLOGY AND CULTURES. Volume Two. Editor Yeow Choo Lak စာအုပ်တွင် ယဉ်ကျေးမှုနှင့်ပတ်သက်၍ အောက်ပါအတိုင်း ရေးသားဖော်ပြထားပါသည်။ စာမျက်နှာ (၁)

The word "culture" comes from cultura, colere which means to till, cultivate. It has the following meanings;

(A) cultivation, tillage

(B) act of development by education, discipline, training, etc.

(C) the cultivation or rearing of a particular product or crop; as oyster culture.

(D) the enlightenment and refinement of taste acquired by intellual and aesthetic training.

(E) a particular stage of advancement in civilisaton or the characteristic features of such a stage or state; as primitive culture, or chinese culture.

(F) in biology, cultivation of micro-organisms, as bacteria, or tissues, fungi, etc, in prepared nutrient media (culture media); also an instance or product of such cultivation. (Taken from webster's new collegiate dictionary.

အချုပ်အားဖြင့်ဆိုရသော် ယဉ်ကျေးမှုသည် အသက်ရှင်ရသည့်နည်းဟန်များကို လေ့လာဆည်းပူးကာ တိုးတက်လာအောင်လုပ်ဆောင်ခြင်းပင်ဖြစ်သည်။ ကိုယ်ဟန်အမူအရာအားဖြင့်၊ နူးညံ့သိမ်မွေ့စွာပြောဆိုခြင်းသည်၊ စိတ်ပိုင်းဆိုင်ရာများတွင် ပြုပြင်ပညာပေးကာ ရိုသေဦးညွှတ်စေသည်။ ယဉ်ကျေးမှုသည် အခြေခံအားဖြင့် လူတစ်ဦးတစ်ယောက်၏အသက်တာကို တိုးတက်ကောင်းမွန်လာအောင် စည်းကမ်းချက်များနှင့်ပြုပြင်ခြင်းကိုဆိုလိုသည်။ ထိုယဉ်ကျေးမှုသည် မြို့ရွာများကိုလည်း တိုးတက်အောင်ပြုလုပ်ပေးသည်။ ကမ္ဘာဦးကျမ်း ၂း၁၅ တွင် "ထိုအခါ ထာဝရအရှင်ဘုရားသခင်သည် လူကိုယူ၍ ဒေဝဉယျာဉ်ကို ပြုစုစောင့်ရှောက်စေခြင်းငှာ ထားတော်မူ၏" ဟုဖော်ပြထားပါသည်။ လူကိုဥယျာဉ်တွင် ချထားခြင်းသည် ပြုစုစေခြင်းငှာ တာဝန်ပေးထားခြင်းဖြစ်သည်။ တစ်နည်းဆိုရသော် ကမ္ဘာဦးကပင် လူသားနှင့်အတူ ယဉ်ကျေးမှုကို ဖန်ဆင်းထားသည်ဟုဆိုနိုင်သည်။

သခင်ခရစ်တော်ကလည်း လောကသို့မိမိကြွလာခြင်းသည် ရှိနှင့်သောပညတ်တရားများကို ဖျက်ဆီးရန်မဟုတ်၊ ပိုမို ပြည့်စုံစေခြင်းငှာ လာခြင်းသာဖြစ်ကြောင်း မိန့်တော်မူခဲ့သည်။ (မဿဲ ၅း၁၇) ခရစ်တော်ကိုယုံကြည်ခြင်းသည် မိမိတို့၌ ရှိရင်းစွဲယဉ်ကျေးမှုအမွေအနှစ်များကို ပယ်ပစ်ရန် မေ့ပစ်ရန်မဟုတ်ဘဲ ပို၍တိုးတက်ကောင်းမွန်ရေးအတွက် စောင့်ရှောက်ရမည်ဖြစ်ကြောင်း နားလည်ရန်ဖြစ်သည်။ ယဉ်ကျေးမှုမရှိသောသူသည် လူမျိုးမရှိသောသူဖြစ်သည်ဟု ဆိုနိုင်သည်။ ယဉ်ကျေးမှုသည် လူတစ်မျိုးစီ၏တန်ဖိုးအကြီးမြတ်ဆုံးသော အမွေအနှစ်တစ်ခုပင် ဖြစ်

သည်။ အရှင်ခရစ်တော်က "ငါအမှန်ဆိုသည်ကား၊ ဤမျှလောက်သောယုံကြည်ခြင်းကို ဣသရေလအမျိုး၌ပင် မတွေ့ဘူးသေး" ဟု တပ်မှူး၏ယုံကြည်ခြင်းကို ချီးမွမ်းခဲ့သည်။ "ငါဆိုပြန်သည်ကား၊ လူများတို့သည် အရှေ့အရပ်၊ အနောက်အရပ်မှလာ၍၊ ကောင်းကင်နိုင်ငံတော်၌ အာဗြဟံ၊ ဣဇက်၊ ယာကုပ်နှင့်တကွ လျောင်းရကြလတ္တံ့." ဟုလည်း မိန့်တော်မူခဲ့သည်။ (မဿဲ ၈း၁၀-၁၁) လူတစ်ဦးစီ၌ဖြစ်နေသောအရာများကို အသိအမှတ်ပြု လက်ခံခြင်းပင်ဖြစ်သည်။ ယုဒခရစ်ယာန်ယုံကြည်နည်း မဟုတ်သောကြောင့် မမှန်ဟု ကဲ့ရဲ့ခြင်းမရှိချေ။

ဟေဗြဲလူမျိုးများ တွေ့ဆုံနှုတ်ဆက်ကြသောအခါ ရှာလုမ် Shalom ဟုနှုတ်ဆက်တတ်ကြသည်။ အလုံးစုံသောအရာမှာ ပြည့်ဝကုံလုံပါစေဟု ဆန္ဒပြုခြင်းဖြစ်သည်။ ကျန်းမာသန်စွမ်းခြင်း၊ စီးပွားရေးကောင်းခြင်း၊ လမ်းပန်းဆက်သွယ်ရေး ချောမောအဆင်ပြေခြင်း၊ မိသားစုအခြေအနေလည်း စိတ်အေးရခြင်း၊ တရားမျှတခြင်းများအပေါ် အခြေခံတည်ဆောက်ကျင့်သုံးနိုင်ခြင်းပင်ဖြစ်သည်။ (ဟေရှာယ ၃၂း၁၇၊ ၅၉း၈၊ ဇာခရိ ၈း၁၆) ငြိမ်သက်ချမ်းသာခြင်းအလုံးစုံတို့သည် ဘုရားပိုင်ရာတော်ဖြစ်ပြီး (ဟေရှာယ ၄၅း၇) ဘုရားရှင်ကိုယ်တော်တိုင်တည်ရှိနေခြင်းဖြစ်သည်။ (တရင်း တောလည် ၆း၂၆၊ ၁ရာဇဝင်ချုပ် ၂၃း၂၅)။ ခရစ်ယာန်များသည် ဘုရားရှင်၏ ဘဏ္ဍာစိုးကောင်း ဖြစ်လာနိုင်ရန်အတွက် တရားဟောကောင်းသူတစ်ဦးဖြစ်ရုံမျှနှင့်မလုံလောက်ပေ။ ဘက်စုံတွင် ပါဝင်ဦးဆောင်နိုင်ရန်လိုအပ်ပါသည်။

ဘဏ္ဍာစိုးတာဝန်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျန်းမာရေးစောင့်ရှောက်ရေး၊ လူသားတိုင်း တရားမျှတစွာ နေထိုင်နိုင်အောင် သွန်သင်လမ်းပြရေး၊ စားဝတ်နေရေး အဆင်ပြေစွာဖြင့်နေထိုင်နိုင်ရေး စသည်တို့တွင် ပါဝင်လုပ်ဆောင်ရန် အရေးကြီးသကဲ့သို့ လူသားများအား ဘုရားရှင်က သီးခြားပေါ်လွင်မှုရှိအောင် ရေးဘိုးဘေးတို့လက်ထက်မှအမွေအနှစ်အဖြစ်ပေးထားသော လူမျိုးစုများ၊ ယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းတတ်အောင် သွန်သင်ပေးရခြင်းသည်လည်း အရေးကြီးသောကဏ္ဍ တစ်ခုပင်ဖြစ်သည်။ အရှေ့တောင်အာရှခရစ်ယာန်များအနေဖြင့် ယခုအခါ အရေးတကြီးအဖြစ် ကြိုးစားလုပ်ဆောင်ရသောလုပ်ငန်းတစ်ခုမှာ မိမိတို့ယဉ်ကျေးမှုအားဖြင့် ခရစ်ယာန်များ ယုံကြည်သောဘုရားကိုသိအောင် ရှာဖွေလုပ်ဆောင်ခြင်းပင်ဖြစ်သည်။ မိမိတို့ယဉ်ကျေးမှုနှင့် တွက်ဖက်ရှင်သန်လာသောယုံကြည်ခြင်း မဖြစ်သေးလျှင် ယနေ့ခရစ်ယာန်များ ယုံကြည်ခြင်းသည် မိမိတိုင်းပြည်နှင့်မိသားစုအဝင်မဖြစ်သေးဘဲ နယ်မြေစိမ်းကားနေသေးသော ဘာသာကြီးပင်ဖြစ်နေဦးမည်။

အသစ်သောအရာများကိုလေ့လာခံယူခြင်းသည် လူသားများတိုးတက်ဖွံ့ဖြိုးမှုအတွက်လိုအပ်သောအရာဖြစ်သည်။ တစ်ဖက်တွင်လည်း မိမိတို့လူမျိုးစုများရေရှည်တည်တံ့ခိုင်မြဲရေးအတွက်သော်လည်းကောင်း၊ ဘုရားရှင်ပေးအပ်သောတာဝန်ပေးထားမှုအပေါ် သစ္စာရှိသူဟုပြည့်ဝစွာသတ်မှတ်ခံရနိုင်ရန်လည်းကောင်း၊ လူမျိုးစုများ၏ ယဉ်ကျေးမှုများ ကိုဖော်ထုတ်စောင့်ထိန်းခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပေမည်။ ဘဏ္ဍာစိုးသည် သခင့်ပစ္စည်းများကို လုံးဝပျောက်ပျက်ခြင်းမရှိရလေအောင် သစ္စာရှိစွာ စောင့်ထိန်းရသူဖြစ်သည်။ ခရစ်တော်ဤလောကသို့ကြွရောက်လာတော်မူခြင်းသည်ရှိနှင့်ပြီးသားပညတ္တများကို ပယ်ဖျက်ပပျောက်စေရန်အတွက် မဟုတ်ဘဲ ပို၍ပြည့်စုံစေရန်သာဖြစ်သည်။ ခရစ်ယာန်များသည် ခရစ်တော်၏ဘဏ္ဍာစိုးများဖြစ်ကြသည့်အားလျော်စွာ ရှိနှင့်သောလူမျိုးစုများ၏ယဉ်ကျေးမှုကို ပယ်ဖျက်ပပျောက်စေအောင်လုပ်ဆောင်ခြင်းထက် ပို၍ပီပြင်ပြီး ခိုင်မာသော ဘုရားရှင်၏ အမွေအနှစ်ဖြစ်စေရန် ကြိုးစားလုပ်ဆောင်သင့်ပေသည်။ သို့မှသာ နောက်တရား စီရင်ရာနေ့တော်ကြီးတွင် "သာဓုသစ္စာရှိသောငယ်သားကောင်း" ဟု ဂုဏ်ပြုချီးမွမ်းထောပနာပြုခြင်းခံရမည်ဖြစ်သည်။ ဘက်စုံတိုးတက်မှုအတွက်လုပ်ဆောင်နိုင်ခြင်း၊ ရှိနှင့်သောအရာများကို မပျောက်ပျက်အောင် ပို၍တိုးတက် ကောင်းမွန်သည့်အနေအထားသို့ရောက်သည်အထိ လုပ်ဆောင်နိုင်ခြင်း စသည်တို့သည် ဘဏ္ဍာစိုးကောင်းများ၏ အရည်အချင်းကောင်းများပင်ဖြစ်ပါသည်။❑

ဘုန်းတော်ကြီးအက်စ်ထန်အုဂ်
ကျောင်းထိုင်ဘုန်းတော်ကြီး
ဘန့်ရှင်းသောတြိနတိကသ်ဒြယ်ကျောင်းတော်





# ကျွန်တော်နှင့် ကျွန်တော်၏ ဗလာနေ့ရက်များ

ကျွန်တော်တစ်ခုခုဖြစ်ချင်နေသည်။ ထိုတစ်ခုခုဆိုသည်မှာ ဘာဖြစ်သည်ကို သေချာစွာဝေခွဲမရပေ။ သို့သော် ကျွန်တော်တစ်ခုခုဖြစ်ချင်နေသည်မှာ သေချာသည်။

❑ ❑ ❑ ❑ ❑ ❑ ❑

ခပ်ငယ်ငယ်ကလေးဘဝတွင် စူပါမင်း (သို့) မြေလျှိုးမိုးပျံသိုင်းသမားတစ်ယောက် ဖြစ်ချင်ခဲ့ဖူးသည်။ သို့သော် လူသားများအားကယ်တင်ရန်အတွက် ဖြစ်ချင်ခြင်းမဟုတ်ဘဲ လေထဲဝဲပျံလို၍သာဖြစ်မည်ထင်သည်။ သို့သော် သိပ်မသေချာခဲ့ချေ။

ကျောင်းနေစဉ် အတန်းထဲ၌စာမဆိုနိုင်၍ ခုံပေါ်တက် မတ်တပ်ရပ်ခိုင်းချိန်ရောက်တိုင်း စာများကို "ဤ၊ သည်၊ ၍" မလွဲ ရွတ်နိုင်သူထက် ခုံပေါ်တွင် ကြာကြာရပ်ခံနိုင်သူသာ ဖြစ်ချင်ခဲ့သည်ကိုလည်း မှတ်မိနေသေးသည်။

တစ်ခါတရံ ကျွန်တော်သည် "တလွဲဆံပင်ကောင်း" သောကောင် ဖြစ်နေတတ်၏။

တနင်္ဂနွေရောက်တိုင်း ဆန်းဒေးစကူးတက်ရခြင်းကို ငြီးငွေ့လာသော အပတ်ရောက်လျှင် အိမ်တွင်ရှိသော ဓမ္မပညာစာအုပ်များ ရှာဖွေဖတ်၍သာ နေတတ်ပြန်သည်။ မိဘများ၏ နားလည်မှုအတိုင်းအတာပေါ်တွင် အခွင့်ကောင်းယူကာ ထိုနေ့မျိုးတွင် ဘာသာခြားသူငယ်ချင်းများအိမ်သို့ သွားရောက်ဆော့ကစားတတ်သေးသည်။ ဥပုသ်နေ့ကို ခေတ္တမေ့ခဲ့ဖူးသူဖြစ်နေပြီး ခရစ်ယာန်တစ်ယောက်ဘဝကိုလည်း ခေတ္တမေ့ခဲ့ဖူးသည်များကိုလည်း ဝန်ခံပါသည်။

နွေရာသီဓမ္မပညာသင်တန်းများကို ရံဖန်ရံခါ တက်ရတိုင်း ခပ်ညံ့ညံ့အသင်းသားတစ်ယောက်ဖြစ်ရခြင်းကို ကျေနပ်နေတတ်သလို စိတ်ညစ်ညူးခြင်းလည်း မဖြစ်ခဲ့ချေ။ စံပြဆုရသောသူများကို ငေးမောကြည့်နေရင်းဖြင့် ကျွန်တော်ကျေနပ်ခဲ့သည်မှာ သေချာလွန်းလှသည်။ ကျွန်တော့်၏ စိတ်ကူးထဲသို့ "ငါသာ စံပြဆုရရင်" ဆိုသော အရာ တစိုးတစိမျှ ဝင်မလာခြင်းမှာ လူလုံးပြရသည်ကို ရှောင်ရှားချင်သောကြောင့် ဖြစ်မည်ထင်၏။ အညံ့စိတ်ဝင်ရောက်ကြီးစိုးနေသောကြောင့်လည်းဖြစ်မည်။

❑ ❑ ❑

လူငယ်အသင်း စဝင်သည့်နေ့မှစ၍ တက်ရောက်သည့်လူငယ်ဝတ်များကို ခုံမင်သော်လည်း တစ်ခါဖူးမျှ တစ်ယောက်တည်းသီချင်းမဆိုခဲ့ချေ။ ဂစ်တာကို ကျွမ်းကျင်စွာတီးတတ်သော၊ အသံကို အနေအထားမှန်စွာဆိုတတ်သော်လည်း (ကျွန်တော့် ဆရာသီဟ၏ မှတ်ချက်ဖြစ်သည်။ ) လူရှေ့ထွက်ဆိုရခြင်းထက် အခန်းတံခါးပိတ်ကာသာ တစ်ကိုယ်တည်းဆိုငြီးသူသာ ဖြစ်ခဲ့သည်။ ကျွန်တော်သည် အဆိုတော်တစ်ယောက်ဘဝကို အားမကျသည်မှာတော့ သေချာလှပါသည်။

အထက်တန်းစာမေးပွဲပြီးခါစတွင် ကျမ်းစာကျောင်းတက်ချင်စိတ်ဖြစ်ပေါ်ခဲ့ဖူးသည်။ သို့သော် ကြာကြာမခံချေ။ ကျွန်တော်သည် ဘုရားအတွက်၊ အများအတွက်ဟု ကြွေးကြော်လက်သီးလက်မောင်းတန်းကာ အိတ်ကပ်ထဲရှိအသပြာများကိုရေတွက်နေမည့် "စိတ်၏လက်" များအတွက် ရှက်နေရပြန်သည်။ ကျွန်တော်ဖြစ်ချင်သည်မှာ ငွေကြေးကြွယ်ဝချမ်းသာသူလား။ အိုနာစစ်၏ချမ်းသာမှုများကိုလေ့လာရင်း ရေနံသူဌေး အေဗရာမိုဗစ်ရှ်၏ စည်းစိမ်ဥစ္စာများကိုငေးမောရင်း၊ ဘီလ်ဂိတ်၏ ပိုင်ဆိုင်မှုများကိုရေတွက်ရင်းသာ အချိန်တွေ ကုန်လိုက်လာသည်။ ကျွန်တော့်၏ ဖြစ်လိုသည်များကတော့ မသေချာမရေရာသေးပေ။

❑ ❑ ❑

တောင်တန်းများရှိရာသို့ ခရီးထွက်စဉ်အခါတုန်းကလည်း ကျွန်တော်သည် ရေကြည်ကြည်အေးအေးများစီးဆင်းနေသော တောင်ကျချောင်းသေးသေးလေးတစ်ခုဖြစ်ချင်ခဲ့ဖူးသည်။ မြင့်မားစိမ်းမှောင်နေသော တောင်တန်းများဖြစ်ချင်ခဲ့သလို တောင်ထိပ်မှလင်းလက်နေသောကြယ်မှုန်လေးတစ်ပွင့်လည်း တစ်ပြိုင်တည်းဖြစ်ချင်ခဲ့ဖူးသည်။

ဓမ္မသစ်ကျမ်းစာဖတ်တိုင်း ယုဒရှကာယုတ်ဖြစ်ချင်သော ကျွန်တော်၏စိတ်များကို အံ့ဩခဲ့ရသည်။ သခင်ယေရှု၏ မေတ္တာတန်ခိုးအာနိသင်များကို လူရှေ့တွင်ချပြချင်သောသူ ဖြစ်ချင်၍ဖြစ်သည်။ (ကြွားဝါချင်တာလည်းပါမည်။) အထူးသဖြင့် သူတစ်ပါးအား အထင်အမြင်သေးမောက်မာထောင်လွှားသောသူများရှေ့တွင်ဖြစ်သည်။ အသပြာသုံးဆယ်သည် ယုဒ၏ဘဝအား မပြောင်းလဲနိုင်မှန်း ကျွန်တော်သိသည်မှာကြာပြီ။

မောရှေထက် အာရုန်ကိုတမ်းတမ်းစွဲသဘောကျနေသော ကျွန်တော့်အား သူငယ်ချင်းအချို့ဝေဖန်သောအခါ အပြုံးနုနုဖြင့်သာ တုန့်ပြန်လိုက်သည်။ သူတစ်ပါး၏ရင်ကို ထုတ်ချင်းပေါက်ထိမှန်နိုင်သော မြှားတစ်စင်းကဲ့သို့ စကားလုံးများကို ရွေးချယ်သီကုံးပြောဆိုနိုင်သော စွမ်းရည်ကိုသဘောကျနှစ်သက်ပါသည်။ ကျမ်းစာထဲရှိ မထင်ရှားသောသူများကို သဘောကျရခြင်းမှာ ကျွန်တော်ကိုယ်တိုင်သည် ခပ်မှိန်မှိန်ဘဝကို မက်မောနေခြင်းကြောင့်ဟု ယေဘုယျတွက်ဆနိုင်သည်။

ဓမ္မရာဇဝင်အကြောင်းကို မသိသောကြောင့် ကျမ်းစာကျွမ်းသောပုဂ္ဂိုလ်တစ်ယောက်၏ သနားသယောင်ထင်ရသောအရည်တစ်မျိုးဖုံးလွှမ်းနေသည့် မျက်ဝန်းဖြင့် ကြည့်ခြင်းခံခဲ့ရသည်။ စိုးစိမျှ ကျွန်တော့်မတုန်လှုပ်ခဲ့ပါ။ ကျွန်တော်သည် ဓမ္မရာဇဝင်ကို နှံ့စပ်သူထက် ယုဒဘုရင်ယေခေါနိအချုပ်ခံရသော သက္ကရာဇ် သုံးဆယ်ခုနှစ်နှစ်၊ ဒွါဒသမလ နှစ်ဆယ့်ခုနှစ်ရက်ကိုသာ စိတ်ဝင်စားသည်။ ယေခေါနိသည် အချုပ်ခန်းထဲတွင် အဘယ်သို့နေထိုင်ခဲ့ပါသနည်း။ ကျွန်တော်သည် ဘုရင်နှင့်အတူ အချုပ်ခံရသောအချုပ်သားဖြစ်ချင်သည်။

အမေသည် 'စကားလုံးမရှိတဲ့ကောင်' ဟု နာမည်ပေးကင်ပွန်းတပ်တိုင်း ကျွန်တော် အားရပါးရ အော်ရယ်လိုက်မိတတ်သည်။ ဖြစ်လိုမှုဆန္ဒများကို သေချာဝေဖန်ဆန်းစစ်တိုင်း ထွက်ပေါ်လာသောအဖြေများ၏ ရလဒ်မှာတူနေတတ်၏။ အထူးသဖြင့် လူများနှင့်ပေါင်းသင်းဆက်ဆံတိုင်း ကျွန်တော့်ဆန္ဒများမှာ ထိုသူများပေါ်တွင်မူတည်၍ ပြောင်းလဲသွားခြင်းပင်။

❑ ❑ ❑

ပစ္စည်းမဲ့လူတန်းစားများအား 'မရှိခိုးနိုး' ပုံစံဖြင့် အထင်အမြင်သေးစွာ ဆက်ဆံတတ်သောလူစားမျိုးနှင့်တွေ့လျှင် သုံးမကုန်အောင်ချမ်းသာသောသူဌေးတစ်ယောက်ဖြစ်ချင်သည်။ ပညာချို့တဲ့သောသူများအား 'ပညာသည်လူ့တန်ဖိုး' ဆိုသည့် စကားကိုသုံးကာ ခေါင်းမော့နေတတ်သည့် လူစားမျိုးနှင့်တွေ့လျှင် ပညာတတ်ကြီးတစ်ယောက်ဖြစ်ချင်ပြန်သည်။ ရုပ်ဆိုးသောသူများအား 'ကိုယ်ရည်ကိုယ်သွေးညံ့' ကြောင်းပြစ်တင်ဝေဖန်တတ်သော ရုပ်ရည်အားကိုးသူမျိုးနှင့်တွေ့လျှင်လည်း လူချောလူလှတစ်ယောက် ဖြစ်ချင်နေပြန်သည်။

များပြားလှစွာသော ကျွန်တော့်လိုအင်ဆန္ဒများကား ရှင်သန်နေသမျှကာလပတ်လုံး ပုံစံအမျိုးမျိုးဖြင့် ကွဲပြားစွာ ထွက်ပေါ်လာပေဦးမည်မှာမလွဲပေ။ ကျွန်တော်သည် ရည်ရွယ်ချက်မဲ့၊ ပန်းတိုးတိုင်မရှိ လေလွင့်သူတစ်ဦးလည်းဖြစ်နိုင်ပါသည်။ သို့မဟုတ် အမည်မတပ်ရသေးသောစိတ္တဇဝေဒနာတစ်ခုခု စွဲကပ်နေသောကြောင့်လည်း ဖြစ်နိုင်ပေသည်။

ယနေ့အချိန်ထိတိုင် ဟေရှာယအနာဂတ္တိကျမ်း (၈း ၁၂-၁၄) ကိုသာ တတွတ်တွတ်ရွတ်ဆိုပျော်နေတတ်သော ကျွန်တော်သည် နောက်တစ်နေ့ဘာဖြစ်မည်ကို အနည်းငယ်မျှ မတွေးမိချေ။ ဘဝနေမှုပုံစံခွက်ကို မျက်ကွယ်ပြုသောကြောင့်လည်း ဖြစ်ကောင်းဖြစ်ပေမည်။ ကျွန်တော်၏အသည်းနှလုံးအား ဖွင့်နိုင်သောသူကိုတွေ့ချင်လှပါသည်။ မည်သည့်သော့ အမျိုးအစားကိုအသုံးပြုမှာပါလိမ့်ဟုသိချင်သည်။ လောလောဆယ်တွင် ကျွန်တော်၏ ဘယ်ဖက်ရင်အုံစက်ရုံတွင် ဆူးရိုင်းပင်များ ထူထပ်စွာပေါက်ရောက်နေကြောင်း ကြိုတင်အသိပေးပါရစေ။

ကျွန်တော်သည် ဘာတစ်ခုကိုမျှ မပိုင်ဆိုင်သောလူသားတစ်ယောက်ဖြစ်လို့နေ၏။ ကျွန်တော့်ကဲ့သို့သော လူစားမျိုးများကို ပြောခဲ့ချင်ပါသည်။

(ကမ္ဘာ -၅၁း၁) + (ဗျာ -၂၃း၁) = ၀
(ကမ္ဘာ -၅၁း၁) - (ဗျာ -၂၃း၁) = ၀

❑ ❑ ❑

ကျွန်တော် တစ်ခုခုဖြစ်ချင်နေသည်။ ထိုတစ်ခုခုဆိုသည်မှာ ဘာဖြစ်သည်ကို သေချာဝေခွဲမရပေ။ သို့သော် ကျွန်တော်တစ်ခုခုဖြစ်ချင်နေသည်မှာ သေချာသည်။❑

## အပို

တီတီကာတာပြောတတ်သောသမီးငယ်က မခင်ဈေးမှုအပြန် နှုတ်ဆက်လိုက်တာက . . .
'အပါး ဈေးဆိုင်ကအန်တီက အပါးရဲ့တူမအတွက် မုန့်အပိုပေးလိုက်တယ်လို့ပြောတယ်ဆို'
ကျော် (BTh. III)



မစီဆန့်ထွယ်အောင် (မိုးညှင်း)

# ဂတိပေးပါတယ်

ဩော် . . . ဘာလိုလိုနဲ့ ကျမ်းစာကျောင်းနောက်ဆုံးနှစ်တောင် ရောက်လာပြီ။ ဒီနှစ်ပြီးရင်တော့ ကျောင်းပြီးပြီပေါ့။ ဒါပေမယ့် အရာရာဟာ မနေ့ကဖြစ်ခဲ့သလိုပဲ ကျွန်တော့်ရင်ထဲမှာ ခံစားနေရပါတယ်။ ကျွန်တော့်ရင်ထဲမှာ ဒီနေ့ ထူးထူးခြားခြား မှိုင်း ကို ပိုပြီးသတိယမိတယ်။ ဒီနေ့ ဘာနေ့ပါလိမ့်။

ဘုရားသခင် . . ဒီနေ့ ကျွန်တော်ရဲ့မွေးနေ့ပါလား၊ တိုက်ဆိုင်လိုက်တာ။

(၁)

သူ့မကောင်းကြောင်းတွေ သိစကြားစကတည်းက သူ့ကို ကျွန်မစပြီး စိတ်ဝင်စားခဲ့ပါတယ်။ ကျွန်မကြားခဲ့ရတဲ့ သူ့ရဲ့သတင်းတွေက ကောင်းတာတစ်လုံးမှ မပါခဲ့ပါဘူး။ ခရစ်ယာန်မိဘနှစ်ပါးကမွေးဖွားလာခဲ့ပေမယ့် ဘုရားကျောင်းမတက်၊ လူရှုပ်လူပွေ၊ မကောင်းတာမှန်သမျှ အကုန်လုပ်တယ်။ အဖေမရှိတော့ အမေကလည်း မနိုင်လို့လက်လျှော့ထားတယ်။ ပြောဆိုဆုံးမလို့မရ။ လူကြီးဆုံးမရင် ပိုအရွဲ့တိုက်ပြီး လုပ်တတ်တဲ့သူ၊ ကျွန်မကြားခဲ့ရတဲ့ သူ့သတင်းတွေက ကောင်းတာတစ်ခုမှမပါခဲ့ပါဘူး။

ကျွန်မက အဒေါ်နဲ့အတူလာနေရင်း သူ့အကြောင်းတွေ သိခဲ့ရတာပါ။ ရုပ်က အတော်လေးချောပါတယ်။ အသားညိုပေမယ့် အရပ်ကခြောက်ပေနီးပါးနဲ့ ဆံပင်က ခေတ်ပုံစံနဲ့အညီညှပ်ထားပြီး အင်မတန်ကြည့်ကောင်းတယ်။ ပြီးတော့ သူစီးနေကျပြိုင်ဘီးကလည်း သူနဲ့အရမ်းလိုက်ဖက်ညီပါတယ်။ ကျွန်မနဲ့အဒေါ်တို့ အိမ်ရှေ့မှာစကားပြောနေတုန်း သူက သီချင်းကိုအော်ဆိုပြီး ဖြတ်သွားတော့ ကျွန်မ အတော်လေးငေးကြည့်မိလိုက်တယ်။ ပြီးမှ ဘယ်သူဘယ်ဝါဆိုတာ အဒေါ်ကိုမေးကြည့်တော့ ကြားလိုက်ရတဲ့အကြောင်းအရာတွေက တကယ်စိတ်မကောင်းစရာပါပဲလား။ သူ့ကို မောင်လေးတစ်ယောက်လို သံယောဇဉ် ရင်ထဲမှာဖြစ်လာခဲ့တယ်။ သူ့အမေကလည်း သူ့ကိုမနိုင်ဆိုတော့ ဆုံးမမယ့်သူမရှိဘဲ လွတ်ချင်တိုင်းလွတ်နေတာပေါ့။ သူ့ကိုလိမ္မာလာအောင် ဘုရားသခင်အကြောင်းတွေ သိလာအောင် ဆုံးမချင်လိုက်တာ။ ဒါတွေဟာလည်း ကျွန်မ စိတ်ကူးသက်သက်ပါပဲ။ ကိုယ်ကသာ သူ့ကိုသိပေမယ့် သူကကိုယ့်ကိုမှမသိဘဲ။

ကျွန်မ အဒေါ်တို့ဆီရောက်ပြီး သိပ်မကြာခင်သော နံနက်ခင်းတစ်ခုမှာ သူက ကျွန်မကိုစကားလိုက်ပြောတယ်။ အစပိုင်းတော့ သူ့ကိုနည်းနည်းလန့်တယ်။ စကားပြန်မပြောရဲဘူး။ သိပ်မကြာခင်မှာဘဲ သူနဲ့ ရင်းနှီးသွားပါတယ်။ ကျွန်မက နဂိုကတည်းက သူ့ကိုစိတ်ဝင်စားတဲ့သူဆိုတော့ သူနဲ့ရင်းနှီးသွားပြီး စကားပြောကြည့်တော့ သူ့ရဲ့စိတ်ဓာတ်က ဒီလောက်မဆိုးဘဲ လူကသာဆိုးနေတာဆိုတဲ့အချက်ကို ကျွန်မသိလိုက်ရပါတယ်။ သူနဲ့ရင်းနှီးသွားပြီးနောက်ပိုင်း သူ့ကို ကိုယ့်မောင်လေး အရင်းတစ်ယောက်လို ဆုံးမနိုင်လိမ့်မယ်လို့ ကျွန်မ 'မှိုင်းဇူလိုင်မိုး' ယုံကြည်မိတယ်။

(၂)

ကျွန်တော်ဆိုတဲ့ ဝဏ္ဏအောင်ဟာ မှိုင်းလို့ခေါ်တဲ့ မှိုင်းဇူလိုင်မိုးကို စတွေ့ကတည်းက စိတ်ထဲမှာ တစ်မူထူးခြားတဲ့ ခံစားချက်မျိုး ခံစားခဲ့ရတယ်။ ပြောရမယ်ဆိုရင်တော့ မှိုင်းက ကျွန်တော်တွဲခဲ့တဲ့၊ တွဲနေတဲ့ ကောင်မလေးတွေလောက် မချောဘူးဆိုတာ ကျွန်တော်ဝန်ခံပါတယ်။ အသားညိုပြီး သာမန်မိန်းကလေးတွေထက် အရပ်မြင့်တယ်။ ဆံပင်ကတော့ တင်ပါးထိအောင်ရှည်ပါတယ်။ မှိုင်းပုံစံက ရိုးသားပြီး အပြစ်ကင်းစင်တယ်လို့ ကျွန်တော်ခံစားမိတယ်။ ရယ်လိုက်ရင် သွားဖွေးဖွေးတွေမြင်ရတယ်။ကျွန်တော် သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်နေတုန်း မှိုင်း ဆိုင်ရှေ့ကဖြတ်သွားတာတွေ့တော့ ကျွန်တော်အမှန်တကယ် ငေးသွားရပါတယ်။ သူငယ်ချင်းတွေက . . .

"အောင် ငေးလှချည်လား"

"ခုနက စက်ဘီးစီးသွားတာ

ဘယ်သူလဲ၊ မင်းတို့သိလား"

"မင်းမသိဘူးလား"

"မသိလို့ မေး တာပေါ့၊ သိရင် ဘယ်မေးမလဲ"

"မိုင်းဇူလိုင်မိုး တဲ့ . . . ဟော့ကောင် ကြွေသွားပြီလား"

"အစက ငါမတွေ့ဖူးပါဘူး"

"မတွေ့ဘူးဆို ငါတို့ဆီကမှမဟုတ်တာ သူ့အဒေါ်မေရီဆီမှာ လာနေတာတဲ့၊ မင်းအရင်ကောင်မလေးတွေ လောက် မလှပါဘူးကွာ"

"ဒါပေမယ့် ငါအရမ်းစိတ်ဝင်စားသွားပြီ"

"ဟော့ကောင် လာပြောမနေနဲ့၊ ရိုးနေပြီ၊ မင်းရဲ့လက်သုံးစကားကို"

"ဒါတော့ ငါ့အပိုင်းပေါ့ကွာ"

သူတို့တွေ ကျွန်တော့်ကို မယုံကြဘူး၊ ဒါလည်း သူတို့ကို အပြစ်မတင်ချင်ပါဘူး၊ ကျွန်တော့်လက်သုံးစကားဖြစ်နေပြီလေ၊ ဒါပေမယ့် မိုင်းနဲ့ ပတ်သက်တဲ့ ခံစားချက်ကို ကျွန်တော်ကိုယ်တိုင်ကလွဲလို့ ဘယ်သူကများသိနိုင်မှာလဲလေ။

ကျွန်တော် မိုင်းကို ခင်လိုကြောင်း လိုက်စကားပြောတော့ ချက်ခြင်းမဟုတ်ပေမယ့် သိပ်မကြာတဲ့အချိန်မှာ ကျွန်တော်နဲ့မိုင်းတို့ မိတ်ဆွေတွေအဖြစ် ရင်းနှီးသွားပါတယ်၊ မိုင်းနဲ့ရင်းနှီးပြီးမှမိုင်းကိုစိတ်ထဲမှာ ပိုပြီးစွဲလမ်းမိတယ်၊ နောက်ပိုင်း မိုင်းနဲ့ အရမ်းရင်းနှီးလာတော့ ကျွန်တော့်ကို ဩဝါဒတွေအရမ်းပေးတယ်။ မိုင်းနဲ့တွေ့တိုင်း မိဘစကားနားထောင်ဖို့ ဘုရားကျောင်းမှန်မှန်တက်ဖို့ဆိုတဲ့ ခေတ်ပြားဟောင်းကိုပဲ ထပ်တလဲလဲကြားရတယ်။ မိုင်းနဲ့ကျွန်တော် အမြဲတမ်းတွေ့ချင်ပေမယ့် မတွေ့ဖြစ်ပါဘူး။ နည်းလမ်းက တစ်ခုပဲရှိတယ်။ တနင်္ဂနွေနေ့မှာ မိုင်းက သူ့အဒေါ်နဲ့ ဘုရားကျောင်းလာတယ်။ ကျွန်တော်မိုင်းနဲ့တွေ့ချင်ရင် ဘုရားကျောင်းသွားရမယ်။ ကျွန်တော် ဘုရားကျောင်းတက်မယ်လို့ပြောတော့ အမေက အံ့ဩဝမ်းသာလွန်းလို့ မျက်ရည်တောင်လည်တဲ့အထိပါပဲ။

"သားရယ် ဘုရားသခင်လမ်းပြတာပဲထင်တယ်"တဲ့ ကျွန်တော်ကိုယ့်လိပ်ပြာကိုယ်မလုံလို့ အမေ့ကိုပြန်မကြည့်ရဲခဲ့ပါ။ ဘုရားကျောင်းမှာ လူငယ်အချို့က အံ့ဩကြည့်နဲ့ကြည့်နေတာကိုလည်း ခံခဲ့ရတယ်၊ ဘုရားကျောင်းမှာ မိုင်းနဲ့တွေ့တော့ မေမေနဲ့ မိတ်ဆက်ပေးတယ်။ ကျွန်တော် အဲဒီနေ့က ဝမ်းသာလိုက်တာ။ မိုင်းနဲ့အမြဲတမ်းတွေ့ချင်တယ် မိုင်းရယ်။ ကျွန်တော့်ရောဂါတော့ ကျွမ်းနေပြီထင်တယ်နော် မိုင်း။ ကျွန်တော်လေ မိုင်းကို အမြဲတမ်းတွေ့ချင်တယ်၊ စကားတွေပြောနေချင်တယ် မိုင်းရယ်။

**မိုင်းနဲ့**

**အမြဲတမ်းတွေ့ချင်တယ်**

**မိုင်းရယ်**

**ကျွန်တော့်ရောဂါတော့**

**ကျွမ်းနေပြီထင်တယ်နော်**

**မိုင်း**

(၃)

"ဘာ . . ဘာပြောတယ် . . နောက်တစ်ခေါက်ထပ်ပြောစမ်းပါ"

"အော် . . . မင်းကလည်း မိုင်းဇူလိုင်မိုးနဲ့ ဥက္ကာ စေ့စပ်တော့မယ်တဲ့"

"အောင်အောင်ရာ၊ သေချာရဲ့လား"

"ငါ့အမေပြောတာကို ငါနားနဲ့ဆတ်ဆတ်ကြားခဲ့တာပါဆို"

ကျွန်တော့်နှလုံးသားတစ်ခုလုံး ကြေမွကုန်တယ်။ ဒီသတင်းမမှန်ပါစေနဲ့လို့ ဆုတောင်းနေမိတယ်၊ မိုင်းကို အရမ်းတွေ့ချင်တယ်။ မေးချင်တယ်၊ ဘာတွေဘယ်လိုဖြစ်ကုန်တာလဲ။

"ဟော့ကောင် ချက်ခြင်းကြီး ဘယ်လဲ"

"ငါ မိုင်းကိုသွားမေးမယ်" မိုင်းဆီသွားသောလမ်းမှာတင် . . .

"ဝဏ္ဏ ဘယ်လဲ၊ မိုင်းကိုတောင် မမြင်တော့ဘူး"

"မိုင်း . . ကျွန်တော်ခဏလောက်"

"ဘာဖြစ်တာလဲ မျက်နှာ မကောင်းပါလား"

"မိုင်း စေ့စပ်တော့မယ်ဆို"

"အော်၊ ဟုတ်တယ် . . အောင်ကိုလည်းပြောမလို့ အောင်က ခရီးထွက်နေတော့ မပြောဖြစ်သေးတာ"

"မိုင်း အရမ်းရက်စက်တယ်။ မိုင်းကို ကျွန်တော်ချစ်နေတာကို ဥပက္ခာ ပြုရက်တယ်ဗျာ"

"ဝဏ္ဏရယ်၊ မိုင်းကလည်း ဝဏ္ဏကို ကိုယ့်မောင်လေးတစ်ယောက်လို တကယ်ချစ်ပါတယ်၊ အဲဒါကြောင့် ပြောဆိုဆုံးမခဲ့တာပေါ့။ ဝဏ္ဏ ကို မိုင်းတကယ်ချစ်ခဲ့တာပါ"

"ကျေးဇူးတင်ပါတယ် မိုင်းရယ်၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ"

"တော်ပြီဗျာ၊ မပြောချင်တော့ဘူး။ ကျွန်တော်ပြန်တော့မယ်"

မိုင်းရယ်၊ ရက်စက်တယ်ဆိုတဲ့ စကားကလွဲပြီး ကျွန်တော်မပြောတတ်တော့ဘူး။ ကျွန်တော့်ဘဝဟာ မိုင်းနဲ့တွေ့ပြီးမှ အစစအရာရာပြောင်းလဲခဲ့တယ်၊ မိုင်းရဲ့ဆုံးမစကားတွေကြားမှာ ပျော်ဝင်လိုက်လျှောက်ခဲ့တယ်၊ အဲဒါတွေဟာ မိုင်းကိုချစ်တဲ့စိတ်တွေနဲ့ဆိုတာ မိုင်းသိရဲ့လား။ ယောကျ်ားတန်ခုဒါတွေဟာ အလဟဿဖြစ်ကုန်ပြီလား။ ယောကျ်ားတန်မဲ့မျက်ရည်ကျမိခဲ့ပါတယ်။

ခုတလော မိုင်း ဝဏ္ဏကို မတွေ့မိတော့ တစ်ခါတလေ လမ်းပေါ်မှာတွေ့မိပေမယ့် ပြုံးပြနှုတ်ဆက်ရုံသာရှိသည်၊ ကျွန်မစိတ်မကောင်းဖြစ်မိသည်။ ဘုရားကျောင်းလည်းရောက်မလာတော့၊ အခေါ်က . . .

"ဝဏ္ဏအောင်ဟာ ဟိုတလော လိမ္မာသလိုဖြစ်လာပြီး ဘာဖြစ်သွားမှန်းမသိဘူး" ဟုပြောသံကြားမိသည်။ တစ်နေ့ ဆုံဖြတ်ကာ ဝဏ္ဏတို့ အိမ်ဘက်လျှောက်ရာ တိုက်တိုက်ဆိုင်ဆိုင်တွေ့ကာ . . .

"ဝဏ္ဏ သတင်းတွေကြားရတာစိတ်မကောင်းစရာတွေပဲ . . ဝဏ္ဏ မေမေလည်း စိတ်ဆင်းရဲနေပုံရတယ် . . မိုင်းကိုခင်ရင် . . မိုင်းစကားနားထောင်ပါလား . . . မိုင်းကိုမခင်တော့ဘူးလားဟင်"ဟု မေးခွန်းများမေးမိတော့သည်။ ဝဏ္ဏအား ဆုံးမစကားပြောဖြစ်ခဲ့သည်၊ ပြောတော့လည်း နားဝင်ပြန်သည်။

မိုင်း အက်ဆီးဒင့်ဖြစ်သည်ဟု ကြားစက ကိုယ့်နားနှင့်ကိုယ် မယုံမိဖြစ်ခဲ့ရသည်။ ချက်ချင်းဆေးရုံသို့လာခဲ့ရာ အရေးပေါ်ခန်းတွင် မိုင်းကိုတွေ့ရသည်၊ တစ်ကိုယ်လုံးပတ်တီးဖြင့်ဖြစ်သည်။ မကြည့်ရက်၍ မျက်စိမှိတ်ထားလိုက်မိသည်။

"အဒေါ် ဘယ်လိုဖြစ်တာလဲ"

"သူ့သူငယ်ချင်းမွေးနေ့လက်ဆောင်ပေးမလို့ဆိုပြီး ထွက်သွားတာပဲ"

"ဗျာ၊ မွေးနေ့ဟုတ်လား"

"ဒီနေ့ ကျွန်တော့်မွေးနေ့ပဲ"

## မိုင်းမရှိတော့ပေမယ့်

## ဝဏ္ဏတည်အောင်ထိန်းပါ

မိုင်း ဒီလိုဖြစ်ရတာ ကျွန်တော့်ကြောင့်ပေါ့ဟု တွေးမိကာ မျက်ရည်များက လိမ့်ဆင်းလာသည်။ အတန်ကြာမှ မိုင်းသတိလည်လာကာ အနည်းငယ်မျက်စိဖွင့်လာသည်၊ အားလုံးက ဝမ်းသာသွားကြကာ "စိတ်တင်းထားနော်၊ သက်သာသွားမှာ" ဟုပြောမိသည်၊ မိုင်းလည်း မျက်ရည်ကျနေသည်။ ကျွန်တော်မျက်ရည်များသုတ်ပေးကာ ကိုယ်တိုင်လည်း မျက်ရည်ကျမိသည်။

"ဘုရားသခင် ကိုယ်တော်ရဲ့ အလိုတော်အတိုင်းပဲပေါ့ ဝဏ္ဏရယ်၊ မိုင်းလေ . . ဝဏ္ဏကို ကိုယ့်မောင်လေးအရင်းလို တကယ်ချစ်တယ် . . ဒါကြောင့် ဆုံးမခဲ့တာပေါ့ . . လိမ္မာပါ . . ဘုရားသခင်ကိုလည်း ဘယ်တော့မှ မမေ့ပါနဲ့နော်"


"စိတ်ချပါ၊ ကျွန်တော် ဂတိပေးပါတယ်"

"မိုင်းမရှိတော့ပေမယ့် ဝဏ္ဏတည်အောင်ထိန်းပါ"

"ဟာ . . မိုင်းကဘာတွေလျှောက်ပြောနေတာလဲ၊ မိုင်းဘာမှမဖြစ်ဘူး"

"မိုင်း သိတာပေါ့ဝဏ္ဏရယ် . ဘုရားသခင်ကိုလည်းဂတိတည်ပါ . . ပြီးတော့ မိုင်းကိုလည်း ဂတိပေးပါနော် . . ဝဏ္ဏရယ် မိုင်းနေရအရမ်းခက်တာပဲ မိုင်းကို ဆုတောင်းပေးပါလား" ဟုကျွန်တော့်ကိုပြောတော့ ကျွန်တော်ဆုတောင်းပေးမိသည်၊ ဆုတောင်းပြီး မဆုံးခင်မှာဘဲ မိုင်းငြိမ်သက်သွားပါတော့သည်။ မိုင်း ကျွန်တော့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကျွန်တော်ကောင်းကောင်းနားလည်သွားပါပြီ။ မိုင်းစိတ်ချပါ၊ ဘုရားရှေ့ မိုင်းရှေ့မှာ ပေးခဲ့တဲ့ဂတိကို ကျွန်တော် တစ်သက်လုံး စောင့်ထိန်းသွားမှာပါ။

ဩော် . . အတွေးတွေလွန်နေလိုက်တာ ဘုရားကျောင်းတက်ဖို့ ခေါင်းလောင်းတောင်ထိုးနေပြီပဲ၊ သူ ဘုရားကျောင်းထဲ တည်ငြိမ်စွာ လှမ်းဝင်သွားသည်။ ❑



'မိုးရွာနေတယ်။ ဝဿန်ကာလ မိုးဦးကျပေါ့။'

အိမ်အပြင်ကို ငေးကြည့်နေတဲ့ကျွန်မ၊ မြင်ကွင်းတစ်ခုကို အာရုံစူးစိုက်ငေးမောကြည့်နေမိတယ်။ ရုန်းသူကရုန်း၊
အတင်းအဓမ္မခိုင်းသူကခိုင်း၊ သွားရာလမ်းခရီးတစ်လျှောက် မွှေနှောက်သွားသူကသွားနဲ့၊ တောင်သူဦးကြီးတွေ တစ်ဝမ်းတခါး
အတွက် နဖူးကချွေး ခြေမကျအောင် ရုန်းကန်နေခြင်း၊ လယ်ထွန်နေတဲ့မြင်ကွင်းလေ။ သာမန်မြင်ကွင်းလေးဖြစ်ပေမယ့်
ဒီနေ့ ကျွန်မအတွက် စူးရှနာကျင်စရာ၊ ဝမ်းနည်းစရာမြင်ကွင်းလေး ဖြစ်နေတယ်။ (အဆွေးဓါတ်ခံပြည့်နေတဲ့ဝန်းကျင်နဲ့
ကျွန်မရဲ့စိတ်ခံစားမှုပေါင်းစုံလို့ဖြစ်လိမ့်မယ်။)

"ကျွန်မ ကျောင်းပြန်တက်ချင်ပြီ။ အမှုတော်ဆောင်ခြင်းလုပ်ငန်းမှာပါဝင်ဖို့ ကျွန်မကိုယ်ကျွန်မ ပြင်ဆင်နေပြီ"

❑ ❑ ❑

အခုတလော ကျွန်မ ခဏခဏမောတယ်။ ကျွန်မ ကိုယ်ခန္ဓာထဲမှာ ဆူးရှိနေတယ်။ ရှင်ပေါလုကလည်း သူ့မှာဆူး
ရှိတယ်တဲ့။ သူ့ရဲ့ဆူး၊ သူ့ရဲ့ဝေဒနာက ကျွန်မလောက်မပြင်းထန်နိုင်ပါဘူး။ ကျွန်မလေ၊ ဒီဆူးရှိနေတဲ့အတွက် ကျွန်မရဲ့
မျှော်လင့်ချက်တွေ ပျက်သုဉ်းလုနီးပါးဖြစ်နေပြီ။ ကျွန်မလေ . . . ငယ်ငယ်လေးထဲက အမှုတော်ဆောင်တစ်ယောက်ဖြစ်ဖို့အ
တွက် စိတ်ဆန္ဒအရမ်းပြင်းပြခဲ့တာပါ။ ဒါပေမယ့် ဘုရားရှင်က ကျွန်မကို အခုချိန်ထိအခွင့်အရေးမပေးသေးဘူး။ လမ်းတစ်
ဝက်မှာပြန်လှည့်ခဲ့ရတယ်။ ဒါပေမယ့် ဘုရားရှင် တစ်နေ့တစ်ချိန်ကျရင် အခွင့်အရေးပေးလိမ့်မယ်။ ဒေသနာဆရာကလည်း
နေရောင်အောက်မှာလုပ်ဆောင်သမျှ သူ့အချိန်နဲ့သူရှိတယ်လို့ ပြောထားတယ်မဟုတ်လား။ ကျွန်မမှာ ယုံကြည်ခြင်းအပြည့်
ရှိတယ်။ တစ်နေ့ ကျွန်မအမှုတော်ဆောင်တစ်ယောက် ဖြစ်ကိုဖြစ်ရမယ်။

❑ ❑ ❑



"သားအိမ်ကင်ဆာတဲ့"

ကျွန်မ ဓမ္မတက္ကသိုလ်တက်နေတုန်း မဖိတ်ခေါ်ဘဲရောက်လာတဲ့ ကျွန်မရဲ့သူငယ်ချင်းလေ။ အချိန်တိုင်း၊ နေရာ
တိုင်းမှာ သူကျွန်မနဲ့အတူတူရှိတယ်။ ကျွန်မသွားတဲ့နေရာသွားတယ်။ ကျွန်မစားတာစားတယ်။ ကျွန်မအိပ်ရင် ကျွန်မနဲ့
အတူလိုက်အိပ်တယ်။ ကျွန်မ သူနဲ့အတူနေရတာ စိတ်ကုန်နေပြီ။ သူနဲ့အတူတူ မနေချင်တော့ဘူး။ ကျွန်မကို အခုတလော
အရမ်းဒုက္ခပေးတယ်။ အခုဆို သူ့ကြောင့် ကျွန်မအိပ်ရာထဲနေရတာ တစ်လနီးပါးရှိပြီ။ သူနဲ့ကျွန်မ မခင်ချင်တော့ဘူး။
ကျွန်မ ကျောင်းတော်ကြီးဆီပြန်သွားချင်ပြီ။

❑ ❑ ❑

"ဒီအချိန်မှာ ကျွန်မအရမ်းပျော်နေတယ်။"

အခုဆို ကျွန်မ ဘုရားရှင်ရဲ့အစေခံတစ်ယောက်၊ အမှုတော်ဆောင်ဖြစ်နေပြီ။ နေ့တိုင်းသီချင်းဆိုရတယ်။ ဂုဏ်
တော်ချီးမွမ်းရတယ်။ ဒါ့အပြင် ကျွန်မပျော်မွေ့တဲ့ တရားဓမ္မတွေကိုသွန်သင်ပေးတဲ့ ဆရာသမားတွေလည်း ကျွန်မ
အနားမှာ အများကြီးပဲ။

"ဟော . . ကျွန်မသွားဖို့အချိန်ရောက်ပြီ။ ခွင့်ပြုဦးနော်"

"ကျွန်မနဲ့ ဆက်သွယ်ချင်လို့လား။ ဒါဆို ကျွန်မအတွက် ဆုတောင်းပေးလေ။ အပြန်အလှန်ဆုတောင်းပေးပြီး
ဆက်သွယ်ကြတာပေါ့။" " ဟင် . . မဟုတ်ဘူးလား"

"ကျွန်မကို တွေ့ချင်တယ်။ ဒါဆိုရင်တော့ ကျွန်မတို့အိမ်ခေါင်းရင်းမှာရှိတဲ့ ဥယျာဉ်လေးထဲမှာ ကျွန်မရဲ့ဂူလေးရှိ
နေလိမ့်မယ်။ ဒါမှမဟုတ်။ ပါရဒိသုဘုံမှာ ကျွန်မတို့ တစ်နေ့တွေ့ကြမယ်လေ . . ." ❑

(ကောင်းကင်ဘုံမှ ကျွန်တော်ရဲ့ ယုံကြည်ခြင်းစံပြ အိုင်ပွားအား ရည်စူးလျက်)

# ဩော် ဟုတ်သားပဲ

အမ်စစ်ငစ်ရှမ် (တိုပင်)

"စိတ်ညစ်တယ်"။ ပန်းပွင့်များသိမ်းရင်း ပါးစပ်မှလည်း ခပ်ကျယ်ကျယ်အော်မိသည်။ ဆာသနာပိုင် တာဝန်ချသောနေရာကိုသိကတည်းကပင် သူမစိတ် မကြည်ချင်၊ ဟုတ်တယ်လေ။ ကျမ်းစာကျောင်းဆင်းကတည်းက ဝေးလံခေါင်သီတဲ့ ရွာတွေမှာပဲကျတာ ဘယ်နှစ်နှစ်ရှိပြီလဲ။ သူမ၏ကျောင်းနေဘက်သူငယ်ချင်းတွေက နိုင်ငံခြား အခေါက်ခေါက်အခါခါ သွားပြီးလို့နေပြီ။ သူမကတော့ မိုးတွေတစွတ်စွတ်ကြား ခြင်ကိုက်၊ မျှော့ကိုက်ကြားထဲက မလွတ်သေး။ တစ်ခါတစ်လေ ကိုယ့်ကိုယ်ကိုပဲ ညံ့လှချည်လားလို့ တွေးပြီးမကျေနပ်။ ဝမ်းနည်းလှသည်။ အခုလည်း တောရွာလေးတစ်ရွာဆီ သွားရတော့မယ်။

"သမီး . . . ပန်းပွင့်တွေသိမ်းတာ အဆင်ပြေရဲ့လား? အမေ ဘာကူရမလဲ" နူးညံ့သော အမေ့ရဲ့အသံကြောင့် ရင်ထဲလှိုက်တက်လာသည်။ ငိုချင်ရက် လက်တို့ဖြစ်နေသည် မဟုတ်လား။ ဒီအမေ၊ ဒီအဖေတွေနဲ့လည်း ဘယ်တော့မှ နွေးနွေးထွေးထွေး၊ နီးနီးကပ်ကပ် နေရတော့မလဲမသိဘူး။ တွေးရင်းနှင့် မျက်ရည်ကတစ်ပေါက်ပေါက်ကျလာသည်။

"ဟင်း ဟင်း သမီးကလည်း ဆရာမကြီး ဖြစ်နေပြီး ကလေးလိုပဲလား သမီးရယ်" အမေက ကျောကိုပွတ်ရင်းပြောကာမှ ရှိုက်ကာရှိုက်ကာငိုမိသည်။ "အမေရဲ့ ဒီတစ်ခါသွားရမှာလည်း အဝေးကြီး၊ ပြီးတော့ အရမ်းခေါင်တာ။ အမေနဲ့အဖေကို လွမ်းနေရတော့မှာ"

"ဩော် . . . မသွားဖူးတာကျနေတာပဲ။ တိတ်ပါ . . . တိတ်ပါ။"

"သမီး . . . ဘာလို့ငိုနေတာလဲ" အဖေက အခန်းသို့ဝင်လာရင်းပြောသည်။ သူမ ဘာမှမပြောပဲ တိတ်တိတ်လေး ရပ်နေမိသည်။

"သမီးက အမှုတော်ဆောင်မဟုတ်ဘူးလား။ ဒီလိုပျော့ညံ့နေလို့ ဘယ်ဖြစ်မလဲ။ ဘယ်လောက်ပဲ ခက်ခဲကြမ်းတမ်းနေပါစေ၊ အမှုတော်ဆောင်ကောင်း တစ်ယောက်ဟာ ဘယ်တော့မှစိတ်မပျက်ရဘူး . . .။" အဖေ့အသံက ခိုင်မာပြတ်သားနေသည်။ "သမီး ကျမ်းစာကျောင်းတက်ဖို့ဆုံးဖြတ်တုန်းက ဘယ်လိုရည်ရွယ်ချက်နဲ့ ဆုံးဖြတ်ခဲ့လဲ။ စဉ်းစားကြည့်ပါဦး။" သူမအဖေကို မော်ကြည့်လိုက်သည်။ အဖေ့မျက်လုံးများ ပြုံးနေသည်။ 'ဟီဟိ' ဟုတ်သားပဲ။ သူမ ကျမ်းစာကျောင်း တက်မယ်ဆိုတုန်းက အဖေတားသေးသည်။ သူမစိတ်ဆင်းရဲတာတွေမခံနိုင်မှာ စိုးလို့လေ။ အဲဒီတုန်းက ဘယ်လိုပဲခက်ခဲ ကြမ်းတမ်းပါစေ အမှုတော်ဆောင်ကောင်းဖြစ်အောင်ကြိုးစားမည်။ မည်သည့်နေရာ၌မဆို ကျေးဇူးတာဝန်ထမ်းဆောင်မည်ဟု ကြုံးဝါးခဲ့ဘယ်မဟုတ်လား။

"ဩော် . . . ဟုတ်သားပဲ " ဟု စိတ်ထဲတွင် ရေရွတ်မိသည်။

သူမ မျက်ရည်သုတ်ပြီး အဖေနှင့်အမေကို ပြုံးပြလိုက်သည်။ ❑

## မပြောင်းလဲခြင်းတရား

တစ်ခါက အမှုတော်ဆောင် သင်းအုပ်တစ်ပါးနှင့် ခရစ်ယာန်အမည်ခံ တပည့်တော်တစ်ဦးတို့ စကားစမြည်ပြောဆိုကြရင်း . . .

သင်းအုပ် ။ "မိတ်ဆွေ . . . ခင်ဗျားရဲ့အသက်တာ ပြောင်းလဲသင့်ပြီ" ဟုဆိုသည်။

တပည့်တော် ။ သင်းအုပ်ကြီး ခင်ဗျား . . "ယေရှုခရစ်သည် မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်အမြဲ မပြောင်းလဲဘဲနေတော်မူ၏ (ဟေဗြဲ ၁၃း၈)" ဟု ပြန်လည်၍ ရွတ်ဆိုပြရင်း . . ကျွန်တော့်အသက်တာလည်း ဒီလိုပါပဲ တဲ့ . . .။

ဆလိုင်းအောင်ရှိန် BTh. IV





# H.C.T.C in 2003-04 Academic Year

**I. In this academic year, the college enrolls with (9) Faculty and (12) adjunct lecturers.**

**A. Faculty**

1. Revd. Mark Saw Maung Doe - Principal
2. Revd. Simon Be Bin Htu - Vice-Principal
3. Revd. Stephen Than Myint Oo - Dean of Studies
4. Revd. Andrew Zaw Lwin - Dean of Students
5. Revd. Reginald Bennett - Lecturer
6. Thra Saw Po Sein - Lecturer
7. Sayama Saga Hkawn Tawng - Lecturer
8. Sayama Khin Swe Oo - Lecturer
9. Sayar Salai Isaac - Lecturer

**B. Adjunct Lecturers**

1. Revd. Daniel Mahn Naung
2. Revd. Samuel Htang Oak
3. Revd. U Kyaw Nyunt
4. Sayargyi Saw Aung Hla Tun
5. Sayar K. Naw Aung
6. Sayar Soe Moe Aung
7. Sayar Wanna Soe
8. Sayama Kareng Tawng
9. Sayama Grace Mee
10. Thramu Sheba Muvin
11. Thramu Amarylla Myatt
12. Sayama May Mya Tun

**C. Faculty who are pursuing Further Study**

1. Revd. Simon Be Bin Htu (D.Min in VST, USA)
2. Revd. Deacon S' San Myat Shwe (Doctoral Programe in Germany)

**II. There are (62) students - (19) females and (43) males.**

**A. Enrollment by Class**

| Year | Female | Male | Total |
|---|---|---|---|
| Special Course | - | 9 | 9 |
| First Year | 8 | 9 | 17 |
| Second Year | 1 | 5 | 6 |
| Third Year | 9 | 10 | 19 |
| Final Year | 1 | 10 | 11 |
| | 19 | 43 | 62 |

**B. Enrollment by Diocese**

| | |
|---|---|
| Myitkyina | = 11 |
| Mandalay | = 8 |
| Taungoo | = 12 |
| Sittway | = 4 |
| Yangon | = 19 |
| Hpa-an | = 8 |

**C. 2002-03 Graduates**

B.Th - 15
L.Th - 1

**III. Staff**

**A. Office**

1. Thramu Naw Mar Tha

**B. Library**

1. Thra Saw John Thet Lwin (Librarian)
2. Sayama Daw Wai Wai Myint (Assistant Librarian)
3. Nant Thandar Win
4. Naw Marcy

**C. Others**

1. Saw Mya Thinn (Driver)
2. S' Aung Thein (Driver)
3. Nant Yee Yee Win (Cook)

## ၂၀၀၃-၂၀၀၄ ပညာသင်နှစ် သင်တန်းသူ သင်တန်းသားများ

| ပထမနှစ် | သာသနာပိုင်နယ် |
|---|---|
| ၁။ ဒေးဗစ်လော့ဒ်အောင် | မြစ်ကြီးနား |
| ၂။ ယောနနော်ဂျာ | 〃 |
| ၃။ အက်စတာလွမ်ရာ | 〃 |
| ၄။ ဂျိမ်းစ်ဟိန်းလတ်ရာဇာ | မန္တလေး |
| ၅။ ရေချယ်တင်နီလှိုင် | 〃 |
| ၆။ စောဘာမူ | တောင်ငူ |
| ၇။ မိုးဇက်ကစိုထော | 〃 |
| ၈။ စောပန်းရွှေ | 〃 |
| ၉။ ခရစ္စတီးနားတကူဖော | 〃 |
| ၁၀။ နော်လွင်သီတာမြင့် | 〃 |
| ၁၁။ စောခရစ္စတိုဖာကျော်ဒိုမူး | ဘားအံ |
| ၁၂။ စောဒေါ်နေထူး | 〃 |
| ၁၃။ နော်ယွာဟော | 〃 |
| ၁၄။ စရဲထွဋ်အောင် | ရန်ကုန် |
| ၁၅။ နန့်ခက်ခိုင်ဦး | 〃 |
| ၁၆။ မိုင်မေရီညွန့် | 〃 |
| ၁၇။ မိုင်တင်မိုးလွင် | 〃 |

| ဒုတိယနှစ် | သာသနာပိုင်နယ် |
|---|---|
| ၁။ ဖရန့်စစ်လောရင့်(စ်) | ရန်ကုန် |
| ၂။ ဒေးဗစ်ဝင်းမြင့်စိုး | မန္တလေး |
| ၃။ စောစိုးပိုင်အေး | တောင်ငူ |
| ၄။ စောဆိုဂေမူး | ဘားအံ |
| ၅။ ပေါလ်လဆမ် | မြစ်ကြီးနား |
| ၆။ မာဂရက်မိုင်းရာ | မြစ်ကြီးနား |

| တတိယနှစ် | သာသနာပိုင်နယ် |
|---|---|
| ၁။ ပေါလ်ဆင်ဝါးနော် | မြစ်ကြီးနား |
| ၂။ မိုက်ကယ်ဘုန်းဇင်အောင် | မြစ်ကြီးနား |
| ၃။ မစီဂျာဆန် | မြစ်ကြီးနား |
| ၄။ နော်မေဖေါ | မန္တလေး |
| ၅။ စောပေါလ်ကညောထူး | တောင်ငူ |
| ၆။ နော်ဘွယ်စေး | တောင်ငူ |
| ၇။ နန့်မြတ်ဆုလင်း | တောင်ငူ |
| ၈။ ဆလိုင်းအိုက်တိမောသေ | စစ်တွေ |
| ၉။ ဆလိုင်းအိုင်ဘူးကို | စစ်တွေ |
| ၁၀။ မောင်အန္တြူးထွန်း | စစ်တွေ |
| ၁၁။ နော်ဟဲဖေဗယ်လင်း | ဘားအံ |
| ၁၂။ စောရစ်ချက်ဂရယ်ဂရီဝေမူး | ရန်ကုန် |
| ၁၃။ စဂျော့စ်မင်းဦး | ရန်ကုန် |
| ၁၄။ စမင်းဇော်ဦး | ရန်ကုန် |
| ၁၅။ ဆလိုင်းမြင့်ဇော် | ရန်ကုန် |
| ၁၆။ နန့်စိုးနှင်းနှင်းအေး | ရန်ကုန် |
| ၁၇။ နန့်မော်လီအောင် | ရန်ကုန် |
| ၁၈။ နော်မြတ်ဆုမွန် | ရန်ကုန် |
| ၁၉။ မိုင်သန္တာမြင့် | ရန်ကုန် |

| စတုတ္ထနှစ် | သာသနာပိုင်နယ် |
|---|---|
| ၁။ သီလနော်အောင် | မြစ်ကြီးနား |
| ၂။ ဒေးဗစ်ထူးလှမ် | မန္တလေး |
| ၃။ စောစိုးမိုးထူးထူးဘော | တောင်ငူ |
| ၄။ စောမက်သျူကူသေး | တောင်ငူ |
| ၅။ ဆလိုင်းအိုက်အောင်ရှိန် | စစ်တွေ |
| ၆။ မောင်တယ်ရီသက်ထွန်း | ရန်ကုန် |
| ၇။ စအန္တြူးရွှေလှစိုး | 〃 |
| ၈။ စခရစ္စတိုဖာမင်းမင်းထွန်း | 〃 |
| ၉။ စဂျိမ်းစ်စည်သူအောင် | 〃 |
| ၁၀။ စဂျော့ကျော်ထက် | 〃 |
| ၁၁။ မိုင်ယင်မာချို | 〃 |

**အားသစ်လောင်းသင်တန်းသားများ**

| | |
|---|---|
| ၁။ သင်းထောက် ရှောလမုန်ဂျေနယ်တန် | မြစ်ကြီးနား |
| ၂။ သင်းထောက် ဂွမ်ဂျပ် | 〃 |
| ၃။ ဘုန်းတော်ကြီးဂျိုးဇက် | မန္တလေး |
| ၄။ ဘုန်းတော်ကြီး ဟမ်းခိုလွမ်း | 〃 |
| ၅။ ဘုန်းတော်ကြီး ဇော်အောင်း | 〃 |
| ၆။ သင်းထောက် ခွါဲလေီယ | ဘားအံ |
| ၇။ သင်းထောက် အဲလဘတ်ထူး | 〃 |
| ၈။ သင်းထောက် လှကီး | 〃 |
| ၉။ ဘုန်းတော်ကြီး ဖဲထူး | တောင်ငူ |

# သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်
## ဒုတိယနှစ်ကျောင်းသူ ကျောင်းသားများ၏
## ကွင်းဆင်းလေ့လာအစေခံမည့်ခရီးစဉ်

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၊ ဒုတိယနှစ်ကျောင်းသူ၊ ကျောင်းသားများသည် ကျောင်းအုပ်ဆရာကြီး Revd. မာကုစောမောင်နီနှင့် ဘာသာရပ်ဆရာ ဦးအောင်လှထွန်းတို့၏ လမ်းညွှန်မှုအရ ၂၀၀၄ ခုနှစ်၊ နွေရာသီ၌ ကွင်းဆင်းလေ့လာအစေခံခရီးစဉ်ထွက်ရမည်ဖြစ်သည်။ ထိုကွင်းဆင်းလေ့လာအစေခံမည့် ခရီးစဉ်အတွက် အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့ ညပိုင်း ကုမ္ပလင်ဝတ် (ညဥ့်အိပ်ရာမဝင်မီ ဘုရားဝတ်) အပြီးတွင် ဆုတောင်းခြင်းဖြင့် အစပြုအားယူနေပါသည်။

•၎င်းခရီးစဉ်အတွက် ဆုတောင်းပေးခြင်းအားဖြင့်သော်လည်းကောင်း၊ အလှူငွေအားဖြင့်သော်လည်းကောင်း၊ ပါဝင်ကူညီဒေသခံအကူအညီလိုသူများအတွက် ပစ္စည်းများပေးကမ်းလှူဒါန်းခြင်းအားဖြင့်သော်လည်းကောင်း ပါဝင်ကူညီနိုင်ပါသည်။

•အသေးစိတ်သိရှိလိုပါက လက်တွေ့ကွင်းဆင်းပညာပေးရေးအစီအစဉ်တာဝန်ခံ Revd. R. Bennett ထံ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**B.Th (II)**
**ကျောင်းသူ ကျောင်းသားများ**
**သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်**

လျှင် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။" (ရော၊ ၁၀:၉)
(င) သန့်ရှင်းသောဝိညာဉ်တော်နှင့်ဆေးကြော၍ဒုတိယမွေးဖွားခြင်းကိုခံယူပြီးအသက်တာသစ်သို့ကူးပြောင်းအသက်ရှင်ရမည်။
"ရှင်ယေရှုက ရေနှင့်ဝိညာဉ်တော်အားဖြင့်မမွေးသောသူမည်သည်ကား ဘုရားသခင်၏နိုင်ငံတော်သို့မဝင်ရဟု ငါအမှန်ဆို၏။" (ယော၊ ၃:၅-၈)

၉။ ရရှိထားသောဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကို ဆက်လက်၍ထိန်းသိမ်းထားပါ။

စစ်မှန်သောခရစ်ယာန်ဘဏ္ဍာစိုးတိုင်းသည် မိမိလက်ခံရရှိထားသော ကယ်တင်ခြင်းဆုကျေးဇူးတည်းဟူသော ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကို ပြန်၍မဆုံးရှုံးသွားစေရန် ထိန်းသိမ်းစောင့်ရှောက်ရမည်။

ကယ်တင်ခြင်းဆုကျေးဇူးကိုရရှိ၍ အသက်တာသစ်၌လိုက်လျှောက်သူတိုင်းအား အသက်တာဟောင်းသို့ပြန်၍သွားရန် စာတန်မာရ်နတ်သည် နည်းအမျိုးမျိုးဖြင့် အစဉ်တစိုက် ကြိုးပမ်းသွေးဆောင်လျက်ရှိနေသည်ကိုသိရမည်။ ထို့ကြောင့် ရှင်ပေတရုက . . .

"သမ္မာသတိရှိလျက် မအိပ်ဘဲ စောင့်နေကြလော့။ သင်တို့၏ရန်ဘက်တည်းဟူသော စာတန်မာရ်နတ်သည် ဟောက်လျက်နေသော ခြင်္သေ့ကဲ့သို့ အဘယ်သူကိုဝါးမျိုရမည်နည်းဟူ၍ လှည့်လည်လျက်ရှိ၏။" (၁ပေ၊ ၅:၈) ဟု သတိပေးထား၏။

ဘုရားသခင်မကြိုက်နှစ်သက်သည့်လမ်းကိုပြန်၍လိုက်ခြင်း၊ ဖောက်ပြန်လမ်းလွဲသည့် ဇာတိပကတိအကျင့်နောက်သို့လိုက်သည့်အသက်တာဖြင့် ပြန်၍အသက်ရှင်ခြင်းကိုပြုပါက ဝိညာဉ်သေဆုံးခြင်းသို့ရောက်မည်ဖြစ်၏။ ထို့ကြောင့် ရှင်ပေါလုက "ဇာတိပကတိအတိုင်းအသက်ရှင်လျှင် သေရမည်" (ရော၊ ၈:၁၃) ဟု ထပ်၍သတိပေးခဲ့ခြင်းဖြစ်၏။

အသက်တာဟောင်း၌ ပြန်၍ကျင်လည်ခြင်းပြုပါက ရရှိထားသောကယ်တင်ခြင်းဆုကျေးဇူးကို ဆုံးရှုံးရုံသာမက ကောင်းကင်နိုင်ငံတော်သို့ဝင်စားခွင့်ကိုပါ ရုပ်သိမ်းခြင်းခံရမည်ဖြစ်၏။ ဤသို့ဖြစ်လာပါက "ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကို လက်ခံရရှိထားသူ" အဖြစ်မှ "ဝမ်းနည်းဘွယ်သတင်းကိုကြေငြာသူ" အဖြစ်သို့ ရောက်သွားမည်ဖြစ်၏။

၁၀။ နိဂုံး ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းနှင့်ထိုက်တန်သောခရစ်ယာန်ဘဏ္ဍာစိုး

ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကို အစဉ်ရင်ဝယ်ပိုက်၍အသက်ရှင်လိုသော ခရစ်ယာန်ဘဏ္ဍာစိုးတစ်ယောက်သည် . . .
(က) အပြစ်ကိုထပ်၍မပြုရန် မိမိကိုယ်ကိုထိန်းသိမ်းစောင့်ရှောက်ရမည်။
(ခ) အပြစ်ကိုထပ်၍ပြုမိပါက ချက်ခြင်းနောင်တရရမည်။
(ဂ) ထပ်၍ကျူးလွန်မိသောအပြစ်အတွက် ဝမ်းနည်းကြေကွဲ၍ ဘုရားသခင်ထံ ချက်ချင်းဝန်ချတောင်းပန်ရမည်။
(ဃ) မိမိ၏အသက်တာဟောင်းကို ပြန်၍မရောက်ရန် တချိန်လုံးထိန်းသိမ်းစောင့်ရှောက်ရမည်။
(င) မိမိနှလုံးသားကိုပြုပြင်၍ သန့်ရှင်းသောဝိညာဉ်တော်ကိုဖိတ်ခေါ်ပြီး ဝိညာဉ်တော်နှင့်ပြည့်ဝသော ရင့်ကျက်သည့် အသက်တာကိုတည်ဆောက်ရမည်။
(စ) သမ္မာကျမ်းစာကို သေချာစွာတတ်သိနားလည်အောင် အစဉ်တစိုက် လေ့လာမှတ်သား၍ သွန်သင်ချက်များနှင့်အညီ လက်တွေ့အသက်ရှင်ရမည်။
(ဆ) ဘုရားသခင်ကို အစဉ်တစိုက်ဝတ်ပြုကိုးကွယ်၍ မိတ်သဟာယပြုနေရမည်။
(ဇ) မိမိရရှိထားသော ပါရမီထူးများကိုအသုံးပြု၍ အသင်းတော်အတွင်း၌ စိတ်ရောကိုယ်ပါကူညီလုပ်ဆောင်ပြီး လူသားများအကျိုးကို သယ်ပိုးဆောင်ရွက်ရမည်။

"လူအပေါင်းတို့သည် ဒုစရိုက်သားများဖြစ်ကြ၍ ဘုရားသခင်ရှေ့တော်၌အသရေပျက်ကြပြီ။ ယေရှုခရစ်၏ ရွေးနှုတ်ကယ်တင်တော်မူခြင်းအားဖြင့် အဖိုးအခမပေးဘဲ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ရောက်ကြ၏" (ရော၊ ၃:၂၃-၂၄)

ဤသည်ပင်လျှင် ဝမ်းမြောက်ဘွယ်သတင်းကောင်းဖြစ်တော့၏။ ❑





# အချစ်တို့ပြင့်
## သီကုံးပွဲ့ဆိုအပ်သော
ရှီးရာထူး

"မင်းရဲ့မျက်ခုံးလေးတွေက သက်တံလေးတစ်စင်းလိုပဲ"
"သွားပါ. . လာမြှောက်မနေနဲ့"
"အဟုတ်ပြောတာပါ။
မိုးရွာတဲ့အခါ သက်တံလေးတွေ ပျောက်ပျောက်သွားသလိုပဲ
ရေစိုတဲ့အခါ မင်းရဲ့မျက်ခုံးလေးတွေလည်း
ပျက်ပျက်သွားတတ်တယ်လေ"

ကျွန်တော့်ချစ်သူတွင် မျက်ခုံးနီနီကွေးကွေးလေးများရှိပါသည်။

"နည်းနည်းတောင့်ထားနော်"
ကျွန်တော်က သူမရဲ့ နားကွင်းလေးနှစ်ကွင်းကို
အသာဖွဖွဆွဲကိုင်လိုက်ရင်းပြောတော့. . .
"ဘာလုပ်မလို့လဲ"
"ရိန်းဘားခိုမလို့လေ"

ကျွန်တော့်ချစ်သူတွင် ရွှေရောင်နားကွင်းလေး နှစ်ကွင်းရှိပါသည်။

●

မင်းရှက်နေရင်
ကိုယ့်ရင်ခွင်
ပုန်းဝင်ခိုလှည့်။

ကျွန်တော့်မှာ ချစ်သူ၏အနမ်းတစ်ပွင့် ရှိပါသည်။

●

"ဆရာမ. .
သခင်ယေရှုက လူငါးထောင်ဆာလောင်နေတော့
ဘာလုပ်ပေးခဲ့လဲ"
"လူငါးထောင်ကို
မုန့်ငါးလုံးနဲ့ ငါးနှစ်ကောင်နဲ့
ကျွေးမွေးခဲ့တာပေါ့. . သားရဲ့"
"ဆရာမရဲ့မုန့်ကို
သားသားဆာတာနဲ့ စားပစ်လိုက်တယ်"

ကျွန်တော့်ချစ်သူသည် ဆန်းဒေးစကူးဆရာမလေးတစ်ဦး ဖြစ်ပါသည်။

●

"ကဲပါလေ. . မထူးတော့ပါဘူး။
နားကနေ လက်ဆီကိုပြောင်းသွားတယ်ပဲ
သဘောထားလိုက်ပါတော့။
ကျွန်မတစ်ယောက်တည်း
ပန်နေမယ့်အစား
နှစ်ယောက်အတူတူဝေမျှခြင်းတစ်မျိုးပေါ့"

ကျွန်တော့်မှာ လက်ထပ်လက်စွပ်တစ်ကွင်းရှိပါသည်။

●

"သူက ကျွန်မကို မယူခင်တုန်းက
ဘာပြောလဲသိလား။
မင်းတို့တစ်မိသားစုလုံးကို တင်ကျွေးထားနိုင်တယ်တဲ့။
ကျွန်မ သူနဲ့ယူပြီး သူ့နောက်လည်းလိုက်ခဲ့ရော
ဘယ်လိုစပြောတယ်အောက်မေ့လဲ
မင်း ထမင်းငတ်ဖူးလားတဲ့။
ကျွန်မက ခေါင်းခါပြတော့
သူက
မင်းတော့ အတွေ့အကြုံသစ်တစ်မျိုးရတော့မယ်တဲ့"

ကျွန်တော်သည် ရွာလေးတစ်ရွာမှ သင်းအုပ်ဆရာတစ်ဦး ဖြစ်ပါသည်။

●


"သားကြီးက ကျမ်းစာဖတ်၊
သမီးလေးက ဝိညာဉ်ရိပ်သာဖတ်၊
အမေကြီးက ဆုတောင်းပေးနော်"
"ဒါဆို အဖေကြီးက ဘာလုပ်မှာလဲ"
"အဖေကြီးက အစီအစဉ်ရေးဆွဲပေးပြီးပြီလေ"

ကျွန်တော့်မှာ ချစ်စရာကောင်းသော မိသားစုတစ်စုရှိပါသည်။

●

"ဖေဖေနဲ့မေမေကို ဘုရားသခင် ကောင်းချီးပေးပါ။
သားသားနဲ့မီးမီးကို ဘုရားသခင်ကောင်းချီးပေးပါ။
လူသားအားလုံး ပျော်ရွှင်ငြိမ်းချမ်းမှုအပေါင်းနဲ့
ပြည့်စုံပါစေ"
"အာမင်"

ရိုးရာထူး


Where there is no vision,
the people break loose.
Proverbs 29:18
design:jonathan(era)2003
မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်
ဗျာဒိတ်ရူပါရုံမရှိလျှင်၊ လူတို့သည် အကျိုးနည်းဖြစ်ကြ၏။
(သုတ္တံ ၂၉း၁၈)